ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ ရက်၊ တနင်္ဂနွေနေ့ (9-2-2014) (၇၇၅၁)

ထူးခြားသည့် ညအပူချိန်များ

ပင်လောင်း	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	၅ ဒီဂရီစင်တီဂရိတ်
ဟားခါး	၅ ဒီဂရီစင်တီဂရိတ်
ပြင်ဦးလွင်	၆ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	၆ ဒီဂရီစင်တီဂရိတ်
နမ့်စန်	၆ ဒီဂရီစင်တီဂရိတ်

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သမ္မတ မစ္စတာ ဂျိုဝါချင်ဂေါက်ခ်၏ ကိုယ်ရေးအကျဉ်း

ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ သမ္မတ မစ္စတာဂျိုဝါချင်ဂေါက်ခ်။

မစ္စစ် ဒါနီလာရှုတ်။

မစ္စတာ ဂျိုဝါချင်ဂေါက်ခ်ကို ၁၉၄၀ ပြည့်နှစ်တွင် ဂျာမနီနိုင်ငံ မက်ကလန်ဖို့ဖောပိုမန်ပြည်နယ်ရှိ ရော့စတော့မြို့၌ မွေးဖွားခဲ့သည်။ အဆင့်မြင့်ပညာဝင်ခွင့်စာမေးပွဲ (Abitur) အောင်မြင်ပြီးနောက် ခရစ်ယာန်ဘာသာကိုလေ့လာခဲ့သည်။ ၁၉၆၅ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်ထိ မက်ကလန်ဘတ်ရှိ ဧဝံဂလိလူသာရင်ဘုရားကျောင်းတွင် သင်းအုပ်ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

သက်ရှည်ကျန်းမာ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပညာဗဟုသုတများကို ဘဝတစ်သက်တာ ရှာမှီးရန် လိုအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် ရမည်းသင်းမြို့ ဝါတိုးရပ်ကွက်၌ ကျင်းပသည့် လူမှုထူးချွန်စာကြည့်တိုက်၊ E-Library နှင့် စေတနာမွန်ကုသိုလ်ဖြစ် ဆေးခန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးကျော်မြင့်၊ မြို့နယ်ပညာရေးမှူး (ငြိမ်း) ဦးစိန်မောင်နှင့် အလှူရှင် အေအေကုမ္ပဏီမှ ဦးမြတ်သင်းအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်က လူမှုထူးချွန်စာကြည့်တိုက်၊ E-Library နှင့် စေတနာမွန်ကုသိုလ်ဖြစ် ဆေးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို စာကြည့်တိုက်အတွင်း၌ ဆက်လက်ကျင်းပရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မြို့တစ်မြို့တည်ဆောက်ရာတွင် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံတည်ဆောက်ရေးလုပ်ငန်းများသည် အထူးပင်အရေးကြီးပါကြောင်း၊ ထို့အတူ မြို့တစ်မြို့ဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်း ထိုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးသည် အရေးကြီးပါကြောင်း။

ထို့ကြောင့် သက်ရှည်ကျန်းမာ၍ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံ့အကျိုးပြု လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ပညာဗဟုသုတများကို ဘဝတစ်သက်တာ ရှာမှီးရန် လိုအပ်ပါကြောင်းဖြင့် အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်က ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင် ဦးမြတ်သင်းအောင်က လူမှုထူးချွန်စာကြည့်တိုက် E-Library နှင့် စေတနာမွန် ကုသိုလ်ဖြစ်ဆေးခန်း ဆောက်လုပ်လှူဒါန်းရခြင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်နှင့် ဆေးခန်းတို့အား ရမည်းသင်းမြို့နယ်သို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှူငွေပေးအပ်ပွဲအစီအစဉ်ကို ဆက်လက်ကျင်းပရာ လွှတ်တော်ဥက္ကဋ္ဌက လူမှုထူးချွန်စာကြည့်တိုက် E-Library အတွက် ငွေကျပ် ၁၀ သိန်းနှင့် စေတနာမွန်

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❍

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း

ကလေး ဖေဖော်ဝါရီ ၈

ကလေးမြို့နယ်ရှိ ရာဇဂြိုဟ်ရေလှောင်တမံဘက်စုံစီမံကိန်းသည် အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းအနီးရှိ ကလေးမြို့နယ် ရာဇဂြိုဟ်ကျေးရွာ၏မြောက်ဘက် နှစ်မိုင်ခန့်အကွာ နေရဥ္စရာမြစ်ပေါ်တွင် တည်ရှိပြီး ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်း၏ အဓိကရည်ရွယ်ချက်မှာ ကလေးမြို့နယ် မြစ်သာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေ ၈၅၀၀ ဧကအား ရေပေးဝေနိုင်ရန်နှင့် ရေအားလျှပ်စစ်ဓာတ်အား ၄ မဂ္ဂါဝပ် ထုတ်ယူရရှိနိုင်ရန်ဖြစ်သည်။

အဆိုပါရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင်လုပ်ငန်းစတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ တမံအမျိုးအစားမှာ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအလျားပေ ၁၃၆၆၀၊ အမြင့် ၁၆၅ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏမှာ ဧကပေ ၅၂၀၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၈၀၀၀နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

ကြေးမုံစာတည်းရှုထောင့် ၉-၂-၂၀၁၄၊ တနင်္ဂနွေနေ့

အမှန်တရား တရားသစ္စာ

လောကတွင် အမှန်တရားဆိုသည်မှာ ထင်ရှားစွာရှိ၏။ ဤမှန်ကန်သော သစ္စာစကားကြောင့် ကြုံတွေ့နေရသောအခက်အခဲများမှ လွန်မြောက်နိုင်ပုံကို ကျမ်းဂန်များ၊ ဇာတ်တော်များ၌ မှတ်သားဖူး၏။ အမှန်တရားသည် ထာဝရ သစ္စာတရားဖြစ်သော်လည်း လူတို့ပယောဂကြောင့် အကျင့်စာရိတ္တများ ပျက်ယွင်းလာသောအခါ အမှန်တရားကို ဥပေက္ခာပြု၍ အမှားဘက်သို့ ယိုင်နဲ့လာတတ်ကြ၏။

ဥပမာအားဖြင့် ရောင်းဝယ်ဖောက်ကားကြရာတွင် အလေးချိန် တင်း၊ တောင်း၊ ပိဿာ၊ ကျပ်သား၊ ဂါလန် စသည်ဖြင့် တိတိကျကျ သတ်မှတ်ထားသော်လည်း လူတို့အနေဖြင့် ယင်းအမှန်တရားအပေါ်တွင် သစ္စာမတည်ကြည် ပျက်ယွင်းလာသောအခါ တစ်ပိဿာမှာလည်း ရှစ်ဆယ်ကျပ်သားဖြစ်၊ တစ်ပြည်မှာလည်း နို့ဆီဘူးရှစ်လုံးမရှိ၊ တစ်ဂါလန်မှာလည်း ခြောက်ပုလင်း မပြည့်တတ်ဖြစ်ကြရသည်။

ယင်းမှာ လောကအမှန်တရားအပေါ် သစ္စာဖောက်ခြင်းပင်ဖြစ်ပါသည်။ ဤသို့ဖြင့် အရာဌာနမျိုးစုံတို့တွင် သစ္စာပျက်ယွင်းခြင်းများ ဖြစ်ပေါ်လာရာမှ လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားများပါ လိုက်ပါ ထိခိုက်ပျက်စီးခြင်းသို့ ရောက်တတ်လေသည်။

ကောင်းသောကိုယ်ကျင့်တရားဆိုသည်မှာ ယေဘုယျအားဖြင့် သစ္စာတရားကို အလေးထားခြင်း၊ ရိုးသား၍ ကြိုးစားခြင်း၊ စိတ်ကောင်းစေတနာကောင်း ရှိခြင်း၊ စည်းကမ်းတကျ နေထိုင်ပြုမူဆောင်ရွက်တတ်ခြင်း၊ မိမိအလုပ်ကို မိမိလေးစားခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ ကျေးဇူးသိတတ်ခြင်း၊ ကြင်နာသနားတတ်ခြင်း စသည်တို့ပင် ဖြစ်သည်။

အမှန်တရားသစ္စာဆိုသည်မှာ ယောကျ်ား၊ မိန်းမဟူ၍ ခွဲခြားသက်ဆိုင်သည်မဟုတ်။ ယောကျ်ားတိုင်း သစ္စာရှိသူမဟုတ်ကြသလို မိန်းမတိုင်းလည်း သစ္စာမဲ့သူများ မဟုတ်ကြပါ။ ထို့ကြောင့် 'မိန်းမသစ္စာ မုသားသာတည်း'ဟုဆိုကြသည်မှာ အခါခပ်သိမ်း မမှန်နိုင်ပါ။ မိန်းမတို့၏ သစ္စာကြီးမားပုံကို 'အမရာ၊ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလ'ဆိုသည့် တော်လေးဝင် ဖြစ်စဉ်များတွင် တွေ့နိုင်ပါသည်။

ထို့ကြောင့် သစ္စာတရားသည်သာ ထာဝရအမှန်တရား၊ လောကပါလတရား ဖြစ်၍ ယောကျ်ား၊ မိန်းမမဟူ သစ္စာတရားကို လက်ကိုင်ပြု၍ ဘဝတွင် အောင်မြင်မှုရရှိအောင်သာ ကျင့်ကြံအားထုတ်သင့်ပါသည်။ သစ္စာတရား လျော့ပါးလာသော မျက်မှောက်ကာလဝယ် လူ့ဘောင်အဖွဲ့အစည်းတွင် နေထိုင်ကြကုန်သော သူတို့သည် သစ္စာတရားကို အပြန်အလှန် မှန်မှန်ကန်ကန် ထိန်းကျောင်းနိုင်အောင် အားထုတ်ကြရမည်ဖြစ်သည်။

တစ်ဖက်နှင့်တစ်ဖက် သစ္စာတရား အပြန်အလှန် ပျက်ယွင်းနေကြပါလျှင် "သံကိုကြွက်စား သားကိုစွန်ချီ"သည့်ကိန်းဆိုက်ပေရာ့မည်။ သံကုန်သည်က မိမိထံအပ်နှံထားသည့် သံများကို အလွဲသုံးစားပြု၍ ကြွက်စားသွားပြီဟု ဆင်ခြေပေးသောအခါ ယင်းစကားကို တေးမှတ်ထားပြီး မိမိနှင့်အတူပါလာသည့် သံကုန်သည်၏သားကို ဝှက်ထားပြီး သားကိုစွန်ချီသွားပြီဟု တုံ့ပြန်ခြင်းသဘော ဥပမာဖြစ်လေသည်။ ဤသို့ဖြင့် တစ်ဖက်နှင့် တစ်ဖက်သစ္စာပျက်ယွင်းခြင်းဖြင့် နောက်ဆုံးတွင် နှစ်ဖက်စလုံး အကျိုးစီးပွား ပျက်ကြသည်သာ အဖတ်တင်ကြသည်။

စင်စစ်နိုင်ငံကြီးတိုင်း၊ မိသားစုအဖွဲ့အစည်းတိုင်းသည် ခက်လက်ဝေဆာ အရိပ်အာဝါသ ကောင်းမွန်လှသည့် ခိုနားချင်ဖွယ်ရာ သစ်ပင်ကြီးနှင့် သဏ္ဌာန်တူပါသည်။ ပြည်သူပြည်သားတို့သည်လည်း ယင်းသစ်ပင်ကြီးတွင် ခိုမှီနေထိုင်ကြသည့် ကျေးငှက်သာရကာများနှင့် တူပါသည်။

ကျေးငှက်တို့အနေဖြင့် မိမိတို့နေထိုင်ရာ သစ်ပင်ကြီးကို မဖျက်ဆီးဘဲ "အရိပ်နေနေ အခက်ချိုးချိုး" မပြုကြသလို နိုင်ငံသားအပေါင်းတို့သည်လည်း မိမိတို့မှီခိုနေထိုင်ရာ မိသားစု၊ အဖွဲ့အစည်းမှအစပြု၍ နိုင်ငံတော်ကြီး အထိ ပျက်စီးရာပျက်စီးကြောင်း မပြုသင့်ကြချေ။ ကျေးဇူးပြုခြင်း၊ သစ္စာစောင့်သိခြင်းသည် လူတိုင်းလူတိုင်း၏ အရေးကြီးသော တာဝန်ကြီးဖြစ်ပါသည်။

ထို့ကြောင့် "သစ္စာသည်သာ အမြတ်ဆုံး"ဟု ရှင်တော်မြတ်ဘုရားက ဟောကြားခဲ့ပါသည်။ သစ္စာတရားဆိုသည်မှာ အထူးကျင့်ကြံအားထုတ်နေရသည့် အရာမဟုတ်ပါ။ "မှန်တာလုပ် ဟုတ်တာပြောခြင်း" သည်ပင် သစ္စာစောင့်ထိန်းခြင်းမည်ပါသည်။

သစ္စာတရားသည် တန်ခိုးအာနိသင်ကြီးမား၏။ လူတစ်ဦးချင်းစီ၏ အလှကို ဆင်နိုင်သကဲ့သို့ မိမိတို့ မိသားစု၊ မိမိအဖွဲ့အစည်း၊ မိမိနိုင်ငံကို အလှဆင်နိုင်ပါသည်။ လောကတစ်ခွင်လုံးကိုလည်း အလှဆင်နိုင်ပါသည်။ ခမ်းနားထည်ဝါ တင့်တယ်စေနိုင်ပါသည်။ ဤသို့ဖြင့် အားလုံးသောသူတို့ကတိသစ္စာတည်ကြည်ကြသောအခါ သာယာလှပသောဘဝ၊ သာယာလှပသော နိုင်ငံတော်ကို ဆောက်တည်နိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

မိုးတားကြီး – ချောင်းဝ – ကျောက်ကြီးရထားလမ်းပိုင်းဖွင့်

နေပြည်တော် ဖေဖော်ဝါရီ ၈

ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော ကသာ-ဗန်းမော်ရထားလမ်းသစ်ဖောက်လုပ်ရေးစီမံကိန်း မိုးတားကြီး-ချောင်းဝ-ကျောက်ကြီးရထားလမ်းပိုင်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် နံနက်ပိုင်းတွင် ကသာမြို့နယ် မိုးတားကြီးဘူတာ၌ ကျင်းပသည်။**(အောက်ပုံ)** ဤလမ်းပိုင်းသည် ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တစ်နည်းအားဖြင့် ပြည်နယ်/ ပြည်မဆက်သွယ်သွားလာရေးတွင် ဒုတိယမြောက် ပေါ်ထွန်းလာသည့် ပြည်ထောင်စုရထားလမ်းမကြီးဖြစ်ကြောင်း၊ ယခင်တစ်ပတ်က မြစ်ကြီးနား-မန္တလေးလမ်းပိုင်းအတွက် ရထားတွဲဆိုင်းသစ်တစ်ခုဖွင့်လှစ်ပေးပြီး ယခုထပ်မံ၍ ပြည်နယ်ချင်းဆက်လမ်းပိုင်းကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ "ပြည်သူတို့ချက်ချင်းလက်ငင်းကောင်းကျိုးခံစားရမည့်လုပ်ငန်းများကို ပွင့်လင်းမြင်သာစွာ၊ ဖြောင့်မတ်မှန်ကန်စွာ၊ သွက်လက်ထက်မြက်စွာဆောင်ရွက်ကြရန်"လမ်းညွှန်ချက်ကို မြန်မာ့မီးရထားက ကြိုးပမ်းအကောင် အထည်ဖော်လိုက်သည့် ရလဒ်တစ်ခုဖြစ်ပါကြောင်းပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးက ပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးနှင့်ကချင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကမန်းဒူနော်တို့က ပြည်ထောင်စုအစိုးရ၏ ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များနှင့်အတူ ဒေသအစိုးရများက ဟန်ချက်ညီညီ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေမှုနှင့်ပြည်သူလူထု၏ အရေးပါသော ကဏ္ဍတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖွင့်ပွဲအထူးရထား၌ စီးနင်းလိုက်ပါကြသည့် ဒေသခံပြည်သူများအား အမှတ်တရလက်ဆောင်များပေးအပ်၍ အထူးရထားနှင့်လိုက်ပါကြသည်။

ယနေ့ဖွင့်လှစ်သည့် မိုးတားကြီး-ချောင်းဝ-ကျောက်ကြီးရထားလမ်းပိုင်းသည် ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း၌ ဒုတိယအကြိမ်ဖွင့်လှစ်သည့် ရထားလမ်းပိုင်းဖြစ်ကာ စီမံကိန်းလမ်းပိုင်း ၉၅ မိုင်ခန့်အနက် ကသာမြို့မှ ကချင်ပြည်နယ် ကျောက်ကြီးဘူတာအထိ လမ်းမိုင် ၃၇ မိုင်ဖွင့်လှစ်ပြီးရထားများပြေးဆွဲနိုင်ပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံးပြီးစီးသွားပါက စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့မှ ကချင်ပြည်နယ် ဗန်းမော်မြို့အထိ ဧရာဝတီအနောက်ဘက်ခြမ်းမှ မန်စီ၊ ရွှေကူနှင့် ဗန်းမော်မြို့နယ်များသို့ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

❐ ပြည်ထောင်စုသမ္မတမှ

ဂျိုဝါချင်ဂေါက်ခ်သည် ငယ်ရွယ်စဉ်ကပင် အရှေ့ဂျာမနီအတိုက်အခံအဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် သူသည် နယူးဖိုရမ်တည်ထောင်သူတစ်ဦးဖြစ်ခဲ့ပြီး ရော့စတော့တွင် ၎င်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူဖြစ်ခဲ့သည်။ သူသည် အရှေ့ဂျာမနီတွင် ကွန်မြူနစ်အုပ်ချုပ်မှုစနစ်အားဆန့်ကျင်သည့်ဘုရားကျောင်းနှင့် လူထုလှုပ်ရှားမှုများကို စတင်ဦးဆောင်သူများတွင် ပါဝင်သည်။ ငြိမ်းချမ်းရေးအတွက် အပတ်စဉ်ဆုတောင်းပွဲများကိုဦးဆောင်ခဲ့ပြီး ထိုမှတစ်ဆင့် ဘာလင်တံတိုင်းပြိုကျစေခဲ့သည့်ဆန္ဒပြမှုများဖြစ်ပွားစေခဲ့သည်။

၁၉၉၀ ပြည့်နှစ် မတ်လတွင် ဂျိုဝါချင်ဂေါက်ခ်သည် လူထုလူတန်းစားပေါင်းစုံပါဝင်သော လှုပ်ရှားမှုအဖွဲ့ (မဟာ မိတ်-၉၀)၏ အဖွဲ့ဝင်အဖြစ် ပထမအကြိမ်လွတ်လပ်စွာကျင်းပပြုလုပ်သည့် အရှေ့ဂျာမနီလွှတ်တော်ရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည်။ နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန ဖျက်သိမ်းခြင်းကိုကြီးကြပ်သည့် အထူးကော်မတီဥက္ကဋ္ဌအဖြစ်လည်းရွေးချယ်ခံခဲ့ရသည်။ ၁၉၉၀ ပြည့်နှစ် အောက်တိုဘာလ ၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ထောက်ခံမှုဖြင့် သမ္မတမှခန့်အပ်သည့် နိုင်ငံတော်လုံခြုံရေးဌာန၏ပုဂ္ဂိုလ်ရေးဆိုင်ရာ စာတွဲများအတွက် အထူးကော်မရှင်နာအဖြစ်ခန့်အပ်ခံရသည်။ ၁၉၉၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်ထိ အရှေ့ဂျာမနီနိုင်ငံတော်လုံခြုံရေးဌာန၏ ထောက်လှမ်းရေးစာတွဲများအတွက် ဖက်ဒရယ်ကော်မရှင်နာအဖြစ် ဆောင်ရွက်ခဲ့သည်။

ဂျိုဝါချင်ဂေါက်ခ်သည် ဗီယင်နာအခြေစိုက် လူမျိုးရေးခွဲခြားခြင်းနှင့် နိုင်ငံခြားသားဆန့်ကျင်မှုများ စိစစ်စောင့်ကြည့်ရေးဆိုင်ရာ ဥရောပသမဂ္ဂစိစစ်ရေးဌာန၏ စီမံခန့်ခွဲမှုဘုတ်အဖွဲ့တွင် ဂျာမန်အဖွဲ့ဝင်အဖြစ် ၂၀၀၁ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ဆောင်ရွက်ခဲ့သည်။

၂၀၀၃ ခုနှစ်တွင် ဒီမိုကရေစီအရေးအတွက်မေ့လျော့မှုဆန့်ကျင်ခြင်းဟုခေါ်သော Gegen Vergessen-Fur Demokratie အဖွဲ့၏ဥက္ကဋ္ဌဖြစ်လာသည်။

၂၀၁၂ ခုနှစ် မတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ (၁၁)ဦးမြောက်သမ္မတအဖြစ် ပြည်ထောင်စုအထွေထွေညီလာခံမှရွေးချယ်ခဲ့သည်။

မစ္စတာဂျိုဝါချင်ဂေါက်ခ်သည်၎င်း၏စွမ်းဆောင်မှုနှင့် ပတ်သက်ပြီး Theodor Heuss တံဆိပ်၊ Geschwister Scholl ဆု၊ Ludwig Borne ဆုနှင့် ဥရောပသမဂ္ဂလူ့အခွင့်အရေးဆုအပါအဝင် ဂုဏ်ပြုဆုတံဆိပ်များစွာရရှိခဲ့သည်။ ၎င်းသည် ရော့စတော့၊ ရေနာနှင့် အော့စဘတ်တက္ကသိုလ်များမှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့များရရှိခဲ့သည်။

မစ္စစ်ဒါနီလာရှုထ်၏ ကိုယ်ရေးအကျဉ်း

မစ္စစ်ဒါနီလာရှုထ်အား ၁၉၆၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ဂျာမနီနိုင်ငံ ဟာနောင်း၌ မွေးဖွားခဲ့သည်။ အဆင့်မြင့် ပညာဝင်ခွင့်စာမေးပွဲ (Abitur)ကို ၁၉၇၈ ခုနှစ်တွင် ဟာနောင်းရှိ ကားလ်ရေဘိုင်းကျောင်းမှ အောင်မြင်ခဲ့သည်။ ယင်းနောက်တွင် သူမသည် နိုင်ငံရေးသိပ္ပံ၊ ဂျာမန်ဘာသာရပ်နှင့် ပြင်သစ်စာပေတို့ကို မိန်းပြည်နယ်ဖရန့်ဖော့မြို့ရှိ ဂျိုဟန်ဝေါ့ဖတ်ဂိုသေး တက္ကသိုလ်တွင် လေ့လာခဲ့ပြီး မဟာဝိဇ္ဇာဘွဲ့ကို ၁၉၈၅ ခုနှစ်တွင် ရရှိခဲ့သည်။

၎င်းသည် ဟာနောင်းဝါ သတင်းဌာနတွင် အလုပ်သင်သတင်းထောက်အဖြစ်စတင်လုပ်ကိုင်ခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် ၎င်းသည် နျူဘာ့ဂါသတင်းစာ၏ အလွတ်တန်းသတင်းထောက်တစ်ဦးအဖြစ် ဆောင်ရွက်ခဲ့သည်။ အလုပ်သင်သတင်းထောက် လေ့ကျင့်သင်ကြားမှုအပြီး ၁၉၉၂ ခုနှစ်တွင် ယင်းသတင်းစာတိုက်၏ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဂျိုဝါချင်ဂေါက်ခ် သမ္မတအဖြစ်ရွေးကောက်မခံရခင်အထိ ပြည်တွင်းနိုင်ငံရေးဌာန၏ အကြီးအကဲအဖြစ် ဆောင်ရွက်ခဲ့သည်။

မစ္စစ်ရှုထ်သည် ၂၀၀၀ ပြည့်နှစ်မှစ၍ ဂျိုဝါချင်ဂေါက်ခ်နှင့်အတူ နေထိုင်ခဲ့ပြီး သားသမီးမရှိပါ။

❖ ကလေးမြို့မှ

ကန်ရေပြည့်ရေပြင်ဧရိယာမှာ ဧက ၉၈၀ ဖြစ်ပြီး ပင်မတမံအလျား ၄၇၄၅ ပေ၊ ကုန်းကျောတမံ သုံးခုတို့၏ အလျားမှာ ၈၉၁၅ ပေရှိသည်။

ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ တမံတည်ဆောက်ခြင်းလုပ်ငန်းတွင် ရေစိမ့်တားနံရံတည်ဆောက်ခြင်း၊ ဘိလပ်မြေသရွက်မှုတ်သွင်းခြင်း၊ ပင်မတမံတည်ဆောက်ခြင်းနှင့် ကုန်းကျောတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့သည်။

ယင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆက်လက်တည်ဆောက်ပြီးစီးမည်ဖြစ်ပြီး ယခုအချိန်တွင် ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းကို ၈၀ ရာခိုင်နှုန်းကျော်၊ သံကူကွန်ကရစ် Ogee Type အမျိုးအစားရေပိုလွှဲအလျား ၅၆၈ ပေ၊ အကျယ်ပေ ၃၅၀ တည်ဆောက်ခြင်းလုပ်ငန်းကို ၈၆ ရာခိုင်နှုန်းကျော်၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းမှာ ၄၁ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်သည်။

ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းသည် ကုန်းကျောတမံ တစ်နေရာတွင် တည်ဆောက်မည်ဖြစ်ပြီး ယင်းအဆောက်အအုံအတွက် ဆည်မြောင်းဦးစီးဌာနနှင့် နိုင်ငံခြားကုမ္ပဏီဖြစ်သည့် C.G. G.Cတို့သည် စာချုပ်ချုပ်ဆိုပြီးဖြစ်သဖြင့် စာချုပ်ချုပ်ဆိုသည့်နေ့မှစ၍ နှစ်နှစ်တာကာလအတွင်းလုပ်ငန်းအဆင့်ဆင့်အားလုံးပြီးစီးရန် လျာထားသတ်မှတ်ကာ ရေအားလျှပ်စစ်အဆောက်အအုံ တည်ဆောက်မှုလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် လျာထားချက်အတိုင်း ပြီးစီးအောင်ဆောင်ရွက်မည်ဖြစ်ပြီး ပြီးစီးပါက ရေအား လျှပ်စစ်ဓာတ်အား ၄ မဂ္ဂါဝပ်ကို ၂ မဂ္ဂါဝပ်နှစ်လုံးဖြင့် နှစ်စဉ်ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၂၁ သန်းထုတ်လွှတ်နိုင်မည်ဖြစ်သည်။

ရာဇဂြိုဟ်ရေလှောင်တမံ၏အမြင့်ကို ၁၀ ပေတိုးမြှင့်ခဲ့ခြင်းနှင့်ရေပိုလွှဲတွင် ၅ပေ Shutter တပ်ဆင်ခြင်းဖြင့် ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ အထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်၍ တိုးချဲ့လယ်မြေဧက ၂၀၀၀ အပါအဝင် စုစုပေါင်းလယ်မြေဧရိယာ ဧက ၈၅၀၀ ခန့်အထိ ရေအပြည့်အဝပေးနိုင်မည်ဖြစ်ပြီး အဆိုပါရေလှောင်တမံ၏ဆည်ရေသောက် ဧရိယာအတွင်းရှိ ကျေးရွာဒေသများ၏ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် အလွန်အရေးကြီးသော လယ်ယာမြေစိုက်ပျိုးရေးလုပ်ငန်းများကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ကလေးမြို့အတွက်လည်း လျှပ်စစ်ဓာတ်အားသွယ်တန်းဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကြီး၏ ခန့်မှန်းခြေကုန်ကျမည့်ငွေမှာ ကျပ်သန်းပေါင်း ၅၄၂၄၄ ကုန်ကျမည်ဖြစ်ပြီး သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ကလေးမြို့နယ် အတွင်းရှိ ပြည်သူလူထုတစ်ရပ်လုံးက မျှော်လင့်တောင့်တလျက်ရှိကြကြောင်း သိရသည်။

(ဂျူနိုင်း)

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❍ ရွှေဖုံးမှ

ကုသိုလ်ဖြစ် ဆေးခန်းအတွက် ငွေကျပ် ၁၅ သိန်းတို့ကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် ဆေးခန်းကော်မတီဥက္ကဋ္ဌ ဦးငွေသိန်းတို့က လက်ခံကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက လူမှုထူးချွန်စာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား Set- Top Box ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က လက်ခံသည်။

ဆက်လက်၍ အလှူငွေများပေးအပ်လှူဒါန်းကြရာ အေအေကုမ္ပဏီမှ ဦးမြတ်သင်းအောင်က စာကြည့်တိုက်အတွက် ပရိဘောဂနှင့် သိန်း ၃၀ ကျော်တန်ဖိုးရှိစာအုပ်၊ စာတမ်းများ၊ E-Library အတွက် ကွန်ပျူတာ၊ အင်တာနက်နှင့် အော်တိုတယ်လီဖုန်းနှင့် သင်ထောက်ကူပစ္စည်းများ၊ ဆေးခန်းအတွက် ပရိဘောဂများ၊ ဆေးခန်းသုံးစမ်းသပ်ကိရိယာများ၊ အထောက်အကူပစ္စည်းများနှင့် ဆေးပစ္စည်းများအတွက် စုစုပေါင်းငွေကျပ်သိန်း ၃၀၀၊ ရမည်းသင်းမြို့ လူမှုထူးချွန်ပညာရေးဖောင်ဒေးရှင်းပညာရည်ချွန်ဆု ပေးအပ်ရန် ကျပ်သိန်း ၁၀၀ ၊ ဒိုက်ဦးမြို့ လူမှုထူးချွန် ဒေါ်ခင်မြင့်မြင့်စာကြည့်တိုက်အတွက် ငွေကျပ်သိန်း ၁၀၀၊ ရမည်းသင်း အသင်း(ရန်ကုန်) ပညာရည်ချွန်ဆု ပေးအပ်နိုင်ရန်အတွက် ငွေကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ဦးဝင်းဆွေနှင့် ဒေါက်တာမြတ်သီတာမြင့်မိသားစုက စာကြည့်တိုက်နှင့် E-Library အတွက် ငွေကျပ် သိန်း ၁၀၀၊ ဦးဇော်မိုးခိုင်နှင့် ဒေါက်တာစောနေနွယ်မိသားစုက ဆေးခန်းအတွက် ကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးဝါးနှင့်ဆေးပစ္စည်းများ၊ ဦးပြည့်စုံအောင်နှင့်ဒေါ်ဇင်မာလွင်မိသားစုက အဆင့်မြင့် E.C.Gစမ်းသပ်စက်နှင့် အထောက်အကူပစ္စည်းများအတွက် တန်ဖိုးငွေကျပ် ၁၅ သိန်း၊ လူမှုထူးချွန်စာကြည့်တိုက်နှင့် E-Library အတွက် ရမည်းသင်းမြို့နယ် အလှူရှင်များမှ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၂၅ သိန်းနှင့် စေတနာမွန် ကုသိုလ်ဖြစ် ဆေးခန်းအတွက်စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၅၅ သိန်းကျော်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လူမှုထူးချွန်စာကြည့်တိုက် E-Library ၊စေတနာမွန်ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲ အမှတ်တရ လက်ဆောင်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်တို့က ပေးအပ်ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် စာကြည့်တိုက်နှင့် ဆေးခန်းအား လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

ညောင်လေးပင်၌ သာသနာ့ဗိမာန်တော်ကြီး ထီးတော်တင်လှူ

ညောင်လေးပင် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၏ မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး ထီးတော်တင်လှူပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၈ နာရီခွဲက သာသနာ့ဗိမာန်ရှေ့၌ ကျင်းပရာ မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌ (သုဓမ္မာ) ဆရာတော် ဘဒ္ဒန္တပညာဇောတနှင့် မြို့နယ်သံဃနာယကဥက္ကဋ္ဌ (ရွှေကျင်) ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသ၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)နှင့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မင်္ဂလာနံနက် ၉ နာရီတွင် ဆရာတော်ကြီးများနှင့်တကွ အလှူရှင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်(ငြိမ်း)နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက သာသနာ့ဗိမာန်တော်ကြီးတွင် ပူဇော်မည့်ရွှေထီးတော်အား စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်ကြသည်။

အဆိုပါ သာသနာ့ဗိမာန်တော်ကြီးသည် အာစီတစ်ထပ်အဆောက်အအုံဖြစ်ကာ ရှေ့မျက်နှာ အကျယ် ၁၃၅ ပေ၊ ရှေ့နောက်အရှည်ပေ ၆၀ အကျယ်အဝန်းရှိကာ အလှူရှင်များနှင့် မြို့သူမြို့သားများ စုပေါင်း၍ ငွေကျပ်သိန်း ၃၀၀၀ ခန့် ကုန်ကျခဲ့ကာ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

နေလင်း (ညောင်လေးပင်)

ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ရုရှားသမ္မတဗလာဒီမာပူတင် တရားဝင်ဖွင့်လှစ်

ဆိုချီ ဖေဖော်ဝါရီ ၈

ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲကို ရုရှားနိုင်ငံ ပင်လယ်နက်အပန်းဖြေစခန်းမြို့ဖြစ်သော ဆိုချီမြို့၌ ဖေဖော်ဝါရီ ၇ ရက်တွင် သမ္မတဗလာဒီမာပူတင်က တရားဝင်ဖွင့်လှစ်ပေးလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် သမ္မတပူတင်နှင့်အတူ ကမ္ဘာ့ခေါင်းဆောင်များကို တွေ့ရစဉ်။

ပင်လယ်နက် ပင်လယ်ကမ်းရိုးတန်းဒေသ ဆိုချီမြို့၌ အသစ်တည်ဆောက်ခဲ့သည့် ဖစ်ရှ်အားကစားပြိုင်ပွဲရုံတွင် ကျင်းပသော ဆောင်းရာသီအိုလံပစ် အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ရုရှားသမ္မတပူတင်နှင့်အတူ ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းနှင့်နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်ဘက်ချ်နာတို့ တက်ရောက်ကြသည်။

အိုလံပစ်မီးရှူးတိုင်ကို ရုရှားလူမျိုးတင်းနစ်အကျော်အမော် မာရီယာရှာရာပိုဗာက အားကစားပြိုင်ပွဲရုံအတွင်းသို့ သယ်ဆောင်လာခဲ့ပြီး ကမ္ဘာကျော် အိုလံပစ် အားကစားသမားများက လက်ဆင့်ကမ်း သယ်ဆောင်ခဲ့ကြသည်။ ဆိုချီအိုလံပစ်အားကစားပြိုင်ပွဲအထိမ်းအမှတ် သယ်ဆောင်သော မီးရှူးတိုင်သည် ကီလိုမီတာ ၆၅၀၀၀ (မိုင် ၄၀၄၀၀)အထိ ခရီးနှင်ခဲ့ပြီးဖြစ်သည်။ အိုလံပစ်မီးရှူးတိုင်ကို ရုရှားလူမျိုး ရွှေတံဆိပ်သုံးဆုရှင် ဟော်ကီကစားသမား ဗလာဒီလက်ဘရက်က ထွန်းညှိပေးခဲ့သည်။

ဖွင့်ပွဲအခမ်းအနားကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြီး အားကစားသမားများ စုဝေးချီတက်ခြင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ရိုးရာဂီတနှင့် အကပဒေသာတို့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်းစသည့် အစီအစဉ်အမျိုးမျိုးဖြင့် ပနံရခဲ့သည်။ သို့ရာတွင် အိုလံပစ်အားကစားအထိမ်းအမှတ် သံကွင်းငါးကွင်းချိတ်ဆက်ထားပုံကို မီးရောင်စုံဖြင့်သရုပ် ဖော်ရာတွင် နှင်းခဲချပ်ကျဆင်းမှုကြောင့် သံကွင်းတစ်ကွင်းမှာ မီးမလင်းသည့် စက်ပိုင်းဆိုင်ရာပြဿနာကို တွေ့ကြုံခဲ့ရသည်။

အိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကမ္ဘာတစ်လွှားမှ ပြည်သူသန်း ၃၀၀၀ ခန့်က ရုပ်မြင်သံကြားမှတစ်ဆင့် စောင့်ကြည့်မည်ဟု ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူများက ပြောကြားသည်။

အိုလံပစ်ပြိုင်ပွဲကို အကြမ်းဖက်သမားများ နှောင့်ယှက်မည်ဟု ခြိမ်းခြောက်မှုများဖြစ်ပေါ်ခဲ့သဖြင့် လုံခြုံရေးတင်းကျပ်စွာဖြင့် ကျင်းပမည်ဖြစ်သည်။ အိုလံပစ်အားကစားပွဲတော် လုံခြုံရေးအတွက် မိမိစိုးရိမ်ပူပန်မိကြောင်း နိုင်ငံတကာအိုလံပစ်ကော်မတီဥက္ကဋ္ဌ သောမတ်ဘက်ချ်နာက ပြောကြားခဲ့သည်။

ထိုစဉ်အတွင်း ယူကရိန်းနိုင်ငံမှ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ပျံသန်းလာသော ခရီးသည်တင်လေယာဉ်တစ်စင်းပေါ်တွင် ခရီးသည်တစ်ဦးက ၎င်း၌ဗုံးပါရှိကြောင်း ပြောကြားကာ လေယာဉ်ကိုဆိုချီမြို့သို့ လမ်းကြောင်းပြောင်း ပျံသန်းပေးရန် တောင်းဆိုခဲ့သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ သို့ရာတွင် အဆိုပါလေယာဉ်သည် အစ္စတန်ဘူလ်မြို့၌ ချောချောမောမောဆင်းသက်လာနိုင်ခဲ့ကြောင်း တာဝန်ရှိသူများက အတည်ပြု ပြောကြားသည်။

ဆိုချီဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲသည် အိုလံပစ်အားကစားပြိုင်ပွဲသမိုင်းတွင် ကုန်ကျစရိတ်အများဆုံး အားကစားပြိုင်ပွဲအဖြစ်သတ်မှတ်ခံရပြီး ဒေါ်လာ၄၅ဘီလီယံအထိ ကျခံသုံးစွဲခဲ့သည်။

ဖေဖော်ဝါရီ ၂၃ ရက်အထိ ၁၆ရက်တိုင်တိုင်ကြာကျင်းပမည့် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲ၌ ဆုတံဆိပ်ပေါင်း ၉၈ ခုချီးမြှင့်ပေးမည်ဖြစ်ပြီး နိုင်ငံတကာမှ အားကစားသမား ၂၉၀၀ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ရိုက်တာ/ကျိုဒို။

ရုရှားသမ္မတပူတင်နှင့် ယူကရိန်းသမ္မတတို့ ဆိုချီအိုလံပစ်ဖွင့်ပွဲ အခမ်းအနားပြင်ပ၌ တွေ့ဆုံ

ဆိုချီ ဖေဖော်ဝါရီ ၈

ရုရှားနိုင်ငံတွင်ကျင်းပသည့် ဆိုချီ ဆောင်းရာသီအိုလံပစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား အစီအစဉ်ပြင်ပတွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပြဿနာ ဝန်းရံပတ်လျက်ရှိသော ယူကရိန်းနိုင်ငံသမ္မတ ဗစ်တာယန်ကိုဗစ်ချ်တို့တွေ့ဆုံခဲ့ကြောင်း နှစ်နိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။

ရုရှားနိုင်ငံ ဆိုချီမြို့၌ကျင်းပသည့် ဆောင်းရာသီအိုလံပစ်ပွဲတော် ဖွင့်လှစ်သည့်အခမ်းအနား ကျင်းပစဉ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်များ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုများအတွက် နှစ်နိုင်ငံတာဝန်ရှိသူများက အတည်ပြု ပြောဆိုမှုများ ပြုလုပ်နိုင်မည်မဟုတ်ဟု ဆိုသည်။

ယူကရိန်းနိုင်ငံတွင် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းခဲ့ပြီးနောက် ရုရှားနိုင်ငံက ယူကရိန်းနိုင်ငံအတွက် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံထောက်ပံ့မည့် အစီအစဉ်ကို ဆိုင်းငံ့ထားခဲ့သည်။ ယူကရိန်းအစိုးရအား ဆန့်ကျင်သည့် လူစုလူဝေးဖြင့် ကန့်ကွက်ဆန္ဒပြမှုများသည် ယမန်နှစ် နိုဝင်ဘာလ နှောင်းပိုင်းအတွင်းကပင်စတင်ဖြစ်ပွားခဲ့သည်။

ယူကရိန်းသမ္မတ ယန်ကိုဗစ်ချ်သည် မော်စကို၏ဖိအားပေးခံခဲ့ရပြီးနောက် ဥရောပသမဂ္ဂနှင့်ကုန်သွယ်ရေးသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးရန် ငြင်းဆန်နေခဲ့သည်။

မဟာမိတ်နိုင်ငံများ ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်ခွင့် ဂျပန်အစိုးရ လုံခြုံရေးကော်မတီ အကြီးအကဲ အကြံပြု

ဝါရှင်တန် ဖေဖော်ဝါရီ ၈

စစ်ရေးအရတိုက်ခိုက်ခံရသော မဟာမိတ်နိုင်ငံများထံမှ စစ်ရေးအကူအညီပေးရန် မေတ္တာရပ်ခံလာပါက မဟာမိတ်နိုင်ငံများအချင်းချင်း ကာကွယ်ရေးအရပူးပေါင်းဆောင်ရွက်ခွင့်ကို အသုံးပြုသင့်သည်ဟု ဂျပန်အစိုးရအဖွဲ့ လုံခြုံရေးကော်မတီ၏ အထက်တန်းတာဝန်ရှိသူတစ်ဦးက ကျိုဒိုသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

မဟာမိတ်နိုင်ငံများ ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်နိုင်ခွင့်ကို အကောင်အထည်ဖော်မည်ဆိုပါက လွှတ်တော်၏ ခွင့်ပြုချက်ကိုရယူရန်လိုအပ်မည်ဖြစ်သည့်အပြင် သက်ဆိုင်ရာနိုင်ငံများကိုလည်း ကြိုတင်အသိပေးသင့်ကြောင်း အစိုးရအဖွဲ့လုံခြုံရေးကော်မတီ၏ ခေတ္တဥက္ကဋ္ဌ ရှိနိချ်ကိုတာအိုကာက ပြောကြားသည်။ ၎င်းသည် ဂျပန်နိုင်ငံတကာတက္ကသိုလ်၏ ဥက္ကဋ္ဌဖြစ်သည်။

ဂျပန်အစိုးရအဖွဲ့လုံခြုံရေးကော်မတီကို ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ဖွဲ့စည်းပေးခဲ့ပြီး လုံခြုံရေးဆိုင်ရာအကြံပြုချက်များပါဝင်သော အပြီးသတ်အစီရင်ခံစာ တစ်စောင်ကို ဧပြီလတွင်အစိုးရအဖွဲ့ထံတင်သွင်းရန် စီစဉ်ထားသည်။

ဂျပန်နိုင်ငံ၏ မဟာမိတ်ဖွဲ့ထားသောနိုင်ငံများထံမှ တိကျပြတ်သားသည့် မေတ္တာရပ်ခံချက်များရှိလာပါက မဟာမိတ်နိုင်ငံများအချင်းချင်း ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်ခွင့်ကို အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံသည် စစ်မက်လိုလားခြင်းမရှိသော နိုင်ငံအဖြစ်ရပ်တည်ခြင်းကြောင့် ကာကွယ်ရေးအရ ပူးပေါင်းဆောင်ရွက်ခွင့်ကို အကန့်အသတ်ဖြင့်အသုံးပြုနိုင်ရန် မိမိတို့ကအကြံပြုမည်ဖြစ်ကြောင်း ကိုတာအိုကာကပြောကြားသည်။ စစ်အေးကာလအတွင်း အမေရိကန်နှင့် ဆိုဗီယက်အုပ်စုတို့အကြား ကာကွယ်ရေးအရ မဟာမိတ်နိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို ရည်ညွှန်းလျက် ယင်းသို့ပြောကြားခြင်းဖြစ်သည်။

ကျိုဒို။

ဂျပန်ပင်လယ်ရေကြောင်း ကာကွယ်ရေးတပ်ဖွဲ့မှ စစ်သင်္ဘောတစ်စင်းကို တွေ့ရစဉ်။

ဆိုချီလေယာဉ်ပြန်ပေးဆွဲမှုတားဆီးနိုင်

အန်ကာရာ ဖေဖော်ဝါရီ ၈

တူရကီနိုင်ငံ၌ သောကြာနေ့တွင် ခရီးသည်လေယာဉ်တစ်စင်းပေါ် ဗုံးတစ်လုံးပါကြောင်း ခြိမ်းခြောက်ပြီး ပြန်ပေးဆွဲ၍ ယင်းနေ့၌စတင်သည့် ဆောင်းရာသီအိုလံပစ်ပြိုင်ပွဲကျင်းပရာ ရုရှားနိုင်ငံ ဆိုချီမြို့သို့ လမ်းကြောင်းပြောင်းပျံသန်းစေခြင်းကို တားဆီးနိုင်ခဲ့ကြောင်း၊ လေယာဉ်သည် ခရီးစဉ်အတိုင်း အစ္စတန်ဘူလ်မြို့သို့ ဆင်းသက်နိုင်ခဲ့ကြောင်း တူရကီအာဏာပိုင်များက ပြောသည်။



ပြန်ပေးဆွဲရန် ကြိုးပမ်းမှုဖြစ်ပွားခဲ့သော တူရကီပီဂါဆပ် လေကြောင်းလိုင်းပိုင် ဘိုးရင်း-၇၃၇-၈၀၀ လေယာဉ် အစ္စတန်ဘူလ်မြို့ရှိ ဘီဟာဂေါ့စင်းလေဆိပ်သို့ ဆိုက်ရောက်လာပြီးနောက် အထူးရဲတပ်ဖွဲ့ဝင်များက ပြန်ပေးသမားကို လက်ရဖမ်းဆီးစဉ်။

ပီဂါဆပ် လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇-၈၀၀ အရပ်ဘက်လေယာဉ်သည် ခရီးသည် ၁၁၀ တင်ဆောင်၍ ယူကရိန်းနိုင်ငံ ခါကော့ဗ်မြို့မှ တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့သို့ ပျံသန်းလာစဉ် ယင်းသို့ပြန်ပေးဆွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လေယာဉ်မှူးက လေယာဉ်ပြန်ပေးဆွဲခံရကြောင်းသတင်းပို့သဖြင့် အက်ဖ်-၁၆ တိုက်လေယာဉ်နှစ်စင်းက ပျံတက်ကာ ခရီးသည်လေယာဉ်ကို အစ္စတန်ဘူလ်ဆာဘီဟာဂေါ့စင်း လေဆိပ်သို့ အန္တရာယ်ကင်းစွာ ဆင်းသက်နိုင်ရန် စောင့်ရှောက်ပေးခဲ့သည်။

လေယာဉ်ပေါ်တွင် ပြန်ပေးသမားဆိုသည့်ယူကရိန်းနိုင်ငံသားကို ဆိုချီမြို့သို့ လေယာဉ်ဆင်းသက်လျက်ရှိသည်ဟု ထင်စေရန် လှည့်စားနိုင်ခဲ့သည်ဟု ဆိုသည်။

အစ္စတန်ဘူလ်မြို့တော်ဝန် ဟူစီးယင်အဆာနီမတ်လူက ခရီးသည်အားလုံးသည် ပြဿနာတစ်စုံတစ်ရာမျှမရှိဘဲ လေယာဉ်ပေါ်မှ ဆင်းနိုင်ခဲ့ကြောင်း၊ အထူးရဲတပ်ဖွဲ့ဝင်များက လေယာဉ်ပေါ်တက်၍ ပြန်ပေးသမားကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း၊ လေယာဉ်ပေါ်၌ ဗုံးမတွေ့ရှိကြောင်းသတင်းထောက်များကို ပြောကြားခဲ့သည်။

၎င်းသည် အရက်သောက်ထားခြင်းမရှိဟုယူဆရကြောင်း၊သို့သော် အခြားတစ်ခုခုကိုမူ သုံးစွဲထားဖွယ်ရာရှိကြောင်း၊ ၎င်းတွင် အိတ်တစ်လုံးပါကြောင်း၊အိတ်ထဲတွင် တစ်ကိုယ်ရေသုံး အီလက်ထရွန်နစ် ပစ္စည်းများနှင့် အခြားအရာများပါကြောင်း မြို့တော်ဝန်က ပြောကြားသည်။

အဆိုပါလေယာဉ် ဆင်းသက်ပြီး သုံးနာရီခန့်အကြာ ဒေသစံတော်ချိန် ည ၉ နာရီတွင် ဆာဘီဟာဂေါ့စင်းလေဆိပ်ကို ပြန်လည်ဖွင့်ပေးခဲ့သည်ဟု တူရကီသတင်းစာဟာရီယက်က ဖော်ပြသည်။

စီအန်အန်/ အေပီ/ဘလွန်းဘတ်။

ပြည်တွင်းရေးရာ

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ၂၀၁၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြီးစီး

နေပြည်တော် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၁၃ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး ဒုတိယနေ့ကို ယမန်နေ့ နံနက် ၉ နာရီတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် သီရိရတနာခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်မြမြက ဆောင်ရွက်ပြီး မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ အမျိုးသမီးရေးရာအဖွဲ့များက လုပ်ငန်းဆိုင်ရာများတင်ပြရာ သဘာပတိက တင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်းက တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များ၏ ၂၀၁၃ ခုနှစ်အတွင်း အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘဝလုံခြုံရေးတို့အတွက် ကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း ဂုဏ်ပြုဆုတံဆိပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ညပိုင်းတွင် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် အဖွဲ့ချုပ်နာယကများဖြစ်ကြသော ဒေါ်နီနီဝင်း၊ ဒေါ်ကျင်ခိုင်၊ ဒေါ်ခင်မိမိ၊ ဒေါ်မြသီဂီနှင့် ဥက္ကဋ္ဌ ဒေါ်မြမြတို့က နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များကို ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာသင်ဆုအတွက် ပညာသင် ထောက်ပံ့ငွေများကို အထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။

ယနေ့နံနက် ၉ နာရီတွင် အစည်းအဝေး တတိယနေ့ကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များ အကြမ်းဖက်ခံရခြင်းများကို အကာအကွယ်ပေးမှုလုပ်ငန်းနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက အတွေ့အကြုံများနှင့် အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ရှေ့လုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက်များကို အတည်ပြုကြပြီး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် အဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ အဋ္ဌမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။**(အောက်ယာပုံ)**

အခမ်းအနားတွင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟံစိန်က ထူးချွန်ကျောင်းသားများအား ဆုချီးမြှင့်ခဲ့ရာ ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာပညာဘာသာရပ် (NA) မှ မတင်ရတနာထွန်းအား တော်ဝင်ရေယာဉ်ဗိသုကာအသင်း (အင်္ဂလန်) (RINA Myanmar Shipyard Award)၏ ရွှေတံဆိပ်ဆုနှင့် ကျပ်တစ်သိန်းကိုလည်းကောင်း၊ ဂျပန်နိုင်ငံ Wealth Ocean International Co., Ltd. ၏ Best Marine Engineer Student Prize ဆုကို ရေကြောင်းအင်ဂျင်နီယာပညာဘာသာရပ် (ME)မှ မောင်ထူးနေဝန်းအား လည်းကောင်း၊ Hutchison Port Holding (Hong Kong)၏ HPH ရွှေတံဆိပ်ဆုနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ဆိပ်ကမ်းအင်ဂျင်နီယာ ပညာဘာသာရပ် (PH)မှ မလီလီဟန်ထွန်းအား လည်းကောင်း၊ ဘာသာရပ်အလိုက် ပညာရည်ချွန်ဆုရရှိသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါမောက္ခချုပ်က ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ရေယာဉ်တည်ဆောက်မှုပညာဘွဲ့ ၈၇ ဦး၊ ရေကြောင်းအင်ဂျင်နီယာဘွဲ့ ၉၆ ဦး၊ ဆိပ်ကမ်းအင်ဂျင်နီယာဘွဲ့ ၆၂ ဦး၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘွဲ့ လေးဦး၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ပညာဘွဲ့ ၇၄ ဦး၊ ရေကြောင်းသိပ္ပံဂုဏ်ထူး ဘွဲ့ ၈၀၊ ရေကြောင်းသိပ္ပံဘွဲ့ နှစ်ဦး၊ ဘွဲ့လွန်ဒီပလိုမာ ၈၅ ဦး စုစုပေါင်း ၄၉၀ တို့အား ဘွဲ့အသီးသီး ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ကို ၂၀၀၂ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပထမအကြိမ်ဘွဲ့နှင်းသဘင် စတင်ကျင်းပကာ ၂၀၁၄ ခုနှစ်အထိ (၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ကျင်းပနိုင်ခဲ့ပြီး ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရ စုစုပေါင်း ၂၄၁၇ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒိုက်ဦး-ကျွန်းကုန်းကျေးရွာဆက်သွယ်ရေး ဂဝံလမ်းသစ်ဖွင့်

ဒိုက်ဦး ဖေဖော်ဝါရီ ၈

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဒိုက်ဦး-ကျွန်းကုန်း ဂဝံလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂ရက် နံနက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်တို့က ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဒိုက်ဦး-ကျွန်းကုန်းဂဝံလမ်းသစ်သည် အရှည် ၂၁၄၇ ပေရှိပြီး ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုငွေကျပ် ၃၈ သိန်း၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် ၁၂ သိန်း စုစုပေါင်း သိန်း ၅၀ ရှိကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ

ဒေါက်တာမောင်သင်း
(မိတ္ထီလာတက္ကသိုလ်)

ကျွန်တော်တို့က အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့တဲ့ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အဆင့်အတန်းမီမီ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံသား တစ်ယောက်အနေနဲ့ ဂုဏ်ယူမိပါတယ်။ အဲဒီထဲမှာ ကျောင်းဆရာတစ်ယောက်အနေနဲ့ စွဲမက်သွားတဲ့ပြကွက်ကတော့ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြကွက်" ပါပဲ။ ဖျော်ဖြေရေးနဲ့အတူ ပညာပေးမှုပါ အတူယှဉ်တွဲလာလို့ပါ။ ပြီးတော့ ဆီးဂိမ်းဆောင်ပုဒ်မှာလည်း Green, Clean & Friendship တဲ့။ ပြကွက်ရော၊ ဆောင်ပုဒ်ရောဟာ ပညာရေးက ထပ်ဖြည့်ပေးရမယ့်အချက်ကို ညွှန်းနေတာပါ။

ယနေ့ ခေတ်ရေ့မှာပြေးနေတဲ့ပညာရပ်တွေထဲမှာ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာ" လည်းပါဝင်ပါတယ်။ အဲဒီပညာရပ်ဟာ ပညာရှင်နဲ့ပညာသင်ယူသူတွေကြားမှာသာ ကျင်လည်ရမယ့်သဘောမဟုတ်ပါ။ လှည်းနေ လှေအောင်း၊ မြင်းဇောင်းမကျန်ရောက်ရှိပြီး လိုက်နာကျင့်သုံးရပါဦးမယ်။ လိုက်နာကျင့်သုံးရတာလည်း ငါးပါးသီလ ခါးဝတ်ပုဆိုးမြဲသလိုပါ။ ငါးပါးသီလမြဲတော့ လူသားတွေ ငြိမ်းချမ်းသာယာမှုရှိသလို " ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျင့်ဝတ်" မြဲပါမှ ဒီကမ္ဘာကြီးပေါ်မှာ နေကြတဲ့လူအပါအဝင် သက်ရှိသတ္တဝါအားလုံး ဆက်လက်အသက်ရှင်ခွင့်ရမယ်။ လူအပါအဝင် သက်ရှိအားလုံးမျိုးသုဉ်းမယ့်ဘေးနဲ့ သဘာဝကပ်ဘေးဆိုးကြီးတွေက ကင်းကြမှာမို့ပါ။ ကမ္ဘာသူ ကမ္ဘာသားအားလုံးပါဝင်ရမယ့်ကိစ္စမို့ ကျွန်တော်တို့လည်းကျန်ခဲ့လို့မရပါ။ "ကျင့်ဝတ်" ဆိုတာ အသိတရားအခြေခံပြီး တစ်ဦးချင်းမှသည် လူမှုအဖွဲ့အစည်းရဲ့ ငြိမ်းချမ်းသာယာမှုကို ပေးအပ်နိုင်စွမ်းရှိပါတယ်။ ထို့အတူ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကျင့်ဝတ်ကလည်း လူ့ဘောင်အဖွဲ့အစည်းတစ်ခုအတွက်သာမကဘဲ သက်ရှိအားလုံးနဲ့ ဤကမ္ဘာမြေ၏လက်ရှိနဲ့ အနာဂတ်ကောင်းကျိုးဖြစ်ထွန်းဖို့ပါ။

အိန္ဒိယသမ္မတကြီး အဗ္ဗဒူကလန်က အိန္ဒိယကို ချောက်ထဲတွန်းချမယ့် မကောင်းဆိုးဝါးကတော့ " ပညာမဲ့ခြင်း" ပါတဲ့။ အဲဒီသမ္မတကြီးရဲ့ အဖြေအတိုင်းပါပဲ။ မုန်တိုင်းနာဂစ်ကြောင့် ဆိုးရွားတဲ့ဒဏ်ကို ကျွန်တော်တို့ သားချင်းတွေခံရတာဟာ ကျွန်တော်တို့ပြည်သူ ပြည်သားတွေ မှာ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာ"မဲ့ခဲ့လို့ပါလို့ ကျွန်တော်မြင်မိပါတယ်။ အဲဒီလို ဆိုးကျိုးတွေနောက်ထပ်မဖြစ်ရအောင် နိုင်ငံသားအားလုံးကို "ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာဖြန့်ဖြူးရေး"အတွက် အဓိကတာဝန်ရှိတာက" ပညာရေး"ပါပဲ။ ပညာရေးကို အကောင်အထည်ဖော်တဲ့နေရာက "ကျောင်း" တွေမို့ ကျောင်းတွေက သင်ကြားပေးရပါမယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ကတည်းက ယူနက်စကိုအဖွဲ့ (UNESCO) နဲ့ အမြဲလက်တွဲဆောင်ရွက်ခဲ့ပါတယ်။ ယူနက်စကိုအဖွဲ့ဟာ " ကုလသမဂ္ဂပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ်" (UNEP) နဲ့ပူးပေါင်းပြီး " ပညာရေးအတွက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာသင်ရိုး" စာအုပ်တွေ ၄၈တွဲ ပြုစုခဲ့ပါတယ်။ ၁၉၈၃ ခုနှစ်မှ ၁၉၉၄ ခုနှစ်ထိပါ။ အဲဒီသင်ရိုးစာအုပ်အတွဲတွေထဲမှာ မူကြို၊ မူလတန်း၊ အလယ်တန်း၊ ကျောင်းပြင်ပပညာရေး၊ ဆရာ ဆရာမနဲ့ ကျောင်းအုပ်တွေအားလုံးနဲ့ဆိုင်ပြီး ကျွန်တော်တို့ဆီမှာ မဖြစ်မနေသင်ပေးရမယ့် အကြောင်းအရာတွေကတော့-

(၁) အခြေခံပညာမူလတန်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာသင်ရိုး
(၂) အခြေခံပညာအလယ်တန်းအတွက် ပတ်ဝန်းကျင် ထိန်းသိမ်းမှုပညာသင်ရိုး
(၃) မူတတန်းပြဆရာ ဆရာမတွေအတွက်ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာသင်ရိုး
(၄) အလယ်တန်းပြဆရာ ဆရာမတွေအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာသင်ရိုး
(၅) အလယ်တန်းကျောင်းအုပ်များအတွက်ပတ်ဝန်းကျင်ထိန်းသိမ်းမှုပညာသင်ရိုးတို့ပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်တော်တို့ဆီက မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းက ကျောင်းသား ကျောင်းသူတွေရဲ့သင်ရိုးတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အကြောင်းပါရှိခဲ့ခြင်းမရှိသလောက်ပါ။ ထို့အတူ ဆရာအတတ်သင်ကောလိပ်သင်တန်းတွေဆီလည်း ယနေ့ထိ ရောက်ခဲ့တယ်လို့ မကြားမိပါ။

မြို့တွေ၊ ရွာတွေရဲ့ပတ်လည်မှာ အနည်းဆုံး တစ်မိုင်လောက်ထူထပ်တဲ့ သစ်တောတွေဝိုင်းပတ်ပြီးတည်ထားခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေက အစိမ်းရောင်ခါးပတ် (Green Belt) လို့ ခေါ်ပါတယ်။ အစိမ်းရောင်ခါးပတ်သစ်တောတွေကို ကျွန်တော်တို့မြို့ရွာ ပတ်ဝန်းကျင်တွေမှာ တည်ထားလေ့မရှိပါဘူး။ တကယ်တော့ အစိမ်းရောင်ခါးပတ်သစ်တောတွေဟာ ရွာ၊ မြို့တွေရဲ့အကာအကွယ်တံတိုင်းကြီးတွေပါ။ လေပြင်းဒဏ်ကာကွယ်သလို စက်ရုံအလုပ်ရုံတွေကထုတ်လွှတ်တဲ့ မီးခိုးငွေ့အညစ်အကြေးတွေ (Emission Particles) ကို သစ်ပင်ရဲ့အရွက်တွေက အမှုန်၊ ဖုန်မှုန်သမျှကိုမြို့ကြီးထဲမဝင်အောင်တားထားတာမို့ လေကိုသန့်စင်ပေးတဲ့လေစစ် (Filter) တွေလည်းဖြစ်ပါတယ်။ ဆိုင်ကလုန်းမုန်တိုင်းရဲ့သဘောဟာ အောက်ခြေညီတဲ့ ပင်လယ်ပြင်မှာစတင်ပြီး လေဖိအားနည်းတဲ့ကုန်းတွင်းပိုင်းကိုဝင်ပြီးတိုက်ခတ်ပါတယ်။ အဲဒီလိုဝင်တဲ့အခါ အောက်ခြေမျက်နှာပြင်မညီညာရင် အားပျော့ပျက်ပြယ်လေ့ရှိပါတယ်။ ညီညာနေတဲ့မြေပြင်အနေအထားက ဆိုင်ကလုန်းကို အားလျော့အောင်မလုပ်နိုင်ပါ။ ဒီရေတောတွေ၊ ရွာကိုကာရံထားတဲ့ အစိမ်းရောင်ခါးပတ်သစ်တောတွေရှိရင် မညီမညာဖြစ်နေတဲ့သစ်တောရဲ့ထိပ် (Canopy) ဟာ ဆိုင်ကလုန်းမုန်တိုင်းကို အားနည်းစေ၊ ပျက်ပြယ်စေပါတယ်။

၂၀၀၈ ခုနှစ် မေလမှာနာဂစ်ဆိုင်ကလုန်းမုန်တိုင်းဟာ ဧရာဝတီကနေ ရန်ကုန်နဲ့ ပဲခူးတိုင်းဒေသကြီးတချို့ကိုဖြတ်ပြီး နောက်ဆုံးမှာတော့ မြေပြင်မညီညာတဲ့တောင်ကုန်းနဲ့ သစ်တောတွေက နာဂစ်ဆိုင်ကလုန်းကိုအားလျော့အောင်လုပ်လိုက်တဲ့အတွက် မြန်မာ-ထိုင်းနယ်စပ်မှာပျောက်ကွယ်သွားပါတယ်။ အထိခိုက်အပျက်စီးဆုံးနေရာက မြေပြန့်လွင်ပြင်နဲ့ စပါးစိုက်ခင်းတွေပေါ်ပြီး သစ်ခုတ်၊ မီးသွေးဖုတ်လို့ ဒီရေတောတွေလျော့နည်းတဲ့ ဧရာဝတီတိုင်းဒေသကြီးရဲ့လွင်ပြင်ဒေသပါ။ လွင်ပြင်ဟာ ဆိုင်ကလုန်းအင်အားကို လျော့နည်းအောင်မလုပ်နိုင်ခဲ့ပါဘူး။ အကယ်၍ ဆိုင်ကလုန်းကို ပျက်ပြယ်အောင်လုပ်တဲ့၊ လေပြင်းကိုကာကွယ်ပေးတဲ့ အစိမ်းရောင်ခါးပတ်သစ်တောတွေနှင့် သဘာဝဒီရေတောတွေသာ လူတွေနေတဲ့ ကျေးရွာနဲ့မြို့ရဲ့ဝန်းကျင်မှာ ထူထူထပ်ထပ်ရှိခဲ့ မယ်ဆိုရင်၊ ပြီးတော့ သဘာဝဒီရေတောတွေ မပျက်မစီးရှိနေမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးမှာ ယခုလို ကျွန်တော်တို့သားချင်း တစ်သိန်းကျော် အသက်ပေးရတဲ့ ကြေကွဲဖွယ်နာဂစ်အဖြစ်ဆိုးကြုံစရာမရှိပါ။ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ပေးတဲ့ အစိမ်းရောင်ခါးပတ်သစ်တောတွေ ကိုယ့်ရွာ၊ ကိုယ့်မြို့ဝန်းကျင်မှာ တည်ထောင်ထားရမယ်ဆိုတာရယ်၊ ဖွံ့ဖြိုးရှင်သန်ပြီးသား သဘာဝဒီရေတောတွေ မပျက်အောင်နဲ့ ဖွံ့ဖြိုးအောင်ထိန်းသိမ်းရမယ်ဆိုတဲ့ "ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာ" ဆရာ၊ ဆရာမတွေလည်း မသိ၊ ကျောင်းသား ကျောင်းသူတွေလည်း နားမလည်ခဲ့တဲ့ ဆိုးကျိုးဒဏ်ကို ခံစားခဲ့ရတာပါ။

မုန်တိုင်းဆိုတာ လေဖိအားနည်းရပ်ဝန်းဆီ အပြင်းတိုက်ခတ်လာတာပါ။ ရုပ်ပိုင်းဆိုင်ရာ လေဖိအားနည်းရပ်ဝန်းနဲ့အတူ လူသားရဲ့ "ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာကိုယ်ခံအားနည်းရပ်ဝန်းပါ" ထပ်ဆင့်လိုက်တော့ မြန်မာ့သမိုင်းရဲ့ အဆိုးရွားဆုံး သဘာဝဘေးအန္တရာယ်ကို မကာကွယ်နိုင်ခဲ့ပါ။ တကယ်တော့ သဘာဝဘေးအန္တရာယ်ကို ပညာရေးက ကြိုတင်ကာကွယ်နိုင်ပါတယ်။ အဲဒီလို ကာကွယ်ရမယ်ဆိုတဲ့ အသိပညာမရှိခဲ့လို့သာ နာဂစ်ဘေးဆိုးထိခဲ့တာလို့ ကျွန်တော်မြင်ပါတယ်။ ယနေ့ နာဂစ်ဒဏ်ခံရတဲ့ဒေသတွေမှာ တည်ဆောက်နေတဲ့ Cyclone Shelter တွေဟာ ဘေးအန္တရာယ်ဖြစ်လာရင် လူအသေအပျောက်နည်းဖို့သာ တတ်နိုင်တဲ့ အင်မတန်ခိုင်ခံ့တဲ့ အဆောက်အအုံတွေပါ။ ဒါပေမယ့် ကျေးရွာတွေ၊ မြို့တွေရဲ့ ပတ်လည်မှာရှိရမယ့် အစိမ်းရောင်ခါးပတ်သစ်တောတွေလိုတော့ မုန်တိုင်းကို ကြံ့ကြံ့ခံမယ်။ ပြီးတော့ အားနည်းအောင်၊ နောက်ဆုံးတော့ ပျက်ပြယ်သွားအောင် စွမ်းဆောင်နိုင်တဲ့ အရည်အသွေးနဲ့တော့ ပြည့်စုံမှုမရှိပါ။ ဒါ့အပြင် သစ်တောတွေရှိတဲ့ အရပ်ဟာ လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်ခြင်းမရှိတာမို့ မုန်တိုင်းဝင်မွှေစရာအကြောင်းမရှိပါ။ ဒါကြောင့်မို့ ဒီရေတောတွေနဲ့ အစိမ်းရောင်ခါးပတ်သစ်တောတွေကိုလည်း Cyclone Shelter နဲ့အပြိုင် တည်ထောင်ဖို့ လိုပါလိမ့်မယ်။ မုန်တိုင်းဒဏ်ခံ ရုပ်ဝတ္ထုများတည်ထောင်တာနဲ့အတူ ပညာရေးကလည်း အဲဒီဒေသကလူတွေအပါအဝင် နောက်မျိုးဆက်တွေပြီးတော့ နိုင်ငံသားအားလုံးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာမဏ္ဍိုင်မြင့်အောင်လည်း ထူထောင်ပေးရပါမယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာကို ကျောင်းတွေမှာ မဖြစ်မနေသင်ကြားပေးနိုင်ပါမှ ဝမ်းနည်းစရာအဖြစ်မျိုး ထပ်မကြုံမှာ။

> "မုန်တိုင်းဒဏ်ခံ ရုပ်ဝတ္ထုများတည်ထောင်တာနဲ့အတူ ပညာရေးကလည်း အဲဒီဒေသကလူတွေအပါအဝင် နောက်မျိုးဆက်တွေပြီးတော့ နိုင်ငံသားအားလုံးကို ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာမဏ္ဍိုင်မြင့်အောင်လည်း ထူထောင်ပေးရပါမယ်"

ယနေ့ တက္ကသိုလ်တွေကို ကမ္ဘာ့အဆင့်သတ်မှတ် (Ranking) တဲ့အချက်ထဲမှာ "စိမ်းလန်းစိုပြည်မှု" ဆိုတာ တစ်ချက်ပါဝင်ပါတယ်။ ၂၀၁၁ ခုနှစ်မှာ အမေရိကန်မှာရှိတဲ့ အထက်တန်းကျောင်း ၂၀၀ က "အစိမ်းရောင်ကျောင်း" (Green School) အဖြစ် အသွင်ပြောင်းကြပါတယ်။ လူငယ်တွေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို သတိပြုပြီး စိတ်ပါဝင်စားဖို့ပါ။ ပြီးတော့ စုပေါင်းပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဆောင်ရွက်နိုင်အောင် ကွန်ရက်ဖွဲ့ဖို့စီစဉ်နေပါသတဲ့။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့နဲ့ ကုမ္ပဏီ ကြီးတွေကပါ "အစိမ်းရောင်ကျောင်းကွန်ရက်" မှာ ပါဝင် လှုပ်ရှားမယ်တဲ့။ ၂၀၀၉ ခုနှစ် ဧပြီလမှာလည်း ဂျာမနီပညာရေးနှင့် သုတေသနဝန်ကြီးဌာနတို့ပူးပေါင်းပြီး "မူဟန်မယွင်းဖွံ့ဖြိုးတိုးတက်တဲ့ ပညာရေးညီလာခံ" (Education for sustainable development) တစ်ခု ဂျာမနီနိုင်ငံ ဘွန်းမြို့မှာကျင်းပခဲ့ပါတယ်။ နိုင်ငံပေါင်း ၁၄၇ နိုင်ငံမှ ကိုယ်စားလှယ်ပေါင်း ၉၀၀ တက်ရောက်ခဲ့ပါတယ်။ ပညာရေးပညာရှင်တွေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တွေက အများစုပါ။ အဲဒီညီလာခံက ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုများနဲ့ ကိုယ်ပိုင်ယဉ်ကျေးမှုကာကွယ်ထိန်းသိမ်းရေးတို့ကို အလေးပေးမည့်ပညာရေးစနစ်တစ်ခုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်တွေ ချမှတ်ခဲ့ပါတယ်။

သို့ဖြစ်၍ ကျွန်တော်တို့ဆီမှာလည်း သစ်တောသစ်ပင်ရဲ့ကျေးဇူးနဲ့ သစ်တောပျက်သုဉ်းခြင်းကြောင့် အဲဒီဆိုးကျိုးကို လူသားနဲ့အခြားသက်ရှိများမည်သို့ခံစားရပုံ၊ ဒါ့အပြင် လေထု၊ မြေထု၊ ရေထုညစ်ညမ်းရတဲ့အကြောင်းနဲ့ ဆိုးကျိုးများ၊ ရေညစ်၊ လေညစ်နဲ့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ကျန်းမာရေးနဲ့ အသက်အန္တရာယ်ထိခိုက်ပုံ၊ သဘာဝဘေးဆိုးအန္တရာယ်ဖြစ်တဲ့ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းခဏခဏထန်ခြင်း၊ အပူလှိုင်းဖြတ်ခြင်းကျရောက်ပြီး လူနဲ့သက်ရှိတွေဒုက္ခရောက်ရပုံ၊ ရေခဲတောင်တွေပျော်လာလို့ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာလို့ ကုန်းမြေရှားပါးလာခဲ့တဲ့ဆိုးကျိုး၊ ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးသီးနှံဖြစ်ထွန်းမှုမဲ့ပြီး ရိက္ခာဖူလုံမှုမရှိတဲ့ အငတ်ဘေးကြုံရပုံစတာတွေကို သင်ပေးရပါမယ်။

အဲဒီဆိုးကျိုးတွေကင်းဝေးအောင်နဲ့ သစ်တောသစ်ပင်မြတ်နိုးသင့်ပုံ၊ လေထု၊ ရေထု၊ မြေထုညစ်ညမ်းစေမယ့် အပြုအမူမျိုးနဲ့ ကမ္ဘာကြီးပူနွေးလာအောင်မလုပ်သင့်ပုံ၊ သက်ရှိတွေဖြစ်တဲ့ တီ၊ ယင်၊ ပုရွက်ဆိတ်၊ ခြ၊ ငှက်၊ မြွေ၊ ကြွက်၊ ယုန်၊ သမင်၊ ကျား၊ ဆင်၊ လိပ် အစရှိတဲ့ သက်ရှိအားလုံးဟာ လူနဲ့တန်းတူ ဤကမ္ဘာမြေပေါ်တွင် အသက်ရှင်ဖို့ အခွင့်အရေးရှိပုံ၊ သူတို့အားမသတ်သင့်ကြောင်း၊ အဲဒီ သတ္တဝါအားလုံးနဲ့ ရေ၊ မြေ၊ တောတောင်ဟာ အမြဲတမ်းအပြန်အလှန်အမှီသဟဲပြုနေကြောင်း၊ တစ်ဖက်စောင်းနင်းဖြစ်တာနဲ့ ဆီးဂိမ်းပြကွက်မှာ တင်ဆက်သွားသလို သဘာဝတရားက ဒဏ်ခတ်တာကို ခံရပြီး ရေကြီး၊ မိုးခေါင်၊ အပူချိန်မြင့်တက်၊ အအေးလွန်၊ မုန်တိုင်းဒဏ်ခံရခြင်းမှာ "လူသားသာတရားခံ" ဆိုတဲ့ အသိတရားရှိဖို့ပါ၊ နောက်ဆုံးတော့ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရမယ့် "ကျင့်ဝတ်"ကို လိုက်နာကျင့်သုံးသည်အထိ လေ့ကျင့်ပေးရပါလိမ့်မယ်။

အဲဒါဟာ ပညာရေးရဲ့တာဝန်ပါပဲ။ ဒါ့ကြောင့် မြန်မာ့ပညာရေးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာကို မူကြိုတန်းမှသည် တက္ကသိုလ်ဘွဲ့ကြို၊ ဘွဲ့လွန်အထိ သင်ရိုးညွှန်းတမ်းတွေရေးဆွဲပြီး သင်ကြားဖို့မလွဲမသွေ လိုပါပြီ။ ယနေ့ပညာရေးဟာ ယခင်ကလို ဗလငါးတန်ပြည့်စုံရုံဖြင့်မလုံလောက်သေးပါ။ မြန်မာ့သင်ရိုးညွှန်းတမ်းတွေမှာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာမပါဝင်သေးသမျှ "နိုင်ငံတကာအဆင့်မီတဲ့ပညာရေး" မဟုတ်သေးတာမို့ ကျွန်တော်တို့ အဲဒါကိုဖြည့်ပြီး သင်ပေးရမယ့်အချိန်လို့ ဆီးဂိမ်းပြကွက်နဲ့ Green ဆောင်ပုဒ်က ဖော်ညွှန်းသတိပေးလိုက်တာပါ။ ပညာရေးဟာကွက်ကို ဖြည့်ကြပါစို့လို့ ထပ်ဆင့်နှိုးဆော်လိုက်ပါရစေ။ ॥

ဘိုးလူရှောင်ဖောင်ဒေးရှင်းက တည်ဆောက်လှူဒါန်းသည့် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၈

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်ဇနီးတို့သည် ဖေဖော်ဝါရီ ၂ ရက်တွင် ရေစကြိုမြို့နယ် ဆင်ချောင်း(စံပြ)ကျေးရွာအထက်တန်းကျောင်းခွဲအတွက် သီရိပျံ့ချီသူရဦးမြင့်မောင်ဦးစီးသော မြေးမြစ်များမှ တည်ထောင်ထားသည့်ဘိုးလူရှောင်ဖောင်ဒေးရှင်းက ဆောက်လုပ်လှူဒါန်းသည့် အလျား ၁၆၂ ပေ၊ အနံပေ ၃၀၊ အမြင့် ၁၅ ပေရှိဘိုးလူရှောင်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ကျေးလက်ဖွံ့ဖြိုးရေးလမ်းဖောက်နေမှုများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုခဲ့သည်။

ရှေးဦးစွာ သီရိပျံ့ချီသူရဦးမြင့်မောင်၊ ဒုတိယဝန်ကြီး ဒေါက်တာစိုင်းကျော်အုန်း၊ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်နိုင်၊ ရေစကြိုမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းနှင့် အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ကျောင်းဆောင်သစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က စက်ခလုတ်နှိပ်၍ ဘိုးလူရှောင်ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကိုဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် **(ယာပုံ)**က ဆင်ချောင်း(စံပြ)ကျေးရွာအထက်တန်းကျောင်းခွဲအတွက် ကွန်ပျူတာလေးလုံး၊ ကျောင်းသုံးစာရေးကိရိယာနှင့် စာအုပ်စာစောင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်းက ၂၁ လက်မတီဗွီတစ်လုံး၊ AIG အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတင်မျိုးထွန်းက ကွန်ပျူတာနှစ်လုံးတို့ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းရီထံ ပေးအပ်လှူဒါန်းကြပြီး ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးအောင်စည်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ ထို့နောက် ဘိုးလူရှောင် ကျောင်းဆောင်သစ်နှင့် ကျောင်းပိုင်မြေကို ဦးလူရှောင်-ဒေါ်အေးကြွယ်၏ မြေးမြစ်များကိုယ်စား မြေးဖြစ်သူ ဦးအောင်စည်က ရေစကြိုမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်မြိုင်ထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းရီနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်သင်းတို့က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ သီရိပျံ့ချီသူရဦးမြင့်မောင်တို့က အမှာစကား ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး မူလတန်းကျောင်းအုပ်များ၏ လစာတိုးမြှင့်ပေးမှု၊ မူလတန်းပြမှ အလယ်တန်းပြအထိ လစာတိုးမြှင့်ပေးမှုများ ဆောင်ရွက်ခဲ့သလို ကျောင်းများကိုလည်း အဆင့်တိုးမြှင့်ပေးခဲ့ရာ ၂၀၁၁ ခုနှစ်မှ ယနေ့အထိ အခြေခံပညာကျောင်းပေါင်း ၄၂၃၈၅ ကျောင်းရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ပညာသင်ဆု (Scholarship) ၂၀၁၃-၂၀၁၄ အထိ ၂၂၄၀၊ ပညာသင်ထောက်ပံ့ကြေး (Stipend) ၂၂၀၂၂ ဦးတို့အား ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစတင်၍ ဘက်စုံထူးချွန်လူငယ် (လူရည်ချွန်) အဋ္ဌမတန်း ကျောင်းသား ကျောင်းသူ ၁၇၀ ကို ပုဂံ၊ ပုပ္ပားသို့လည်းကောင်း၊ နဝမတန်းကျောင်းသား ကျောင်းသူ ၁၇၀ ကို ခေါင်တိုင်အင်းလေးသို့လည်းကောင်း၊ ဒသမတန်း ကျောင်းသူ ၁၇၀ ကို ငွေဆောင်သို့လည်းကောင်း အသီးသီး လေ့လာရေးနှင့် အပန်းဖြေခရီးပို့ဆောင်ပေးခဲ့ကြောင်း၊ ကင်းထောက်လူငယ်ဖွဲ့စည်းမှုကိုလည်း ၂၀၁၂ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ ၂၀၀၀ ထိ ဖွဲ့စည်းပြီးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပညာရည်မြင့်မားစေရန်အတွက် ကျောင်းများတွင် စည်းကမ်း၊ ပညာ၊ စာရိတ္တသုံးခုကို မဏ္ဍိုင်ပြုဖော်ဆောင်လျက်ရှိသကဲ့သို့ မိဘ၊ ဆရာ၊ ကျောင်းသားသုံးဦးသုံးဖလှယ် အဓိကအရေးကြီးကြောင်း၊ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း ပညာရှာ ပမာသူဖုန်းစား၊ အလိမ္မာစာမှာရှိ၊ အချိန်ရှိခိုက်လို့လစိုက်စသည့် ဆောင်ပုဒ်များနှင့် အညီလိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည့်အတိုင်း ကျောင်းသား ကျောင်းသူဘဝကပင် စည်းကမ်းကို တိတိကျကျလိုက်နာကြရန်လိုကြောင်း၊ ကာယအား၊ ဉာဏအားနှစ်ဖြာလုံးတိုးတက်စေရန်အတွက် ကျောင်းအားကစားလုပ်ငန်းစဉ်များကိုလည်း ပိုမိုအချိန်ပေးဆောင်ရွက်စေသင့်ကြောင်း၊ သို့မှသာ ဘက်စုံထူးချွန်သော ကျောင်းသား ကျောင်းသူများ ထွက်ပေါ်လာပြီး နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအပိုင်းအနေဖြင့်လည်း မိမိတပည့်၏ သင်ယူတတ်မြောက်နိုင်မှုသည် ဆရာ၏ကြိုးပမ်းမှု၊ အားထုတ်မှု၊ ကျွမ်းကျင်မှု၊ ဗဟုသုတကြွယ်ဝမှု၊ စိတ်ရှည်သည်းခံမှု၊ ဖြတ်ထိုးဉာဏ်ရှိမှုပေါ်တွင် မူတည်လျက်ရှိရာ ဆရာ ဆရာမများကိုယ်တိုင် မိမိကိုယ်တိုင်တပည့်များကို သင်ကြားပေးရမည့် ဘာသာရပ်တစ်ခုချင်းကို မည်မျှနားလည်တတ်ကျွမ်းသည်ကို အမြဲဝေဖန်သုံးသပ်နေရန်လိုကြောင်း၊ မိမိသင်ကြားရသည့် ဘာသာရပ်နှင့်ပတ်သက်၍ ထုံးလိုမွှေ ရေလိုနှောက်ကျွမ်းကျင်နေရန်လိုအပ်သလို ဆက်နွှယ်နေသည့် အခြားဘာသာရပ်များကိုပါ နှံ့နှံ့စပ်စပ်သိရှိမှသာ မိမိတပည့်များကို အမြင်ကျယ်အောင် သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့သည် မကွေးတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြင့်နိုင်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ တောင်အိုရွာမှ ရှင်မတောင်ပေါ်သို့သွားသော မြေသားလမ်းအား ၁၈ ပေ အကျယ် ကျောက်ချောလမ်း ၁၂ မိုင် ခင်းရန် ဆောင်ရွက်နေမှုများနှင့်ရှင်မတောင်ဒေသတစ်ဝိုက် သောက်သုံးရေ စုဆောင်းနိုင်မည့် နေရာများအား ကြည့်ရှုစစ်ဆေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား ဆေးဝါးများလှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟသ်ာတမြို့နယ်တွင် ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်

ဟသ်ာတ ဖေဖော်ဝါရီ ၈

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဟသ်ာတမြို့နယ် ကျောင်းကွင်းကျေးရွာအုပ်စု ကျောင်းကွင်းကျေးရွာတွင် လေးလက်မအချင်းရှိ တွင်းနက်အမျိုးအစား စက်ရေတွင်း၊ ရေစက်ရုံနှင့် ရေလှောင်ကန်ဆောက်လုပ်ခြင်းလုပ်ငန်းကို ကေခိုင်ဦး ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၇ ရက်က ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇော်လွင်က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို စစ်ဆေး၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံ၍ ကျောင်းကွင်းနှင့် ရွာလေးတန်းကျေးရွာရှိ အိမ်ခြေ ၄၀၀ နှင့် လူဦးရေ ၁၇၈၉ ဦးအား အကျိုးပြုနိုင်မည့် ရေပေးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဝင်းဗိုလ်(မြန်/ဆက်)

သဃ်န်းကျွန်းမြို့နယ်၌ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာသုံးစွဲနိုင်ရေး ထရန်စဖော်မာအသစ်များ တိုးချဲ့တည်ဆောက်

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်၌ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်မှုဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများက ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် ယခုရက်ပိုင်းအတွင်း(င/က) ရပ်ကွက် ဇာဝေယာလမ်းတွင် (၃၁၅) ကေဗွီအေ ထရန်စဖော်မာအသစ်တစ်လုံး တည်ဆောက်၍ ၆ ဒသမ ၆ ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း ပေ ၁၇၀ သွယ်တန်းပြီး ဓာတ်အားလွှတ်ပေးနိုင်ခဲ့သဖြင့် ရပ်ကွက်နေပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ရရှိသုံးစွဲနိုင်ခဲ့ကြသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံးအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သဃ်န်းကျွန်းမြို့နယ်၌ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ ခုနစ်လုံး၊ ၆ ဒသမ ၆ ကေဗွီကောင်းကင်လိုင်း ပေ ၂၈၀၀ နှင့် သုံးသွင်လေးကြိုး ၄၀၀ ဗို့ဓာတ်အားလိုင်း ၁၇၃၀ ပေ အသစ်တိုးချဲ့တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မွေးမွေး (သဃ်န်းကျွန်း)

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များ အခွန်ဆောင်၍ မှတ်ပုံတင်ပြုလုပ်ပေးမည့်ရက် ပြောင်းလဲသတ်မှတ်

နေပြည်တော် ဖေဖော်ဝါရီ ၈

မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား ဖေဖော်ဝါရီ ၁၀ ရက်မှစတင်၍ ဆောင်ရွက်ပေးမည့် အစီအစဉ်အား ဖေဖော်ဝါရီ ၆ ရက်ထုတ် မြန်မာ့အလင်း၊ ကြေးမုံနှင့် မြဝတီသတင်းစာများတွင် ထည့်သွင်းကြေညာခဲ့ပြီး ဖြစ်သည်။

အဆိုပါ စတင်ဆောင်ရွက်ပေးမည့်ရက်ကို ဖေဖော်ဝါရီ ၁၇ ရက်သို့ ပြောင်းလဲထားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



ဂျပန်နှင့် ကိုရီးယားနိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချရန် မျိုးသန့်မျိုးပွားစပ်ထားသော အမယ်သစ်သီးနှံ ဝင်ငွေရတွက်ခြေကိုက်စိုက်ကွင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၈

တောင်သူလယ်သမားများ၏ နေ့စဉ်စိုက်ပျိုးထွက်ရှိသော သီးနှံများ ဈေးကွက်သေချာခိုင်မာစေရန် ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့သို့ ခေတ်မီ အအေးခန်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ် ထုပ်ပိုးတင်ပို့ပြီး ဂျပန်၊ ကိုရီးယားနိုင်ငံတို့၏ ဈေးကွက်လိုအပ်ချက်အရ စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက် ရှာဖွေတင်ပို့လျက်ရှိသည်။

နိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားများအား ချက်ချင်းလက်ငင်း အကျိုးရှိစေပြီး ဝင်ငွေတိုးတက်ရရှိစေသော သီးနှံအမယ်စုံများကို ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုး (One Village,One Product) ပုံစံဖြင့်စီးပွားဖြစ်စိုက်ပျိုးပြီး ဂျပန်နိုင်ငံနှင့်ကိုရီးယားနိုင်ငံများသို့ ဈေးကွက်ရှာဖွေတင်ပို့ရောင်းချနိုင်ရေးနှင့် ရေရှည်အာမခံဈေးနှုန်းဖြင့် ဈေးကွက်ယှဉ်ပြိုင်ရောင်းချနိုင်သည့် စနစ် (Whole Sale Market) တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အခြေခံ အကျဆုံး လိုအပ်ချက်ဖြစ်သည့် ဈေးကွက်ဝင် မျိုးကောင်းမျိုးသန့် အမယ်သစ်သီးနှံများကို စိုက်ပျိုး ထုတ်လုပ်နိုင်ကြရန် မျိုးစေ့များ ဖြန့်ဝေပေးခြင်းနှင့် နည်းပညာပေး ရေးလုပ်ငန်းများကို တစ်ချိန်တည်း တစ်ပြိုင်တည်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာအနီး ဂျပန်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့၏ ဈေးကွက်တို့မှဝယ်ယူရန်ကမ်းလှမ်းထားသည့် အမယ်သစ် ပို့ကုန်သီးနှံ ပိန်းဥ၊ ကန်စွန်းဥ ၊မြေပဲ၊ ကညွတ်၊ နေကြာသီးနှံ မျိုးသန့်မျိုးပွား စိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားနိုင်ငံ မူရင်းမျိုးနှင့် ဂျပန်နိုင်ငံမူရင်းမျိုး မျိုးသန့်မျိုးပွား ပိန်းဥစိုက်ခင်းများနှင့်ကန်စွန်းဥစိုက်ခင်းများကို တစ်ခင်းချင်းအလိုက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မျိုးသန့်မျိုးပွား၊ မြေပဲစိုက်ခင်းကို လည်းကောင်း၊ မျိုးပွားစိုက်ပျိုးရန်အတွက် ကညွတ်မျိုးစေ့များကို အိတ်စနစ်ဖြင့် ပျိုးထောင်ထားရှိမှုများကို လည်းကောင်း ကြည့်ရှုပြီးနောက် သက်တမ်း (၃၀)ရက်သားအရွယ် ရှိနေပြီဖြစ်သော ကညွတ်ပျိုးပင်များ ရှင်သန်ဖြစ်ထွန်းမှုများကို စစ်ဆေးသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာအနီးရှိ တစ်ဆက်တစ်စပ်တည်း ပုလဲသွယ်စပ်မျိုးစပါး (F1)မျိုးစေ့ထုတ် ဧက ၁၀၀ စိုက်ကွင်း ဆောင်ရွက်ရန်အတွက် မြေပြင်ဆင်ခြင်းလုပ်ငန်း လုပ်ဆောင်နေကြသည့် စိုက်ကွင်းများကိုလည်းကောင်း၊ ဟိုတယ်ဇုန်အနီးရှိတစ်ဆက်တစ်စပ်တည်း စက်မှုလယ်ယာမြေ စနစ်ဧက ၃၀၀၀ စိုက်ကွင်း၌ပုလဲသွယ်စပ်မျိုးစပါး (F1) မျိုးစေ့ထုတ် ဧက ၁၀၀ ဆောင်ရွက်ရန် ဆည်ရေများ ပေးလွှတ်နေမှုနှင့် မြေပြုပြင်ဆောင်ရွက်နေသော စိုက်ကွင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဟိုတယ်ဇုန်ရှိ ဟိုတယ်ရွှေပြည်တော် (Hotel Golden Land) ၌ ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးအဖွဲ့ (Korea Rural Development Coporation) မှ စိုက်ပျိုးရေးဦးစီးဌာနသို့ လှူဒါန်းထားသည့် အလေးချိန် တစ်တန်တင်ပို့နိုင်သော အအေးခန်းစနစ်ကားဖြင့် ဟိုတယ်ဇုန်၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ လိုအပ်ချက်ကို သယ်ဆောင်ပေးနေသောကားကို စစ်ဆေးပြီး ထိုကဲ့သို့သောကားများကို နေပြည်တော်ကောင်စီနယ်မြေအတွင်း လက်ရှိစိုက်ပျိုးထုတ်လုပ်နေသော လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နေ့စဉ်အလုံအလောက် တင်ပို့နိုင်ရေးအတွက် ထပ်မံလိုအပ်သည့် အအေးခန်းစနစ်ပါ ကားများကိုဖြည့်တင်းနိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် အရောင်းပြခန်းမှ ဟိုတယ်များသို့ နေ့စဉ်ဖြန့်ဖြူးရောင်းချရေးမှာကြားပြီး ဆိုင်ခန်းအတွင်း ခင်းကျင်းပြသထားသော ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံအမယ်စုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

✻ မြန်မာနိုင်ငံမှ

စစ်အစိုးရအုပ်ချုပ်စဉ်ကာလကဆိုလျှင် တယ်လီကွန်မြူနီကေးရှင်းကို အစိုးရက တင်းတင်းကျပ်ကျပ် ချုပ်ကိုင်ထားခဲ့သည်။ သို့သော် အစိုးရသစ်လက်ထက်တွင် တယ်လီကွန်မြူနီကေးရှင်းအပေါ် ထိန်းချုပ်မှုများ သိသိသာသာ လျော့ကျသွားပြီဖြစ်သည်။

မိုဘိုင်းဖုန်းဈေးနှုန်းများမှာ အဆမတန်မြင့်တက်ခဲ့ပြီး လွန်ခဲ့သည့် ၁၅ နှစ်ကဆိုလျှင် မိုဘိုင်းဖုန်းတစ်လုံး၏တန်ဖိုးမှာ ၁၅ သိန်းခန့် အထိမြင့်တက်ခဲ့သည်။ မြို့ပြတွင်ဖုန်းလိုင်းအနည်းငယ်သာရှိခဲ့ပြီး အခကြေးငွေပေး၍ပြောဆိုရသော ဖုန်းများသာလျှင် ပြည်သူအများစု၏ အားကိုးအားထားရာဖြစ်ခဲ့သည်။

ကျေးလက်ဒေသများတွင် ထို့ထက်ပင်ဆိုးသေးသည်။ ဖုန်းပြောချင်လျှင် နာရီပေါင်းများစွာ စောင့်ဆိုင်းရပြီး ကုန်ကျငွေမှာလည်း ကိစ္စကြီးငယ်ပေါ် မူတည်၍ တစ်နေ့စာ လုပ်အားခလောက်ရှိသည်။ ယခုအခါ တန်ဖိုးနည်းဖုန်းကတ်များ တစ်နိုင်ငံလုံးတွင်စတင်ရောင်းချပေးနေပြီဖြစ်သော်လည်း မဲစနစ်ဖြင့် ရောင်းချပေးခြင်းသာဖြစ်သည်။

ထို့ကြောင့် မဖြစ်မနေလိုအပ်၍ဝယ်ယူရမည့်သူများမှာ မူလတန်ဖိုးထက် ပမာဏမြောက်မြားစွာပေး၍ ဝယ်ယူနေကြရသည်။ တယ်လီနော်ကုမ္ပဏီက မြန်မာနိုင်ငံ၏ ပြန့်ကျဲနေသော ကျေးလက်ဒေသများအထိ ၎င်းတို့ကုမ္ပဏီ၏ ကွန်ရက်ရောက်ရှိဖို့ဆိုသည်မှာ ထင်သလောက် မလွယ်ကြောင်းလည်း ဝန်ခံသွားသည်။

ဘန်ကောက်ရှိ တယ်လီနော်ကုမ္ပဏီ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် တော်အုတ်လန်းက "မြန်မာနိုင်ငံဟာ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေအများကြီးရှိတဲ့နိုင်ငံပါ။ ဒါပေမယ့် ကျွန်တော်တို့အားလုံးပူးပေါင်းပြီး အဖြေရှာသွားရမယ်"ဟု ပြောဆိုသွားသည်။

အူရဒူးကုမ္ပဏီကလည်း ယခုလိုလုပ်ကိုင်ခွင့်ရရှိမှုမှာ အင်မတန်အရေးပါသောသမိုင်းမှတ်တိုင်တစ်ခုဖြစ်ပြီး အဓိကမြို့ကြီးများတွင် ခြောက်လအတွင်းဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း၊ ထိုနောက်ပိုင်းတွင်မှ အခြားဒေသများတွင် ဝန်ဆောင်မှုများဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ပြောဆိုသွားသည်။

(အယ်လ်ဂျာဇီးရား/စီအင်န်အေ)

အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသားဗုဒ္ဓဘာသာဝင်များ ရွှေတိဂုံအထက်ပစ္စယံသို့ တက်ရောက်ဖူးမြော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၈

အသက်(၁၈)နှစ်ပြည့်ပြီးသော ဗုဒ္ဓဘာသာဝင်မြန်မာနိုင်ငံသားများကို ရွှေတိဂုံစေတီတော် အထက်ပစ္စယံသို့ သတ်မှတ်ချက်များနှင့်အညီ တက်ရောက်ဖူးမြော်ခွင့်ပြုထားပြီး ယခု ၂၀၁၄ ခုနှစ်အတွင်း တက်ရောက်ဖူးမြော်ခွင့် ကတ်ပြားထုတ်ပေးထားသူဦးရေ ၂၅၀၀ ရှိကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါအထက်ပစ္စယံသို့ တက်ရောက်ဖူးမြော်လိုပါက ဂေါပကအဖွဲ့တွင် တက်ရောက်ခွင့်ကတ်ပြားရရှိရန် လိုအပ်ပြီး ၂၀၁၃ခုနှစ်က ၈၆၂၄ ကတ်ပြုလုပ်ပေးခဲ့ကာ ၂၀၁၄ ခုနှစ်တွင် ဇန်နဝါရီ ၂၄ ရက် စာရင်းအရ ကတ်ပေါင်း ၂၅၀၀ ပြုလုပ်ပေးခဲ့ပြီး ဖြစ်သည်ဟု သိရသည်။

တက်ရောက်ခွင့်ကတ်ပြားပြုလုပ်ရန် ဂေါပကအဖွဲ့၏သတ်မှတ်ပုံစံကို ပြည့်စုံအောင်ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ကြောင်း၊ လျှောက်လွှာတွင် လွန်ခဲ့သောခြောက်လအတွင်းက လည်ကတုံး အင်္ကျီအဖြူနှင့် တိုက်ပုံဖြင့်ရိုက်ကူးထားသော ၁×၁ ဒသမ ၂၅ လက်မအရွယ် ဓာတ်ပုံနှစ်ပုံ ပူးတွဲတင်ပြရမည်ဖြစ်ပြီး တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မြို့တော်စည်ပင်၊ ဆောက်လုပ်ရေး စသည့် နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက သက်ဆိုင်ရာ ယူနီဖောင်းဖြင့်တင်ပြ လျှောက်ထားနိုင်ကြောင်း၊ လျှောက်ထားသူသည် အသက်(၁၈)နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား ဗုဒ္ဓ ဘာသာဝင်ဖြစ်ရန်လိုအပ်ပြီး လျှောက်လွှာနှင့်အတူ အမျိုးသားမှတ်ပုံတင် (သို့မဟုတ်) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြ၍ မိတ္တူပူးတွဲပါရှိရမည်ဖြစ်ကြောင်း၊ လျှောက်လွှာနှင့်အတူ နေထိုင်ရာရပ်ကွက်နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့မှ အမှန်တကယ် နေထိုင်သူဖြစ်ကြောင်း ထောက်ခံချက်၊ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ကြောင်း ထောက်ခံချက်တို့ပါရှိရမည်ဖြစ်ပြီး လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်တစ်စုံကို ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူကာ အချက်အလက်ပြည့်စုံစွာဖြည့်စွက်၍ အလှူငွေကျပ် ၁၂၀၀ ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မြန်မာနိုင်ငံသို့ လာရောက်၍ သာသနာပြုကာရဟန်းဝတ်နေသော နိုင်ငံခြားသားများအနေဖြင့် တက်ရောက်ဖူးမြော်ခွင့်ရနိုင်မည်မဟုတ်ကြောင်း၊ အထက်ပစ္စယံသို့တက်ရောက်ဖူးမြော်ခွင့်ရရှိသူသည် ဝါတွင်းကာလတွင် စနေ၊ တနင်္ဂနွေ၊ ဥပုသ်နေ့နှင့် အခါကြီးရက်ကြီးများ၊ ဝါပကာလတွင် စနေ၊ တနင်္ဂနွေနှင့်ဗုဒ္ဓဟူးနေ့၊ အခါကြီးရက်ကြီးများတွင် နံနက် ၇ နာရီမှ ညနေ ၄ နာရီအတွင်း တက်ရောက်ခွင့်ရမည်ဖြစ်ကြောင်း၊ စွပ်ကျယ်၊ အင်္ကျီလက်ပြတ်၊ ဘောင်းဘီတို/ရှည်တို့ကို ဝတ်ဆင်တက်ရောက်ခွင့်မပြုဘဲ မြန်မာဆန်ဆန် ဝတ်စားဆင်ယင်၍သာ တက်ရောက်ခွင့်ပြုကြောင်း၊ အထက်ပစ္စယံပေါ် ဟန်းဖုန်းပြောခွင့်မပြုကြောင်း၊ ဆေးလိပ်၊ မီးခြစ်၊ ဖိနပ်၊ ကင်မရာ စသည့် အသုံးအဆောင်ပစ္စည်းများယူဆောင်ခွင့်မပြုဘဲ လုံခြုံရေးဆိုင်ရာ လိုအပ်ချက်အရတာဝန်ရှိသူက မေတ္တာရပ်ခံပါက အထက်ပစ္စယံမှဆင်းသက်ပေးရမည်ဖြစ်ကြောင်း ဂေါပကအဖွဲ့က ရှင်းလင်းပြောကြားသည်။

ထက်ခိုင်(စမ်းချောင်း)

◆ ကျောဖုံးမှ

လူစုံထုတ်ကစားခဲ့သည်။ ဇေယျာရွှေမြေအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၉ မိနစ်တွင် ပြစ်ဒဏ်ဘောမှတစ်ဆင့် တိုက်စစ်မှူး မက်သယူးက သွင်းယူခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)
ရတနာပုံ - တစ်ဂိုး
(ပွန်ဆီကာ)
ရောဝတီ - ဂိုးမရှိ
(KBZ ကွင်း)
ကမ္ဘောဇ - တစ်ဂိုး
(ဇီကိုဗစ်)
ရန်ကုန် - တစ်ဂိုး
(အီမာဆင်)

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
မနောမြေ - Southern
(အောင်ဆန်းကွင်း)
GFA - ချင်း

❒ ဇန်နဝါရီမှ

ဇန်နဝါရီတစ်လတာ ပရီမီယာလိဂ် အကောင်းဆုံးကစားသမားဆုကို ရယူဆွတ်ခူးနိုင်ခဲ့သည့် ဆန်းဒါးလန်းကစားသမား အဒန်ဂျွန်ဆင်သည် ဇန်နဝါရီလအတွင်း ပရီမီယာလိဂ် ပွဲစဉ်လေးပွဲတွင် ဖူလ်ဟမ်အသင်းအား ဆန်းဒါးလန်းအသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်၌ သွင်းယူပေးခဲ့သည့် ဟက်ထရစ်ဂိုးအပါအဝင် တစ်လတာအတွင်း ငါးဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် တစ်လတာအကောင်းဆုံးဆု ရရှိခဲ့ခြင်းဖြစ်သည်။

(နိုင်လင်းကြည်)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုထိပ်တန်းသို့ရောက်ရှိလာသော ဆွီဒင်နိုင်ငံ

ပရိုက်ဝါးတား ဟောက်ကိုပါစ် (PWC)စာရင်းကိုင်ပညာကုမ္ပဏီက ပြုစုထားသော မှတ်တမ်းအရ ကမ္ဘာ့စီးပွားရေး အတောင့်တင်းဆုံးနိုင်ငံ ၄၀ အနက် ဆွီဒင်နိုင်ငံသည် စီးပွားရေးအရရောဖွံ့ဖြိုးတိုးတက်မှုအရပါ ကမ္ဘာ့အဆင့်(၁) နေရာသို့ ရောက်ရှိလာကြောင်း ဆွီဒင်နိုင်ငံမီဒီယာများက ယမန်နေ့က ထုတ်ပြန်ရေးသားခဲ့သည်။

PWC ကုမ္ပဏီ၏ အညွှန်းကိန်းအရ ကမ္ဘာ့ငွေကြေးအကျပ်အတည်းဖြစ်ပေါ်ခဲ့လင့်ကစား ဆွီဒင်နိုင်ငံသည် စီးပွားရေးအဆင့်အတန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအရ အမှတ်ပေါင်း ၇၀ ဒသမ ၅ မှတ်ရရှိနေပြီး ဆွစ်ဇာလန်က ၇၀ ဒသမ ၃မှတ်ဖြင့် ဒုတိယနှင့် စင်ကာပူက ၆၀ ဒသမ ၉ မှတ်ဖြင့် တတိယအသီးသီးရရှိခဲ့ကြကြောင်း PWC ကုမ္ပဏီမှ ထုတ်ပြန်သော ကြေညာချက်တစ်ခု၌ ဖော်ပြပါရှိသည်။

PWC ကုမ္ပဏီ၏ စံနှုန်းပါ တိုင်းထွာချက်များတွင် နိုင်ငံတစ်နိုင်ငံချင်း၏ စီးပွားရေးဖွံ့ဖြိုးမှုနှင့်တည်ငြိမ်မှု၊ လူမှုရေးဆိုင်ရာ တိုးတက်မှုနှင့်ပေါင်းစည်းညီညွတ်မှု၊ ဆက်သွယ်ရေးနည်းပညာ၊ ဥပဒေရေးရာနှင့်တရားရေးအဖွဲ့အစည်း အပြင် ပတ်ဝန်းကျင် ရေရှည်တည်တံ့မှုစသည့်အခြေအနေ(၆)ရပ် အပေါ် အခြေခံထားသည်။

ထို့အတူ ၂၀၀၇ ခုနှစ်က ထုတ်ပြန်သည့် PWC စာရင်းကိုင်ပညာ ကုမ္ပဏီ၏ အညွှန်းကိန်းအရလည်း ဆွီဒင်သည် ထိပ်တန်းမှ ရပ်တည်နေသည်။ PWC ၏ CEO ဖြစ်သူ ပီတာနေလင့်ချ်က အမြင့်ဆုံးအမှတ်ရရှိရန် ဂျီဒီပီ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငွေကြေးဖောင်းပွမှုစသည့် သမားရိုးကျအညွှန်းများကို ပြသရုံဖြင့် မလုံလောက်ကြောင်း၊ အစိုးရနှင့် စက်မှုလုပ်ငန်းနှစ်ရပ်စလုံး အနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု တိုင်းတာသည့် ပုံစံများပြားလာမှုအပေါ် အာရုံစိုက်လာကြရန်လိုကြောင်း ဖွင့်ဟပြောကြားသည်။

(အမ်အင်န်အေ/ဆင်ဟွာ)

တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအလေးထားဆောင်ရွက်လျက်ရှိ

သံတောင် ဖေဖော်ဝါရီ ၈

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များသည် ဂေဘားတိုင်းရင်းသားလူမျိုးစုရေးရာကော်မတီ၏ ဖိတ်ကြားချက်အရ ယမန်နေ့က သံတောင်ကြီးမြို့နယ် လိပ်သိုမြို့နယ်ခွဲ မြသာကုန်းကျေးရွာ၌ ကျင်းပသည့် ၂၀၁၄ သန်းခေါင်စာရင်းဆိုင်ရာ ဂေဘားလူမျိုးတို့၏ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ဂေဘားတိုင်းရင်းသားလူမျိုးစုရေးရာကော်မတီဝင်များ၊ KNU ဒေသခေါင်းဆောင်များ၊ KUPC ခေါင်းဆောင်များ၊ ဘာသာရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူ ၇၀၀ ခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ဂေဘားလူမျိုးသမိုင်းကြောင်း အကျဉ်းတင်ပြခြင်း၊ ၂၀၁၄ သန်းခေါင်စာရင်းဆိုင်ရာ ဂေဘားလူမျိုးစုရေးရာ စာတမ်းတင်ပြခြင်းနှင့် အတည်ပြုခြင်း၊ ကိုယ်စားလှယ်များ၏ ဂေဘားရေးရာနှင့် ပတ်သက်သော သဘောထားတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများနှင့်စပ်လျဉ်းသည့် သဘောထားအမြင်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းဖော်ပြသည့်အတိုင်း "ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်သော နိုင်ငံတော်ဖြစ်ကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဘာသာစာပေယဉ်ကျေးမှုများ ပြုစုပျိုးထောင်ခြင်း၊ တိုးတက်ဖွံ့ဖြိုးမှုအားနည်းသော တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် လူမှုစီးပွားရေးတို့ကို ကူညီဆောင်ရွက်ခြင်း" တို့ဖြစ်ပါကြောင်း၊ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတို့၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုတိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးစာရင်းတွင် ဂေဘားလူမျိုးစုလည်းပါဝင်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများအနေဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးထိပ်ပန်ဆင်ပြီး ဒေသအကျိုး၊ နယ်မြေအကျိုးတိုးတက်ဖွံ့ဖြိုးရန် ဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးများ ချစ်ခင်ရင်းနှီးမှု၊ အပြန်အလှန်ယုံကြည်မှု ပိုမိုဖြစ်ထွန်းစေရန် မလိုလားအပ်သော စည်းလုံးမှုကို ထိခိုက်စေသည့်လုပ်ငန်းများ မပေါ်ပေါက်လေအောင် ထိန်းကျောင်းဆောင်ရွက်စေလိုကြောင်း၊ ယခုအစည်းအဝေး၌ ဂေဘားတိုင်းရင်းသားလူမျိုးစုများ၏ တင်ပြချက်၊ အဆိုပြုချက်၊ ဆုံးဖြတ်ချက်များကို လွှတ်တော်သို့ ဆက်လက်သယ်ဆောင်တင်ပြ အစီရင်ခံသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လုံမှသည် ငြိမ်းချမ်းသော ပြည်ထောင်စုဆီသို့ ပန်းချီပြပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည့် သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်ခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦး၏ ပုံတူများကို ပေါင်းစုပြီး ပန်းချီကားတစ်ချပ်အဖြစ် ဖန်တီးရေးဆွဲထားသည့် "ပင်လုံမှသည် ငြိမ်းချမ်းသော ပြည်ထောင်စုဆီသို့" ခေါင်းစဉ်ဖြင့် ပြသသောပန်းချီပြပွဲသို့ ယနေ့တွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်းရှိ Myanmar Peace Center (ငြိမ်းချမ်းရေးစင်တာ)၌ ကျင်းပသည်။

ပန်းချီကား ရေးဆွဲရခြင်းနှင့် ပတ်သက်၍ ဦးစိုင်းလင်းမြတ်က "ပြည်ထောင်စုနေ့လည်း ရောက်လာတော့မယ်၊ ပြည်ထောင်စုနေ့ဆိုတာနဲ့ ပင်လုံစာချုပ်ကပါလာပြီး ပင်လုံစာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့သူတွေ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေ ဒီပုဂ္ဂိုလ်တွေပေါ့နော်၊ သူတို့အကြောင်းက ပါလာပြီလေ၊ သူတို့ရဲ့ ပုံရိပ်တွေကို တစုတစည်းတည်း မြင်စေချင်တဲ့ စိတ်ရယ်၊ ပြီးတော့ ပင်လုံမှာ လက်မှတ်ရေးထိုးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကို ယနေ့ခေတ် လူငယ်လူရွယ်တွေ ဗဟုသုတရစေချင်တာကြောင့်ပါ" ဟု ရှင်းပြသည်။

အဆိုပါ ပန်းချီပြပွဲ၌ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးခဲ့ကြသည့် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင် ၂၃ ဦး၏ ကိုယ်ရေးအတ္ထုပ္ပတ္တိများကိုလည်း ဗဟုသုတဖြစ်ဖွယ် ပြသထားသည်။ ပြပွဲကာလမှာ ဖေဖော်ဝါရီ ၈ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နံနက် ၁၀နာရီမှ ညနေ ၆နာရီအတွင်း မည်သူမဆိုအခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **(သီသီမင်း)**

နည်းပညာမြင့်မာဇဒါယာဉ်များ အရစ်ကျရောင်းမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

ဈေးကွက်စီးပွားရေးစနစ်ဖော်ဆောင်လာမှုနှင့်အတူ မော်ဒယ်မြင့် နည်းပညာမြင့် မော်တော်ယာဉ်များအား ဈေးကွက်အတွင်း တင်သွင်းလျက်ရှိကြရာ နည်းပညာသစ်ဖြင့် ထုတ်လုပ်တင်သွင်းလာသော မာဇဒါမော်တော်ယာဉ်များကို ယခုလဒုတိယပတ်အတွင်း သုံးစွဲလိုသူပြည်သူများသို့ အရစ်ကျစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပညာသစ်ဖြင့် ထုတ်လုပ်ရောင်းချမည့် မော်တော်ယာဉ်များမှာ မာဇဒါ CX5 မာဇဒါ 6 နှင့် မာဇဒါ BT50၊ မာဇဒါ CX9 နှင့် မာဇဒါ 2 မော်တော်ယာဉ်များဖြစ်သည်။

"မာဇဒါဆိုတဲ့ နာမည်က မြန်မာနိုင်ငံမှာ အရင်ကတည်းက လူသိများပြီး ထင်ရှားတဲ့ကားအမျိုးအစားပါ၊ ဈေးကွက်ကနေ အချိန်ကြာမြင့်စွာ ပျောက်ဆုံးသွားပြီးမှ အခုနည်းပညာသစ်တွေနဲ့ ပြန်လည်ထိုးဖောက်လာတာပါ" ဟု မာဇဒါကုမ္ပဏီမှ တာဝန်ရှိသူ မစ္စတာသောမတ်လင်းက ပြောကြားသည်။

မော်တော်ယာဉ်များအား အရစ်ကျဝယ်ယူလိုသူများအနေဖြင့် ယာဉ်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်းကိုသာ လက်ငင်းပေးချေရမည်ဖြစ်ပြီး ကျန်ငွေကို ရောဝတီဘဏ်နှင့် ချိတ်ဆက်ကာ အရစ်ကျဝယ်ယူနိုင်မည်ဖြစ်သည်။ လက်ငင်းဝယ်ယူလိုသူများကိုလည်း ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ချပေးမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ ဂျန်းရှင်းစကွဲယား၌ ပြသရောင်းချမည်ဖြစ်ကာ ဝယ်ယူမည့်သူကိုယ်တိုင် စမ်းသပ်မောင်းနှင်ခွင့်ပြုမည်ဖြစ်ကြောင်း ဈေးကွက်မန်နေဂျာ ဒေါ်သက်စုမွန်က ပြောကြားသည်။

(ကိုကြီးကျော်)

၂၀၁၃ ခုနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး၌ ယခင်နှစ်ထက်မီးလောင်မှုနှင့် ဆုံးရှုံးမှုတန်ဖိုးမြင့်မား

မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး ခုနစ်ခရိုင်အတွင်း ၂၀၁၂ ခုနှစ်တွင် မီးလောင်မှု ၁၆၄ ကြိမ် ဖြစ်ပွားခဲ့ရာ ကျပ်သန်း ၁၆၇ ဒသမ ၃၃၅ ခန့်ဆုံးရှုံးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂၄၈ ကြိမ် မီးလောင်မှုဖြစ်ပွားခဲ့ရာ ကျပ်သန်း ၁၂၂၇ ဒသမ ၇၄၆ ဆုံးရှုံးခဲ့သည်။ ၂၀၁၃ ခုနှစ်အတွင်း မီးလောင်မှုသည် ၂၀၁၂ ခုနှစ်ထက် မီးလောင်မှု ၈၄ ကြိမ်ပိုများခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးပိုမိုမြင့်မားခဲ့သည်။ ယခင်နှစ်ထက် မီးလောင်မှုအကြိမ်နှင့် ဆုံးရှုံးမှုတန်ဖိုးမြင့်မားခဲ့ရခြင်းမှာ မန္တလေးတိုင်းဒေသကြီးအတွင်း ပဋိပက္ခများ ရှိခဲ့ခြင်းကြောင့် မြင့်မားခဲ့ခြင်းဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဗဟိုမီးသတ်စခန်းမှ အရာရှိတစ်ဦးက ပြောသည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလအတွင်း ၁၅ ကြိမ် မီးလောင်ကျွမ်းမှုဖြစ်ခဲ့ပြီး ကျပ်သန်း ၁၂ ဒသမ ၂၁၆ သန်းခန့် ဆုံးရှုံးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း အထောက်အကူပြုယာဉ်၊ မီးငြိမ်းသတ်ယာဉ်၊ အသက်ကယ်ယာဉ် စသည်ဖြင့် မီးသတ်ယာဉ် ၁၂၀ ခန့်ရှိကြောင်း၊ မီးလောင်မှုဖြစ်ပွားခဲ့သည့် အနေအထားကိုကြည့်၍ ထောင်ဒဏ်နှင့် ဒဏ်ကြေးချမှတ်ခြင်းဖြစ်ရာ မီးကြွင်းမီးကျန်၊ မီးဖိုမီးမှုလောင်ကျွမ်းမှုပိုများကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ သတိမူရေးဟောပြောပွဲများကို ယခုနှစ် ဇန်နဝါရီလမှစ၍ မီးဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ဗဟိုမီးသတ်စခန်းမှ သိရသည်။

သီဟကိုကို(မန္တလေး)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စင်ကင်းဝေး

၂၀၁၄ ခုနှစ် (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဉမကွဲ သိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။
(၂) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေး သုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။
(၃) ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။
(၄) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။
(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

တူယှဉ်ကာတွဲ ချစ်ကြည်မြဲ

✿ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
ဤရေ၊ ဤလေ၊ ဤမြေပေါ်တွင်
ပခုံးကိုဖက် လက်ချင်းယှက်လို့
ကာလမြားမြောင် နှစ်ပေါင်းကြာအောင်
စုစည်းတူတကွ နေထိုင်ကြစဉ်
အရင်းရှင်နယ်ချဲ့ကိုလိုနီတို့
ဝင်ရောက်ဖဲ့ယူ" တို့နိုင်ငံ"ဟူသည်
သူ့ကျွန်ဘဝကျခဲ့ရပြီ။

✿ နှစ်လတွေကြာ ကျွန်သံသရာမှ
ဗိုလ်ချုပ်အောင်ဆန်း
ဦးဆောင်စွမ်းကြောင့်
ပြည်ထောင်စုဖွား တိုင်းရင်းသားတို့
စည်းလုံးညီညွတ် တော်လှန်မှုအပြီး
ပင်လုံမြို့အလှ စာချုပ်အရ
တို့ပြည်မဟာ ကမ္ဘာ့ရှေ့တွင်
ဦးခေါင်းကိုမော့ ရင်ကိုကော့လို့
"လွတ်လပ်နိုင်ငံ" ကြေညာနိုင်ပြီ။

✿ ပြည်ကြီးလွတ်လပ် ဖွားမည့်ရက်ကို
ပဋိသန္ဓေ စရှိလေသော
"တစ်ထောင့်ကိုးရာလေးဆယ့်ခုနစ်
ဖေဖော်ဝါရီတစ်ဆယ့်နှစ်" သည်
တိုင်းရင်းသားစုံ စည်းလုံးပုံပြ
သင်္ကေတမို့ မမေ့အပ်သည့်
နေ့မြတ်တစ်ခု ညီနောင်တို့၏
" ပြည်ထောင်စုနေ့ "။

✿ ဘိုးဘေးတို့တည်ထောင် ဒီပြည်ထောင်ကို
ယနေ့မှသည် သားမြေးစဉ်ဆက်
နှလုံးထက်မှ "ပြည်ထောင်စုနေ့"
တို့မမေ့ဘဲ တူယှဉ်ကာတွဲ
စည်းလုံးနေမြဲ၊ ချစ်ကြည်မြဲဖြင့်
ကမ္ဘာတည်သမျှ နေထိုင်ကြမယ်။
ဘယ်သူခွဲခွဲ တို့မကွဲဘဲ
ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့--------။

(၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုလျက်

မိုးပြုံးချို

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ပညာရေး မြှင့်တင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက လက်တွေ့ကျသော ပညာရေး ပြုပြင်ပြောင်းလဲမှုအတွက် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၊ အထူးလုပ်ငန်းအဖွဲ့၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းအဖွဲ့ ၁၈ ဖွဲ့တို့က Stakeholder များ၏ အကြံပြုချက်များ၊ သဘောထားမှတ်ချက်တို့ဖြင့် ပြုစုထားသော မူဝါဒ (မူကြမ်း)များ၊ အမျိုးသားပညာရေး ဥပဒေ(မူကြမ်း)တို့ကို တိုင်းဒေသကြီး/ပြည်နယ်အဆင့် အလုပ်ရုံဆွေးနွေးပွဲများမှ ရရှိလာသော အကြံပြုချက်များဖြင့် ထပ်မံပြုစုထားသည့် မူဝါဒ(မူကြမ်း)များ၊ အမျိုးသားပညာရေးဥပဒေ(မူကြမ်း) တို့ကို အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ညှိနှိုင်းဆွေးနွေးမည် ဖြစ်ပါကြောင်း၊ လွှတ်တော်သို့ ထပ်ဆင့်တင်ပြဆွေးနွေးမည်ဖြစ်ပါ၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး ကြစေလိုကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်တို့က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး အဆင့်မြှင့်တင်ရန် အစီအစဉ်မရှိသေး

နေပြည်တော် ဖေဖော်ဝါရီ ၈

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဖက်လျှင် ၁၄ ပေချဲ့ခြင်းလုပ်ငန်းစီမံချက် လုံးဝမရှိကြောင်း၊ ပြည်ပအကူအညီများရရှိ၍ အမြန်လမ်းမကြီးကို အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ရှိလာပါက အများပြည်သူသို့ တရားဝင်ကြေညာ၍ အိတ်ဖွင့်တင်ဒါများခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

(မောင်ဦး)

အများပြည်သူဝန်ဆောင်မှု ဒစ်ဂျစ်တယ်စာကြည့်တိုက်စနစ်၏ e-Book များ၌ ထည့်သွင်းဖော်ပြခွင့်ပြုရေး စာရေးဆရာကြီး ဆရာမကြီးများသို့ ပန်ကြားချက်

မြန်မာနိုင်ငံဒေသအနှံ့အပြားရှိ ပြည်သူများ စာအုပ်စာပေများကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနသည် Public Digital Library Service စနစ်အား တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် ခရိုင်နှင့် မြို့နယ်များရှိ လူစည်ကားရာနေရာများတွင် တပ်ဆင်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ Public Digital Library Service သည် အင်တာနက်မလိုဘဲ Laptop ကွန်ပျူတာများ၊ i-Pad, Tablet, Android ဖုန်းများနှင့် Netbook များဖြင့် စက်တည်ရှိရာနေရာမှ အတားအဆီးမရှိလျှင် မီတာ ၆၅၀ ပတ်လည်အတွင်း WIFI စနစ်ဖြင့် အလွယ်တကူ ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ အဆိုပါ Public Digital Library Service ၌ ထည့်သွင်းမည့်စာအုပ်များတွင် ဖတ်ရှု၍ရရုံစနစ် (Read Only) စာအုပ်များနှင့် Soft Copy ကို ရယူနိုင်သည့်စနစ် (Download) စာအုပ်များ ပါရှိပါသည်။ သို့ဖြစ်ပါ၍ စာရေးဆရာကြီး ဆရာမကြီးများ၏ စာအုပ်များကို Public Digital Library Service အတွက် ထည့်သွင်းဖော်ပြလိုပါသဖြင့် စာပေဒါနအဖြစ် အလှူခံလိုပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် Public Digital Library Service အတွက် စက် ၁၀၀ ကို ၂၀၁၄ ခုနှစ် မတ်လအတွင်း စတင်ဖြန့်ဝေတပ်ဆင်မည်ဖြစ်ပါသည်။ စာရေးဆရာကြီး ဆရာမကြီးများအနေဖြင့် ၂၀၀၅ ခုနှစ်နှင့် မတိုင်မီက ထုတ်ဝေခဲ့သော မိမိတို့၏ စာအုပ်များကို အသုံးပြုခွင့် ပြု/မပြုနှင့် Read Only သာ ခွင့်ပြုနိုင်မည် သို့မဟုတ် Download ပါ အသုံးပြုခွင့်ပေးနိုင်မည်တို့ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အရောက် ပြန်ကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ လောလောဆယ် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း ထုတ်ဝေသော စာအုပ်များကို ထည့်သွင်းဖော်ပြဦးမည် မဟုတ်သေးပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် မြို့နယ်ပြန်/ဆက်ရုံးများမှလည်း စာရေးဆရာကြီး ဆရာမကြီးများနှင့် ဆက်သွယ်၍ သဘောထားရယူတောင်းခံသွားမည်ဖြစ်ပါသည်။

အကြောင်းအမျိုးမျိုးကြောင့် သတ်မှတ်အချိန်ကာလအတွင်း အဆက်အသွယ်မရရှိပါက ဆရာကြီး ဆရာမကြီးများအနေဖြင့် မိမိတို့စာအုပ်များ လှူဒါန်းလိုပါလျှင် အောက်ပါပုဂ္ဂိုလ်များထံသို့ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်အရောက် ဆက်သွယ်အကြောင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

(၁) မြန်မာနိုင်ငံစာရေးဆရာအသင်း ၁၇၃/၁၇၅ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ရန်ကုန်မြို့။
(၂) ဒေါက်တာဒေါ်သီတာတင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၂၂၊ ၀၉-၈၆၀၂၁၈၈၊ thidahlaing009 @ gmail.com
(၃) ဦးမျိုးမြင့်မောင်၊ အထွေထွေမန်နေဂျာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖုန်း-၀၁-၂၅၁၅၇၅၊ ၀၉-၄၃၀၈၅၁၄၄၊ mmmmm.6708@gmail.com
(၄) ဦးအေးကြွယ်၊ ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၉-၈၆၃၄၅၁၇
(၅) ဦးတင်သန်းဝင်း၊ ညွှန်ကြားရေးမှူး(ပြန်/ဆက်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၁၆၄၊ ၀၉-၄၇၀၅၁၀၃၃
(၆) ဦးမြင့်ကျော်၊ ညွှန်ကြားရေးမှူး (သုတေသန) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၄၁၂၀၀၂၊ ၀၉-၈၃၀၅၇၆၄၊ myintkyaw103@gmail.com

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

အလိုရှိသည်

၁။ ပန်းရံ (၁၀) ဦး
၂။ လက်သမား (၅) ဦး
- တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဆက်သွယ်နိုင်ပါသည်။
- ဆက်သွယ်ရန်ဖုန်းနံပါတ်- ၀၉-၇၃၁၅၅၁၆၅၊ ၀၉-၂၅၀၁၅၄၄၈၇

မင်္ဂလာဆုတောင်း

ကိုသာကောင်းနှင့် မခင်မျိုးအိ (ခ) ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီမယ်လိုဒီတို့၏ ၈-၂-၂၀၁၄ ရက်တွင် ပြုလုပ်သည့် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းထာဝရတိုင်အောင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် လက်တွဲနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ကိုစိုးဝေဇော် (ဦးစီးအရာရှိ)
အကောက်ခွန်ဦးစီးဌာန-မမေဖြိုးသူ(ခ)မမေသော်တာထက်

ဝန်ထမ်းအလိုရှိသည်

ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၁-၂၉၉၅၉၆၊ ၂၉၅၁၂၇၊ ၀၉-၇၃၁၃၂၅၁၃

1. Office Staff မ (၅) ဦး
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- ကွန်ပျူတာ အခြေခံတတ်ကျွမ်းရမည်။
- မိမိ၏ အရည်အချင်းပေါ်မူတည်၍အကျိုးခံစားခွင့်ရရှိမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ဦးဆောင်ကျင်းပသော ASEAN Animation Contest 2014 ပြိုင်ပွဲဝင်ရွေးချယ်မည့် အစီအစဉ်ကြေညာခြင်း

၁။ ထိုင်းနိုင်ငံနှင့်မလေးရှားနိုင်ငံတို့ဦးဆောင်၍ ကျင်းပသော ASEAN Animation Contest 2014 ပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည့် ပြိုင်ပွဲဝင်ရွေးချယ်ခြင်းကို ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တွင် အောက်ပါအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ရန်စိတ်ပါဝင်စားသော Animation ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကျောင်းသား/သူများနှင့် အပျော်တမ်း ပညာရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(က) ပြိုင်ပွဲဝင်ခေါင်းစဉ် - 'ASEAN Copyright Awareness'
(ခ) ပြိုင်ပွဲအမျိုးအမည် - Animation
(ဂ) ပြိုင်ပွဲဝင်အမည်စာရင်းနှင့် ပြိုင်ပွဲဝင်မည့် Animation တင်သွင်းနိုင်မည့်ရက် -၁၇-၂-၂၀၁၄ရက်မှ ၂၅-၂-၂၀၁၄ရက်ထိ
(ဃ) ရွေးချယ်ခံရသူစာရင်း ထုတ်ပြန်ကြေညာမည့်ရက် - ၁-၃-၂၀၁၄ရက်

၂။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက (https://www.facebook.com/ip.myanmar) တွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၄၀၄၅၀၇ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ခရီးသည်နှင့် ယာဉ်လုပ်သားများကြား အခက်အခဲကျော်လွှားပေးနိုင်မည့် လက်မှတ်စနစ် ကြိုးပမ်းနေ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရန်ကုန်မြို့တွင်း ပြေးဆွဲသွားလာနေသည့် ခရီးသည်တင်ယာဉ်လိုင်းများတွင် ခရီးသည်နှင့်ယာဉ်လုပ်သားများကြား အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်သာမက အနာဂတ်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးစနစ်တွင် ပြောင်းလဲမြင့်မားလာစေမည့် လက်မှတ်စနစ်တစ်ခုကို ကြိုးပမ်းနေကြောင်း ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုဗဟိုကော်မတီ၏ ဖေဖော်ဝါရီလတွင် ပထမအကြိမ်ပြုလုပ်သော မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

"နိုင်ငံတကာမှာ ကျင့်သုံးနေတဲ့ e-ticket စနစ်ကို သွားဖို့ဆိုတာက လက်မှတ်စနစ်ကနေ အစပ်လိုက်ပြောင်းလဲလုပ်ဆောင်သွားရမယ်၊ လောလောဆယ်တော့ တိုင်းဒေသကြီးအစိုးရအဖွဲ့ကို တင်ပြဖို့လုပ်နေတယ်"ဟု ဒုတိယဥက္ကဋ္ဌ ဦးလှသောင်းမြင့်က ပြောသည်။

ခရီးသည်တင်ယာဉ်လိုင်းများတွင် လက်မှတ်စနစ်ဖြင့် ယာဉ်စီးခပေးချေသောစနစ်သည် ယခင်ကရှိခဲ့ဖူးပြီး အခြားနိုင်ငံများတွင် ဆက်လက်ကျင့်သုံးရာမှ အီလက်ထရွန်နစ် e-ticket စနစ်များသို့ ပြောင်းချိန်တွင် မြန်မာနိုင်ငံရှိမြို့တွင်းလိုင်းများ၌ ၁၉၉၄ ခုနှစ်က ဖျက်သိမ်းခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ်တွင် နှစ်ပေါင်း ၂၀ အထိရှိလာခဲ့ခြင်းဖြစ်သည်။

ထိုလက်မှတ်စနစ် ပီပြင်စွာအောင်မြင်လာပါက ခရီးသည်တင်ယာဉ်တစ်စီး၏ တစ်ရက်တာဝင်ငွေကို တိတိကျကျ သိရှိလာနိုင်မည်ဖြစ်ပြီး လစာစနစ်ဖြင့် ပြောင်းလဲနိုင်ရေးတို့အတွက်လည်း အထောက်အကူကောင်းများဖြစ်စေသလို နိုင်ငံ၏ခရီးသည် ပို့ဆောင်ရေးတွင် လက်တွေ့ကျကျ တိကျမှန်ကန်သည့် ကိန်းဂဏန်းများရရှိလာမည်ဟု ယာဉ်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။ "အခုဖြစ်နေတာက စပယ်ယာ (ယာဉ်နောက်လိုက်)က ပေးတဲ့ငွေကိုပဲ ယူနေရတယ်။ ဘယ်လောက်ဝင်ငွေရှိသလဲ ဘယ်တော့မှလည်း အမှန်မပြောဘူး။ ကားပြင်ဆင်စရိတ်တို့ ဘာတို့နဲ့ မကာမိတော့ နောက်ဆုံးတစ်ရက်ကို ဘယ်လောက်ပေးကွာဆိုပြီး အငှားချထားတာမျိုးနဲ့လုပ်နေကြရတယ်"ဟု ၎င်းကရှင်းပြသည်။

ထိုသို့ဖြင့် မြို့တွင်းခရီးသည်တင်လိုင်းများတွင် ရင်းနှီးမြှုပ်နှံရန်ကိစ္စမှာ လုပ်ငန်းရှင်ကြီးများအဖို့ အကျိုးအမြတ်တွက်ရာ၌ မမြင်နိုင်သော အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသည့်အတွက် အများစုသည် မြို့တွင်းလိုင်းများတွင် မြှုပ်နှံလုပ်ကိုင်မည့်အစား စက်သုံးဆီဆိုင်များ၊ Toll ဂိတ်လုပ်ငန်းများ၊ အဝေးပြေးလိုင်းများတွင်သာ မြှုပ်နှံမှုများပြုကြခြင်းဖြစ်သည်။ ထိုလက်မှတ်စနစ်အောင်မြင်မှုရလာပါက ယာဉ်နောက်လိုက်များ၏ ယာဉ်စီးခဝိုတောင်းသောကိစ္စကိုလည်း ဖြေရှင်းပေးရာ ရောက်သည်။

ယာဉ်နောက်လိုက်နှင့် ယာဉ်ပိုင်ရှင်ကြားတွင် စီးဆင်းသောငွေသည် ကွာခြားပြီး ယာဉ်တစ်စီးနေ့စဉ်ရလာသောငွေ အများဆုံး သုံးပုံနှစ်ပုံလောက်သာ ယာဉ်ပိုင်ရှင်များထံ စီးဆင်းကြခြင်းဖြစ်ကြောင်း ယာဉ်ပိုင်ရှင်များထံမှ စုံစမ်းသိရှိရသည်။

မထသ(ဗဟို) ဥက္ကဋ္ဌဦးလှအောင်က "ယာဉ်နောက်လိုက်တွေနဲ့ ယာဉ်ပိုင်ရှင်ကြားက ကွာဟသွားတဲ့ငွေဟာ တိုင်းပြည်အတွက် အကျိုးရှိအောင်သုံးသလားဆိုတာကြည့်တော့ ဆေးလိပ်သောက်တာတို့၊ ကွမ်းစားတာတို့နဲ့ပဲ တလွဲသုံးတာတို့ကို တွေ့ရတယ်"ဟု ယနေ့မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားခဲ့ဖူးသည်။ ပြည်တွင်းကုမ္ပဏီတစ်ခုက ခရီးသည်တင်ယာဉ်လိုင်းများတွင် i-pay ကတ်စနစ်ဖြင့် စမ်းသပ်လုပ်ဆောင်နေသော်လည်း စက်ပျက်နေကြောင်း၊ ဘက်ထရီကုန်နေကြောင်း၊ ကုမ္ပဏီမှလုပ်ကိုင်ခြင်းမပြုတော့ကြောင်းစသည့် အကြောင်းပြချက်မျိုးစုံဖြင့် အောင်မြင်မှုရရန် ယာဉ်လုပ်သားများက လုပ်ဆောင်နေကြခြင်းဖြစ်သည်။

မထသ(ဗဟို)မှ စီစဉ်ကြိုးပမ်းနေသော လက်မှတ်စနစ်မှ e-ticket စနစ်သို့ပြောင်းလဲ၍ မြို့တွင်းသယ်ယူပို့ဆောင်ရေး၌ မြင့်မားတိုးတက်ရန် ခရီးသည်များ၊ ယာဉ်လုပ်သားများ၊ ယာဉ်ပိုင်ရှင်များစသည်တို့ဖြင့် ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း ဆက်လက်သိရသည်။

ထက်နိုင်(စမ်းချောင်း)

တာချီလိတ်၌ ဘိန်းဖြူမှုန့်နှင့် ပစ္စတိုသေနတ်တစ်လက်သိမ်းဆည်းရမိ

တာချီလိတ် ဖေဖော်ဝါရီ ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်အနီး ချောင်းကူးတံတား၌ ဇန်နဝါရီ ၂၅ ရက် ညနေ ၅နာရီခွဲက မူးယစ်တပ်ဖွဲ့စု (၁၀) တာချီလိတ်မှ ရဲအုပ်စိုးခမ်းစိုင်းဦးစီးအဖွဲ့၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့မှ ရဲတပ်ကြပ်ကြီး ကျော်မင်းနိုင်၊ တာချီလိတ်မြို့မရဲစခန်း နယ်ထိန်းရဲတပ်ကြပ်ကြီး အောင်စိုးမိုးတို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းစစ်ဆေးရေးဂိတ်အနီး ချောင်းကူးတံတားတွင် ပါကွေးရွာဘက်မှ တာချီလိတ်ဘက်သို့ ကျဖူးမောင်းနှင်ပြီး အားလို့လိုက်ပါလာသည့် ၅၀/--- PRADO ခဲရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ကျဖူး၏ ခန္ဓာကိုယ်တွင် ဝတ်ဆင်ထားသည့် အဝါဖျော့ရောင် ဘောင်းဘီရှည် ဝဲဘက်အိတ်ကပ်အတွင်း ပလတ်စတစ်ကော်ဘူးငယ်ဖြင့်ထည့်ထားသော ဘိန်းဖြူမှုန့် အလေးချိန် ၁၁ ဂရမ်ပါတစ်ဘူးနှင့် Classic Sport တံဆိပ်ပါ စပို့စ်ရှပ်အင်္ကျီ ဝဲဘက်အိတ်ကပ်အတွင်း အနီရောင်အဖုံးပိတ်ပါ ပလတ်စတစ်ကော်ဘူးငယ်ဖြင့်ထည့်ထားသော ဘိန်းဖြူမှုန့် အလေးချိန် သုည ဒသမ ၃ ဂရမ်ပါ တစ်ဘူး စုစုပေါင်းအလေးချိန် ၁၁ ဒသမ ၃ ဂရမ် (ကာလတန်ဖိုးကျပ် ၁၈၀၈၀၀) အားလည်းကောင်း၊ ကျဖူးနှင့်အားလို့တို့ထိုင်နေသည့် ကားရှေ့ခန်းထိုင်ခုံနှစ်ခုကြားရှိ အံ့ခွက်အတွင်းမှ တရုတ်နိုင်ငံလုပ် Para-110076 နံပါတ်ပါ NORINCO အမျိုးအစား 9 MM စတီးရောင် ပစ္စတိုသေနတ်တစ်လက်နှင့် ယင်းကျည်ရှစ်တောင့်ထည့်ထားသည့် ကျည်ကပ်တစ်ခုအား ရှာဖွေတွေ့ရှိသဖြင့် ရဲအုပ်စိုးခမ်းစိုင်းက သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းခဲ့သည်။

မူးယစ်ဆေးဝါးများနှင့် လက်ဝယ်တွေ့ရှိသူ ကျဖူး (၅၄)နှစ် အမှတ်(၅/၇၇) (၁)လမ်း ဆန်ဆိုင်း (က)ရပ်ကွက် တာချီလိတ်မြို့နေသူနှင့် အားလို့ (၅၅)နှစ် ဖဟိ(အောက်)ရွာ လွယ်တော်ခမ်းအုပ်စု တာချီလိတ်မြို့နယ်နေသူတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက မယ(ပ)၁၆/၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)၂၂ (၁)/၂၀ အရ အရေးယူထားကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

ဆိုင်ကယ်စီးလာသူကို ခဲနှင့်ပေါက်၍ အရေးယူခံရ

တောင်ငူ ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် သိမ်တန်းရပ်ကွက်တွင် ဇန်နဝါရီ ၂၈ ရက် ည ၈ နာရီ ၄၅ မိနစ်ခန့်က ဆိုင်ကယ်စီးလာသူအားဆဲဆို၍ အုတ်ခဲကျိုးဖြင့် ပစ်ပေါက်သဖြင့် နာကျင်ဒဏ်ရာရရှိမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ သိမ်တန်းရပ်ကွက်နေ ဦးတင်အေး၏သား အသက် (၂၂)နှစ်ရှိ အောင်ကျော်မိုး(ကျပန်း)သည် ကွမ်းယာယ်ရန်နေအိမ်မှ ဆိုင်ကယ်စီး၍ထွက်လာစဉ် ပီတိလက်ဖက်ရည်ဆိုင်ရှေ့အရောက် ဆိုင်ရှင်ဖြစ်သူ တစ်ရပ်ကွက်တည်းနေ ဦးကာကာ၏သား အသက်(၄၄)နှစ်ရှိ ဟန်နီဘာအ ယခင်ရန်ဖြစ်စကားများထားသည့် ကိစ္စနှင့်ပတ်သက်၍ မကျေနပ်သဖြင့် အော်ဟစ်ဆဲဆိုကာ အုတ်ခဲကျိုးဖြင့် ပစ်ပေါက်ခဲ့သဖြင့် အောင်ကျော်မိုး၏ ဝဲဘက်လက်ခုံတွင် ဖူးရောင်ဒဏ်ရာရရှိခဲ့သည်။

အောင်ကျော်မိုးက ဆိုင်ကယ်ရပ်၍ မည်သည့်အတွက်ကြောင့်လုပ်သည်ကို မေးမြန်းစဉ် ဟန်နီဘာက အရိုးအသွား ၁၈ လက်မခန့်၊ ဖြတ် သုံးလက်မခန့်ရှိ ပေါက်ပြားအသေးဖြင့်ထပ်မံ၍ လိုက်ခုတ်သဖြင့် ကျောက်ကြီးမြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

ရဲစခန်းက (ပ)၄/၂၀၁၄၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၂၉၄/၃၂၄)ဖြင့် ဆဲဆို၍ အုတ်ခဲကျိုးဖြင့်ပစ်ပေါက်သူ ဟန်နီဘာအား အမှုဖွင့်အရေးယူထားကြောင်းနှင့် အောင်ကျော်မိုးအား ကျောက်ကြီးဆေးရုံသို့ ဆေးစာဖြင့်တင်ပို့ရာ ဒဏ်ရာမှာမစိုးရိမ်ရသော်လည်း အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူနေကြောင်း သိရသည်။

(၁၂၉)

ကော့သောင်းမြို့တွင် တောမီးလောင်မှုဖြစ်

ကော့သောင်း ဖေဖော်ဝါရီ ၈

ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အနောက်ဘက်ဥယျာဉ်ခြံမြေများစိုက်ပျိုးထားရာ တောင်စောင်းတစ်လျှောက်တွင် ဖေဖော်ဝါရီ ၄ ရက် နံနက်ပိုင်းက တောမီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ တောမီးလောင်ကျွမ်းသည့် နေရာတစ်ဝိုက်သည် ပုဂ္ဂလိကပိုင် ဥယျာဉ်ခြံများ၊ ရော်ဘာပင်များ စိုက်ပျိုးထားရှိရာနေရာဖြစ်ပြီး စည်းကမ်းမဲ့သူတချို့ကြောင့် စိုက်ပျိုးထားသည့် ခန့်မှန်း မြေဧက ၈၀ ကျော်ခန့် တောမီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့သည် တောင်ကုန်းတောင်စောင်းများတစ်လျှောက် ရော်ဘာနှင့် ဥယျာဉ်ခြံများစိုက်ပျိုးထားပြီး တောင်ခြေမြေပြန့်နေရာများတွင် ရပ်ကွက်လူနေအိမ်ခြေများဖြင့် မြို့ကွက် တည်ဆောက်ထားခြင်းဖြစ်သည်။ နွေရာသီရောက်သည့်အခါ အဆိုပါ တောင်စောင်းများတစ်လျှောက် ဥယျာဉ်ခြံမရှိသည့် နေရာတချို့တွင် မြက်ရိုင်းပင်များခြောက်သွေ့နေရာမှ စည်းကမ်းမဲ့သူတချို့ကြောင့် တောမီးလောင်ကျွမ်းကာ စိုက်ပျိုးထားရှိသည့် ဥယျာဉ်ခြံမြေများသို့ မီးကူးစက်လောင်ကျွမ်းပြီး ဆုံးရှုံးမှုများ နှစ်စဉ်တွေ့ကြုံရလေ့ရှိကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၉၊ မြေကွက်အမှတ်-၁၇၊ မြေကွက်တည်နေရာ-ခြံအမှတ်(၁၇)၊ ၉/မြောက်ရပ်ကွက်၊ ရွာလယ်လမ်း၊ သဃ်န်းကျွန်းမြို့နယ် (မသဲနှစ်) အမည်ပေါက် ဘီ မြေအား တရားရုံး တရားမကြီးမှုအမှတ်-၄၇၆/၂၀၁၂ စီရင်ချက်ဒီကရီ၊ ဇာရီမှုအမှတ်-၅၀/၂၀၁၃တို့တင်ပြပြီး ဘီလစ် ဒေါ်နှင်းဝင့်ဝင့်ဖြူမှ (၃/က) ဝန်ခံချက်လက်မှတ် လျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

TENDER INVITATION

Bid Invitation No : Construction for MFF Football Academy/GP5/2014
Date : 7th February 2014

1. Tendering
   Myanmar Football Federation (hereinafter referred to as"Employer") Which is responsible for the construction of MFF Football Academy (Goal project V) in Thuwunna,Yangon,hereby invites tenders for the supplying of material, fabrication,construction and painting.
2. Project Overview
   Myanmar Football Federation is endeavoring to improve the skills and technology in the implementing this MFF Football Academy(Goal Project V)in Thuwunna, Yangon.
3. Project Scope of Work
   Supply of materials and construction of 2-storeyed R.C.C Building (221'x49')

Sr.No	Description	Qty	Remark
1.	R.C.C Foundation & Structure	1	Kyats
2.	Ground Floor - Tile & Laminate Flooring	1	Kyats
3.	Upper Floor - Tile & Laminate Flooring	1	Kyats
4.	Wall - Brick	1	Kyats
5.	Roofing - Amcan	1	Kyats

Tender documents may be obtained at MFF office, Thuwunna during office hour from (7-2-2014)to (21-2-2014).

Tender inquiry : Tin Aung, General Secretary,
Myanmar Football Federation
Phone No.569960

Tender closing date and time : (22-2-2014),16:30hr

Contact Address : Myanmar Football Federation
Phone No.569961,569962,569964
National Football Training Centre,
Waizayanta Road, Thuwunna,Thingankyun Township, Yangon.

Myanmar Football Federation

ဟောလိဝုဒ်၏ ထိပ်တန်းလူငယ်ကြယ်ပွင့်များ ဆုံတွေ့ကြမည့် မှုခင်းဇာတ်ကားသစ်

ဟောလိဝုဒ်မင်းသမီး အမ်မာဝပ်ဆန်းက မှုခင်းဇာတ်ကားတစ်ကား ဖြစ်သည့် Regression တွင် ဒါရိုက်တာနှင့် မင်းသားဖြစ်သူ Ethan Hawke နှင့်အတူ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ပြီး ယင်းဇာတ်ကားကို ချီလီဒါရိုက်တာ Alejandro Amenabar က ပုံဖော် ရိုက်ကူးသွားမည်ဖြစ်သည်။

အဆိုပါ Regression ဇာတ်ကားသည် မှုခင်းရေးရာ တစ်ခုအတွက် ဖခင်ဖြစ်သူ စွပ်စွဲခံခဲ့ရပြီး အမှုမှန်ပေါ်ပေါက်ရန်အတွက်မှာလည်း မှတ်ဉာဏ်များအားလုံးကို ဖျက်ဆီးခံခဲ့ရသူ တစ်ဦးအကြောင်း ပုံဖော်ထားသည့် မှုခင်းဇာတ်ကား တစ်ကားဖြစ်သည်။

ချီလီဒါရိုက်တာ Amenabar သည် ရုပ်ရှင်အတတ်ပညာဆိုင်ရာ Goyas ဆု ကိုးဆုနှင့် အကယ်ဒမီဆု တစ်ဆု ရရှိခဲ့သည့် လူငယ်ဒါရိုက်တာ တစ်ဦးဖြစ်ပြီး ယင်းဇာတ်ကားသည် ဟောလိဝုဒ်၏ ထိပ်တန်းလူငယ်ကြယ်ပွင့်များဆုံတွေ့ကြမည့် ဇာတ်ကား တစ်ကားလည်းဖြစ်သည်။

မျိုးစန္ဒာမောင်

T-ara အဖွဲ့မှ ခွဲထွက်ကာသရုပ်ဆောင်လောကသို့ ခြေလှမ်းသစ်စတင်မည့် ယူဟွာရောင်း

တောင်ကိုရီးယား အမျိုးသမီးတေးဂီတအဖွဲ့ T-ara မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယူဟွာရောင်းက နှစ်နှစ်ကြာ လက်တွဲခဲ့သည့် ဂီတအဖွဲ့ဝင်များနှင့် T-ara ကို ကျောခိုင်းကာ သရုပ်ဆောင်လောကသို့ ချင်းနင်းဝင်ရောက်မည်ဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။

"ကျွန်မရဲ့ မူလရည်မှန်းချက်က သရုပ်ဆောင်တစ်ယောက် ဖြစ်ဖို့ပါ။ ဒါကြောင့် ကောလိပ်မှာကတည်းက ဂီတအစားရုပ်ရှင်နှင့် ပြဇာတ်ဘာသာရပ်ကို ရွေးချယ်ခဲ့တာပါ။ ဒါပေမယ့် ဂီတအေဂျင်စီတစ်ခုနဲ့ ချိတ်ဆက်မိပြီးတော့ ဂီတအလုပ်တွေလုပ်ဖြစ်သွားတာပါ"ဟု ယူဟွာရောင်းက အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

သရုပ်ဆောင်ပိုင်းအနေဖြင့် ဇာတ်ရုပ်အားလုံးကို ကျွမ်းကျင်စွာ သရုပ်ဆောင်နိုင်ရန် ကြိုးစားစမ်းသပ်လေ့ကျင့်လျက်ရှိပြီး အမြဲဇာတ်ရုပ်မျိုးကို ပိုသဘောကျပါကြောင်းနှင့် သရုပ်ဆောင်လောကတွင် အခြေကျမှသာ ဂီတမိတ်ဖက်ဟောင်းများ ဖြစ်သည့် T-ara အဖွဲ့နှင့် ပြန်လည်ဆုံတွေ့မည်ဟု ဆုံးဖြတ်ထားကြောင်း ဟွာရောင်းက ထည့်သွင်းဖြေကြားခဲ့သည်။

ဆက်လက်ပြီး ကမ္ဘာ့ရုပ်ရှင်လောကအထိပါ ထိုးဖောက်ရန် မျှော်လင့်ထားသူ ယူဟွာရောင်းက ဂီတလောကမှ သရုပ်ဆောင်လောကသို့ ကူးပြောင်းရာတွင် အခြားသူများကဲ့သို့ ပုံတူကူးချခြင်းမျိုးများကို ရှောင်ရှားသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

YIT Social Network(1993-2000)

သူငယ်ချင်းဟောင်းများအားပြန်လည်ဖိတ်ခေါ်ခြင်း

ကျောင်းသား၊ကျောင်းသူဟောင်းများအချင်းချင်းပြန်လည်ဆက်သွယ်နိုင်ရေး၊ အာစရိယပူဇော်ပွဲကျင်းပနိုင်ရေး၊ ကျန်းမာရေးအရ ကူညီစောင့်ရှောက်မှုပေးရန် လိုအပ်နေသော ဆရာ၊ဆရာမများနှင့် သူငယ်ချင်းများအား ထောက်ပံ့ကူညီနိုင်ရေးတို့အတွက် ရည်ရွယ်၍ YIT Social Network(1993-2000) ကို ၁၂-၁-၂၀၁၄ ရက်တွင် ဖွဲ့စည်းတည်ထောင်ပြီး ဖြစ်ပါသည်။ သို့ပါ၍ သူငယ်ချင်းဟောင်းများအနေဖြင့် ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်ရန်- (၁) ကိုနေလင်း(Civil) ဖုန်း- ၀၉-၅၀၂၂၂၂၀၊ (၂) ကိုရဲထွတ်(Mech) ဖုန်း- ၀၉-၅၀၇၇၉၉၃၊ (၃) ကိုမျိုးမင်းဦး(EC) ဖုန်း- ၀၉-၇၃၁၇၃၂၈၀၊ (၄) ကိုဇော်မင်းဦး(EP) ဖုန်း- ၀၉-၄၂၀၀၁၂၀၂၄၊ (၅) ကိုမြတ်ကျော်ကျော် (Mining) ဖုန်း- ၀၉-၅၁၆၀၂၅၆
Facebook :https://www.facebook.com/groups/1993YIT2000/

(၆၄)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပ

ကမ္ဘာ့ရုပ်ရှင်လောက၏ အထင်ကရ ပွဲတော်တစ်ခုဖြစ်သည့်(၆၄)ကြိမ်မြောက် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၆ ရက်အထိ ဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပလျက်ရှိရာ ဗြိတိန်နှင့် ဂျာမနီတို့ ပူးတွဲရိုက်ကူးထားသည့် The Grand Budapest Hotel ဟာသဇာတ်မြူးဇာတ်ကားဖြင့် ယင်းရုပ်ရှင်ပွဲတော်၏ ဖွင့်ပွဲအခမ်းအနားကိုဖွင့်လှစ်ပေးခဲ့သည်။

ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အမေရိကန်ရုပ်ရှင်ထုတ်လုပ်သူနှင့်ဇာတ်ညွှန်းရေးဆရာတစ်ဦးဖြစ်သည့် James Schamus က ဂျူရီအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ပေးမည် ဖြစ်ပြီး အမြင့်ဆုံးဆုဖြစ်သည့် ရွှေဝက်ဝံ ဆုအပြင် Jury Grand Prix ငွေဝက်ဝံဆု၊ Alfred Bauer Prize ဆု၊ အကောင်းဆုံးဒါရိုက်တာငွေဝက်ဝံဆု၊အကောင်းဆုံးမင်းသား မင်းသမီးများအတွက် ငွေဝက်ဝံဆု၊ ဇာတ်ညွှန်းနှင့် Best First Feature Award: တို့အတွက် ငွေဝက်ဝံဆုတို့ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖီဖာဥက္ကဋ္ဌအဖြစ် ငါးကြိမ်မြောက်သက်တမ်းကို ထမ်းဆောင်ရန် ဆက်ဘလက်တာအသင့်ရှိနေ

၁၉၉၈ ခုနှစ်မှ စတင်ကာ ဖီဖာဥက္ကဋ္ဌရာထူးတာဝန်ကို ထမ်းဆောင်ခဲ့သော ဆွစ်ဇာလန်ဘောလုံးလောကဆိုင်ရာ အကြီးအကဲဖြစ်သူ ဆက်ဘလက်တာသည် ငါးကြိမ်မြောက် သက်တမ်းဖြစ်လာမည့် ဖီဖာဥက္ကဋ္ဌရာထူးကို ဆက်လက် တာဝန်ထမ်းဆောင်ရန်အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

ထို့ကြောင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ဖီဖာဥက္ကဋ္ဌ ရာထူးရွေးချယ်ရေးဆိုင်ရာ ပြန်လည်ရွေးကောက်မည့် အချိန်တွင် ပြန်လည်ရွေးကောက်ခံရန် အသင့်ရှိနေကြောင်း ဆက်ဘလက်တာက ပြောကြားခဲ့သည်။

အသက် (၇၇)နှစ်အရွယ် ဆွစ်ဇာလန်နိုင်ငံသား ဆက်ဘလက်တာသည် လာမည့်နှစ်ကုန်ပိုင်းတွင် ဖီဖာ ဥက္ကဋ္ဌရာထူးတာဝန်မှ သက်တမ်းကုန်ဆုံးတော့မည်ဖြစ်ပြီး နောက်ထပ်သက်တမ်းသစ်တစ်ရပ်ကို ထပ်မံတာဝန်ထမ်း ဆောင်ရန်ဆန္ဒရှိနေကြောင်း အိုင်အိုစီအဖွဲ့ဝင်အဖြစ် တက်ရောက်ခဲ့သော ဆိုချီမြို့၌ ကျင်းပခဲ့သည့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့အပြင် ဆော်ပေါ်လိုမြို့၌ ဇွန် ၁၀ရက်တွင် ကျင်းပ မည့် ဖီဖာကွန်ဂရက်တွင် ပြန်လည်ရွေးကောက်ပွဲဝင်ရန် လည်း မျှော်လင့်ထားကြောင်း ဆက်ဘလက်တာက ဆို သည်။

အာဆင်နယ်အသင်းသို့ ဆွာရတ်ဇ်ပြောင်းရွှေ့ရန် မာတီဆက်ကာဆန္ဒရှိနေ

အာဆင်နယ်အသင်း အောင်မြင်မှုရရှိရေးအတွက် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ် အသင်းမှ ဂျာမန်ကွင်းလယ်ကစားသမား အိုဇေးလ်ကို ခေါ်ယူထားခဲ့ပြီးဖြစ်သော်လည်း လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ လာရန် ဆန္ဒရှိနေကြောင်း အာဆင်နယ်အသင်းမှ ဂျာမန် နောက်တန်းကစားသမား မာတီဆက်ကာက ၎င်း၏ဆန္ဒကို ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းသို့ မာတီဆက်ကာအနေဖြင့် ဆန္ဒရှိနေလင့် ကစား အာဆင်နယ်အသင်းနည်းပြ အာစင်ဝင်းဂါးအနေဖြင့် ဆွာရတ်ဇ်အား စိတ်ဝင်စားလျက်ရှိကြောင်းကို ဖွင့်ဟ မပြောကြားခဲ့ပေ။

ငွေကြယ်

လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ် ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၈

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် JUNIOR GOLF MYANMAR (JGM) က ကြီးမှူး ကျင်းပသော 5th Junior Golf Myanmar Tournament 2014 လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့ တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြို့တော်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ် သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီး အသက်(၂၄)နှစ်အောက်၊ အသက်(၁၈)နှစ်အောက်ပြိုင်ပွဲ၊ အသက်(၁၄)နှစ်အောက်ပြိုင်ပွဲ၊(၁၀) နှစ်အောက်ပြိုင်ပွဲများ ကျင်းပမည် ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် လူငယ် ဂေါက်သီးရိုက် အားကစားသမား များသည် ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထားပြီး အမည် စာရင်းနှင့်ပူးတွဲ၍ မွေးစာရင်း (သို့မဟုတ်) မှတ်ပုံတင်(မူရင်း/မိတ္တူ) များနှင့် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ ချုပ်သို့ စာရင်းပေးသွင်းရမည်ဖြစ် သည်။

ယင်းလူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ နှင့်စပ်လျဉ်း၍ သိရှိလိုပါက ဖုန်း ၀၉-၃၆၀၂၀၉၇၈ နှင့် ၀၁-၉၆၆၉၅၂၆တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။ အဆိုပါ သက်တန်းအလိုက်လူငယ် ဂေါက်သီးရိုက် အားကစားသမားများ အား ထိုက်ထိုက်တန်တန်ဆုချီးမြှင့် မည်ဖြစ်ရာ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့ လိုက်ဖြစ်စေ ပါဝင်ကူညီပံ့ပိုးနိုင်သည်။

JUNIOR GOLF MYANMAR အနေဖြင့် မြန်မာ့လက်ရွေးစင်ဂေါက် သီးရိုက်အသင်းတွင် အခြေခံကောင်း ပြီး လက်စွမ်းလက်စရှိသော မျိုးဆက် သစ်လူငယ်ဂေါက်သီးရိုက်အားကစား သမားများပေါ်ထွက်လာရေးအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲများ လစဉ်ကျင်းပ လျက်ရှိကြောင်း သိရသည်။ **(ကြေးမုံ)**

(၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင်ထည့်သွင်းယှဉ်ပြိုင်မည့် ဓားခုတ်အားကစားနည်းအတွက် အရည်အချင်းပြည့်မီသူများ ပဏာမလက်ရွေးစင်အဖြစ် လျှောက်ထားနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၈

၂၀၁၅ ခုနှစ်တွင် စင်ကာပူနိုင်ငံ၌ ကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်း ပြိုင်ပွဲတွင် ထည့်သွင်းယှဉ်ပြိုင်မည့် ဓားခုတ် အားကစားနည်း (Fencing) အတွက် အရည်အချင်းသတ်မှတ်ချက် ပြည့်မီသူများ ပဏာမလက်ရွေးစင် အဖြစ် လျှောက်ထားနိုင်ပြီဖြစ် ကြောင်း သိရသည်။

ယင်းအားကစားနည်းအတွက် အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်း အရပ် အမျိုးသား ၅ပေ ၈ လက်မနှင့် အထက်၊ အမျိုးသမီး ၅ ပေ ၆ လက်မ နှင့်အထက်ရှိပြီး ပညာအရည်အချင်း အနေဖြင့် အခြေခံပညာ အထက်တန်း ဆင့်အနိမ့်ဆုံးရှိသူများ လျှောက်ထား နိုင်မည်ဖြစ်ကြောင်း သိရသည်။

ပဏာမလက်ရွေးစင်အဖြစ်ရွေး ချယ်ခံရပါက နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်းတွင် စခန်းသွင်း လေ့ကျင့်မည်ဖြစ်ပြီး အားကစားနည်း တစ်ခုခုတွင် အခြေခံရှိသူများကိုဦးစား ပေးရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသေးစိတ် အချက်အလက်များ ကို အဖွဲ့ချုပ်ရုံး(ရန်ကုန်) အမှတ်(၃) ကန်ဘဲ့လမ်း ရန်ကင်းမြို့နယ် ရန်ကုန် မြို့ ဖုန်း ၀၁-၅၇၈၉၃၀၊ ၀၁-၅၇၇၇၄၀၊ အား/ကာသိပ္ပံ (ရန်ကုန်)၊ အား/ကာ သိပ္ပံ (မန္တလေး)၊ ဦးကျော်ဝင်းနိုင် နေပြည်တော်အားကစားလေ့ကျင့် ရေးစခန်း အဖွဲ့ချုပ်ရုံး (နေပြည်တော်) အမှတ်(၁၇၅) သီရိရတနာအဆင့်မြင့် ဈေး ဖုန်း ၀၆၇-၄၂၀၆၆၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရ သည်။ **(မြိုးဇင်)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည် အစည်းအဝေးဖိတ်ကြားခြင်း

ကျောက်ပန်းတောင်းမြို့နယ် (ရန်ကုန်)၏ ဂုဏ်ဝိသိဋ္ဌပူဇော်ပွဲ နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို အောက်ပါ အစီအစဉ်တိုင်း ကျင်းပပြုလုပ်ပါမည်။

နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ဆရာတော်များ၊ လူပုဂ္ဂိုလ်များ၊ ဒေါက်တာဘွဲ့ရရှိသူများ၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများသည် အမှတ်စာရင်းမူရင်း၊ မိတ္တူ အထောက်အထားပြည့်စုံစွာဖြင့် ဗိုလ်မှူးကြီးနေဝင်း (ငြိမ်း) ဖုန်း-၅၅၉၄၇၂၊ ဦးရဲညွန့် ဖုန်း-၅၄၈၈၃၈၊ ဦးတင်သိန်းဟန် ဖုန်း-၅၃၂၁၉၉၊ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း(ငြိမ်း) ဖုန်း-၄၃၀၃၃၅၊ ဦးမောင်မောင်လှ ဖုန်း-၂၄၀၀၄၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂ နှင့် နီးစပ်ရာ အမှုဆောင်များထံ အချိန်မီ စာရင်းပေးသွင်းနိုင်ပါသည်။

ကျင်းပမည့်ရက်	-	၂၃-၃-၂၀၁၄ ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန်	-	မွန်းတည့် ၁၂:၀၀ နာရီ
ကျင်းပမည့်နေရာ	-	အကောက်ခွန်ခမ်းမ (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး)

အလုပ်အမှုဆောင်အဖွဲ့

တိုင်းရေ့ပြုတ်၍ ယာဉ်တိမ်းမှောက်

နေပြည်တော် ဖေဖော်ဝါရီ ၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၁၀၁/၅-၆)ကြား၌ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းက ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှရန်ကုန်သို့ မင်္ဂလာဒုံမြို့နယ် မြန်မာလိုက်ဟိုတယ်နေ ကိုရီးယားနိုင်ငံသား Mr.YAE CHANGI (၄၇)နှစ်မောင်းနှင်လာသော 5C/-----PRADO အစိမ်းရောင်ယာဉ်သည် တိုင်းရေ့ပြုတ်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့သည်။

ယင်းတိမ်းမှောက်မှုကြောင့် Mr.YAE CHANGI တွင် ယာတံတောင်စုတ်ပြဲ၊ စကားပြန်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းနေ မသူသူ(၂၂)နှစ်တွင် ဦးခေါင်းယာချိုစောင်း/နားထင်ပေါက်ပြဲ၊ ရင်ဘတ်/ယာပခုံးနာကျင်ဒဏ်ရာများရရှိကာ ယာဉ်မှာ ရှေ့/နောက်လေကာ မှန်ကွဲ၊ အမိုးဝဲနှင့်ယာ ဘော်ဒီပိန်ချိုင့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ဝမ်းတွင်းမြို့နယ် ကုန်းကန်ကျေးရွာတွင် ဆေးလိပ်မီးကြောင့် လူနေအိမ်မီးလောင်

ဝမ်းတွင်း ဖေဖော်ဝါရီ ၈

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် တောင်ဆည်ကျေးရွာအုပ်စု ကုန်းကန်ကျေးရွာတွင် ဖေဖော်ဝါရီ ၆ ရက် ညနေ ၄ နာရီ ၅ မိနစ်ခန့်က ဆေးလိပ်မီးကြောင့် လူနေအိမ်တစ်လုံးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ ကုန်းကန်ကျေးရွာနေ ကျော်နိုင် (၃၄) နှစ်သည် နေအိမ်၌ အရက်သေစာသောက်စားသည့်ကိစ္စကြောင့် ဇနီးဖြစ်သူနှင့်စကားများရန်ဖြစ်ပြီး နေအိမ်တွင် ဇနီးဖြစ်သူမရှိခိုက် အိမ်ခေါင်မိုးထန်းရွက်များပေါ်သို့ မီးညှိထားသောဆေးလိပ်တိုအား ပစ်တင်ပြီးထွက်သွားခဲ့ရာ ခဏအကြာတွင် ဆေးလိပ်မီးမှတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့သည်။ မီးလောင်မှုဖြစ်ပွားရာသို့ ကျေးရွာနေပြည်သူများရောက်ရှိလာပြီး ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ ၄ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် ကျော်နိုင်အား ဝမ်းတွင်းမြို့နယ် ပင်းတလဲရဲစခန်းက (ပ)၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၃၆ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၅၇၉)**

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ်လူသစ်
ဘဝသစ်

မင်္ဂလာဆောင်မှအပြန် ယာဉ်တိမ်းမှောက်၍ နှစ်ဦးသေ

မိုးညှင်း ဖေဖော်ဝါရီ ၈

ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၁ နာရီခွဲက ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဆယ်မိုင်ရွာသစ်ကျေးရွာမှ မိုးညှင်းမြို့သို့မင်္ဂလာဆောင်မှ ပြန်လာသော ယာဉ်မောင်း ကျော်ထူး မောင်းနှင်သည့် တုန်ဖုန်းအပြာရောင်ကားသည် နန့်ပုတ်ကျေးရွာအုပ်စု မိုင်တိုင်အမှတ်(၁၈၄/၂)နှင့် (၁၈၄/၃)အကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ပေါ်၌ လိုက်ပါစီးနင်းခဲ့သူများအနက် ၁၂ ဦးသည် မိုးညှင်းခုတင်(၁၀၀)ဆံ့ ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှုခံယူနေစဉ် ဒေါ်မငွေ ထန်းတပင်ကျေးရွာ မိုးညှင်းမြို့နယ်နှင့် ဦးမျိုးသန့် ထန်းတပင်ကျေးရွာ မိုးညှင်းမြို့နယ်တို့နှစ်ဦးသေဆုံးခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုနှင့်စပ်လျဉ်း၍ ယာဉ်ကို မဆင်မခြင်မောင်းနှင်သူ ကျော်ထူးအား မိုးညှင်းမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ်ရာဇာစိုးက မော်တော်ယာဉ် (ပ) ၇/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၃၇/၃၃၈/၃၀၄-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကေဆိုင်းနော်(ဖားကန့်)

သိန်းနီတွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများသိမ်းဆည်းရမိ

လားရှိုး ဖေဖော်ဝါရီ ၈

မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ ရဲအုပ်ဇော်လင်းကျော်ဦးစီးအဖွဲ့သည် ဖေဖော်ဝါရီ ၇ ရက် နံနက် ၁၀ နာရီခွဲက သိန်းနီမြို့နယ် ရပ်ကွက်(၄) ဇီဇဝါလမ်းအမှတ် (၄/၂၀၁)နေ မအားချင်၏နေအိမ်တွင် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်း၏ဘယ်ဘက်လက်အတွင်းမှ ကြွပ်ကြွပ်အိတ်စဖြင့်ထုပ်ထားသော ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၆၇ ပြားအလေးချိန် ၆ ဒသမ ၀၃ ဂရမ်၊ အိပ်ခန်းခုတင်အောက် ပလတ်စတစ်ပုံးအတွင်း ချိတုံစန့်ပုလင်းဖြင့်ထည့် ဘိန်းဖြူမှုန့်အလေးချိန် သုည ဒသမ ၄ ဂရမ်ပါ ပုလင်းလေးလုံး စုစုပေါင်းအလေးချိန် ၁ ဒသမ ၆ ဂရမ်၊ ကပ်ခွာအိတ်အတွင်းထည့်ထားသော ၈၈ နှင့် ၁ စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားတစ်ထုပ် အလေးချိန် ၁၇ ဒသမ ၅၅ ဂရမ်၊ ၁၄၅ ပြားပါတစ်ထုပ် ၁၃ ဒသမ ၀၅ ဂရမ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၄၁၁ ပြားအလေးချိန် ၃၆ ဒသမ ၉၉ ဂရမ်နှင့် ဗီရိုအံဆွဲအတွင်းမှ မူးယစ်ဆေးဝါးရောင်းရငွေ ၄၅၀၀၀ ကျပ်တို့နှင့် မူးယစ်ဆေးဝါးရောင်းချရန် လက်ဝယ်ထားရှိသူ မအားချင် (၃၇)နှစ်ကို သိန်းနီမြို့မရဲစခန်းက မယ(ပ)၉/၂၀၁၄၊ မူး/စိတ်ပုဒ်မ ၁၅/၁၉(က)/၂၀(က)အရအရေးယူထားကြောင်း သိရသည်။ **(ဟန်ဌေး)**

Happy 40th Anniversary
Phay Saw and May Seinn
9.2.1974 ~ 9.2.2014
It began long ago
Although not seems like so
With expectation which is love
Real life that is not enough.
You face many constraints
And made lots of complaints
Full of debate and rare agree
But cooperate and never free
String of love is so strong
Attachment between us as bond
Already forty years Now.....
With lots of love
Mie Chit



ဖခင်အမည်မှန်

သထုံမြို့နယ်၊ မိုးကောင်းကျေးရွာအုပ်စု၊ ပတိန်ရိုးဖော်ဖ အထက်တန်းကျောင်း နဝမတန်း(က)မှ မလှစပယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်း[၁၀/သထန(နိုင်)၁၆၈၄၇၆] ဖြစ်ပါသည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးတင်အောင်ခိုင်၏ နိုင်ငံကူးလက်မှတ် M 524140 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၁-၃၉၁၇၆၁

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲကျေးဇူးတင်လွှာ

နေပြည်တော်နေ

ဒုတိယဗိုလ်ချုပ်ကြီးဇေယျကျော်ထင်ခင်အောင်မြင့်[ကာကွယ်ရေးဦးစီးချုပ်(လေ)]-ဒေါ်အေးအေးသန်းတို့၏သားလတ်

မောင်အေးချမ်းအောင် B.Sc (Maths:)

(A5 Purified Drinking Water)

နှင့်

ပဲခူးမြို့နေ

ဗိုလ်မှူးကြီးသက်ထွန်း(ဝန်ကြီး-ပဲခူးတိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်စန်းစန်းညွှန့်တို့၏သမီးကြီး

မဖြူသီဟန် (LL.B)

တို့၏ ၈-၂-၂၀၁၄ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သောစုလျားရစ်ပတ် ထိမ်းမြားမင်္ဂလာလက်ထပ်ပွဲအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပါသော ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သီရိပျံချီဦးဉာဏ်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ မင်္ဂလာလက်စွပ်နှင့်မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သီရိပျံချီဆန်းဦးနှင့်ဇနီးဒေါ်ကြူကြူစိုး၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ(၁) ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ(၂) ဦးဉာဏ်ထွန်း၏ဇနီး ဒေါ်ခင်အေးမြင့်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသရေစည်သူမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးသရေစည်သူ လှဌေးဝင်း၏ဇနီးဒေါ်မာမာဝေ၊ စစ်ဘက်၊ နယ်ဘက်မှအရာရှိကြီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများ၊ မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာဘိသေကသွန်းလောင်းပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော စိုးမင်္ဂလာတေးဂီတအဖွဲ့၊ အခါတော်ပေးသီကျူးပေးသော တေးသံရှင် ဒေါ်နှင်းရီသန့်၊ သတို့သားအရံများဖြစ်ကြသော မောင်ဖွဲ့မာန်နှင့် မောင်ဖွဲ့ဦးမာန်၊ သတို့သမီးအရံများဖြစ်ကြသော မနွယ်နီအောင်နှင့် မကြည်ဖြူအေးချမ်း၊ မင်္ဂလာပန်းကြဲမဟန်နီထွန်းနှင့်မဆုလဲ့ရှိန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့်မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးသော မအေးငြိမ်းမိုးနှင့်မနန္ဒာခိုင်၊ မင်္ဂလာမှတ်တမ်းတင်ဓာတ်ပုံဗီဒီယိုရိုက်ကူးပေးပါသောကိုဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မြဝတီရုပ်မြင်သံကြားအဖွဲ့၊ အခမ်းအနားနှင့်စားသောက်ဖွယ်ရာများ ပြင်ဆင်ဧည့်ခံပေးသော ကန်တော်ကြီးပဲလေ့စ်မှမန်နေဂျာနှင့်ဝန်ထမ်းများ၊ မင်္ဂလာခန်းမ ပန်းအလှဆင်နှင့်ဘိသေကခုံများ ပြင်ဆင်ပေးပါသော Eternal မှ မနီလာနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံချုပ်လုပ်ဆင်မြန်းပေးပါသော ကိုပြည်စိုးအောင်၊ မေတ္တာဖြင့်လက်ဝတ်ရတနာဆင်မြန်းပေးသော သဇင်ရတနာဆိုင်(ဗိုလ်ချုပ်ဈေး)မှ မမြင့်မြင့်နှင့်မတင့်တင့်၊ LED Display များဖြင့် Multi Media Presentation ကူညီပေးပါသော Lucky Bird နှင့်နည်းပညာအကူအညီပေးသော Zarni LED အဖွဲ့တို့အားလည်းကောင်း၊ မိတ်ကပ်အလှပြင်ခင်စန်းဝင်းနှင့်အဖွဲ့၊ မေတ္တာဖြင့် ဆင်မြန်းပေးပါသောမန္တလေး ရွှေနဂါးဖိနပ်၊ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၂၀)မှ ကျောင်းဆင်းအရာရှိများနှင့်ဇနီးများ၊ တပ်မတော်(လေ)မှမိသားစုများ၊ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးကြပါသော မိတ်သင်္ဂဟအပေါင်းနှင့် မင်္ဂလာပွဲအောင်မြင်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှပံ့ပိုးကူညီချီးမြှင့်ပေးကြပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်မှတိုင်းမှူးနှင့်ဇနီး၊ အရာရှိ/စစ်သည်မိသားစုများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှိုက်လှဲလှဲကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အေးချမ်းအောင်-မဖြူသီဟန်

ကလေးမြို့ ပြည်သူ့ပန်းခြံကို ကျပ်သိန်း ၇၀ ကျော် အကုန်အကျခံ ပြုပြင်

ကလေး၊ ဖေဖော်ဝါရီ ၈

ကလေးမြို့နယ်တွင် ပြည်သူများ အပန်းဖြေ အနားယူနိုင်ရန်အတွက် ကလေးမြို့နယ် စည်ပင်သာယာရေး ပန်းခြံ ပြုပြင်မွမ်းမံ ဆောင်ရွက်မှုအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ စုစုပေါင်းကျပ် သိန်း ၇၀ အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း တာဝန်ယူ လုပ်ငန်းဆောင်ရွက်သူ အင်ဂျင်နီယာ ဦးအောင်အောင်သင်ထံမှ သိရသည်။

ကလေးမြို့တွင် အဆိုပါပန်းခြံတစ်ခုသာရှိပြီး အလျား ၄၃၅ ပေ၊ အနံ ၂၂၈ ပေ၊ ဧရိယာ ၁ ဒသမ ၉၃၃ ဧကရှိပြီး ယင်းပန်းခြံအတွင်း၌ လွတ်လပ်ရေးကျောက်တိုင် စိုက်ထူထားရှိကြောင်း သိရသည်။

အဆိုပါပန်းခြံကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်မှစ၍ စည်ပင်သာယာရေးပန်းခြံမှ ပြည်သူ့ပန်းခြံအဖြစ်သတ်မှတ်ကာ ပြည်သူ့ပန်းခြံ သာယာလှပရေး၊ စိမ်းလန်းစိုပြေရေးနှင့် ပြုပြင်မွမ်းမံရေးလုပ်ငန်းများဖြစ်သော ပန်းအလှပင်များ ပျိုးထောင်စိုက်ပျိုးခြင်း၊ ပန်းခြံဝင်ပေါက်မှ လွတ်လပ်ရေးကျောက်တိုင် ဘေးပတ်လည်များအထိ ကွန်ကရစ်ခင်းခြင်းနှင့် ပန်းခြံဝင်ပေါက်ကို အုတ်တံတိုင်းဖြင့် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ဝင်ပေါက်တံခါးမကို စတီးသံတံခါး တပ်ဆင်ခြင်းနှင့် ပြည်သူ့ပန်းခြံ၏ သစ်သားခြံစည်းရိုး အရှည် ၂၀၀ ပေကို သံပန်းခြံစည်းရိုးအသစ်ဖြင့် အစားထိုးကာရံထားခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျူနိုင်း**

လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ ပညာပေးဟောပြော

ကြာအင်းဆိပ်ကြီး၊ ဖေဖော်ဝါရီ ၈

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်ပတ်သက်၍ ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်အတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီများက အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ကြာအင်းဆိပ်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမတွင် ကျင်းပခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက သန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ **စိုးထက်အောင် (ပြန်/ဆက်)**

သတင်းတိုများ

မုက္ခမော့စာကြည့်တိုက် တည်တံ့ရေး ဆွေးနွေး

ကျိုက်ထိုမြို့နယ် မုက္ခမော့ကျေးရွာတွင်စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက်တွင် ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပရာ စာကြည့်တိုက်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ရသည့် လူငယ်များကို စာအုပ်စာစောင်တိုးပွားရေး၊ ရန်ပုံငွေရရှိရေး၊ စနစ်တကျ ငှားရမ်းဆောင်ရွက်ရေး၊ စာကြည့်တိုက်မှူးတာဝန်ကို လူငယ်အဖွဲ့များက အလှည့်ကျ ကူညီဆောင်ရွက်ပေးရေးလုပ်ငန်းတို့ကို မြို့နယ် ပြန်၊ ဆက်ဦးစီးမှူးက ဆွေးနွေးခဲ့ကြောင်းသိရသည်။ **သန်းသန်းမော်**

အရှေ့ပင်လယ်ပြင်တွင် ငါးဖမ်းစက်လှေ နစ်မြုပ်

ဖေဖော်ဝါရီ ၂ ရက်၌ ဆိပ်ကမ်းမြို့နယ်၊ လှိုင်မြစ်အတွင်း၊ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးအနီး Myanmar Millennium Group (MMG) ဆိပ်ခံဘောတံတားမှ စတင်ထွက်ခွာသွားသော ပဲ့နင်းဦးတင်မြင့် မောင်းနှင်သည့် ကျော်ရဲနိုင်အမည်ရှိ စက်လှေသည် လှေလုပ်သားများနှင့်အတူ ဧရာမွန်လှေအုပ်စုရှိရာသို့ ငါးများသယ်ယူရန်အတွက် မောင်းနှင်သွားရာ ပင်လယ်ပြင်အရောက်တွင်သောင်မှ လွတ်ရန်အတွက် စက်ရှိန်မြှင့်မောင်းနှင်ခဲ့၍ စက်လှေနစ်မြုပ်မှုအတွက် ရေယာဉ်အား ပေါ့လျော့စွာမောင်းနှင်သူကို ဆိပ်ကမ်းမြို့မရဲစခန်း (ပ) ၃၅/၂၀၁၄၊ ပုဒ်မ ၂၈၀ ဖြင့် အမှုဖွင့် အရေးယူထားသည်။ **မျိုးမင်းသူရ**

အချက်ပြမီးဖော်ယာမှ ဘက်ထရီတစ်လုံးပေါက်ကွဲ

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မီးပြတိုက်ဌာနခွဲမှ မီးပြဝန်ထမ်း ဦးဟန်လင်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၁၁ ရက်တွင် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် ရေကြောင်းအချက်ပြမီးများအား လိုက်လံပြင်ဆင်ရာ ကွမ်းခြံကုန်းမြို့နယ်အနီးတွင် မြန်မာကျပ်ငွေ ၁၅ သိန်းခန့်ရှိ DRY CELL BATTERY တစ်လုံး ပေါက်ကွဲနေသောကြောင့် ဖေဖော်ဝါရီ ၅ ရက်တွင် ဆိပ်ကမ်းမြို့မရဲစခန်း (ပ) ၃၄/၂၀၁၄ ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆ (၁) ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။ **မျိုးမင်းသူရ**

ကမ္ဘာလှည့်ခရီးသည်များ၏ ပစ္စည်းပျောက်ဆုံးမှုများကို အကူအညီပေးရခြင်း အများဆုံးဖြစ်လာ

ရန်ကုန်၊ ဖေဖော်ဝါရီ ၈

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့ စတင်ဖွဲ့စည်းခဲ့သောအချိန်မှ ယနေ့အချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ကမ္ဘာလှည့်ခရီးသည်များအား ကူညီစောင့်ရှောက်ပေးမှုဖြစ်စဉ်များတွင် ငွေကြေးနှင့် ပစ္စည်းပျောက်ဆုံး၍ကူညီပေးရခြင်း အများဆုံးဖြစ်ကြောင်း ဖေဖော်ဝါရီ ၇ ရက်၌ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ပစ္စည်းပျောက်တာက ၁၀၀ ရာခိုင်နှုန်း သဘောရိုးနဲ့ပျောက်တာပါ။ သူတို့ကိုယ်တိုင်ကလည်း ဒီနိုင်ငံကို လုံခြုံမှုရှိတယ်လို့ တော်တော်ယုံကြည်ထားကြပါတယ်။ ပျောက်သွားခဲ့ရင်လည်း ၉၀ ရာခိုင်နှုန်းပြန်ရတာများပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲအုပ်မင်းအောင်က ပြောသည်။

ကမ္ဘာလှည့်ခရီးသည်များအား ကူညီစောင့်ရှောက်ပေးသည့် ဖြစ်စဉ်များဖြစ်သော ငွေကြေးနှင့်ပစ္စည်း မေ့ကျန်ပျောက်ဆုံးမှု၊ တရားမဝင် ငွေလဲလှယ်ရာ၌ လိမ်လည်ခံရမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ ငွေကြေးမလုံလောက်၍ ကူညီပေးရမှု၊ လူစုကွဲ၍ ကူညီပေးရမှုနှင့် ခါးပိုက်နှိုက်ခံရမှု ၂၈ ခုရှိပြီး အများဆုံးမှာ ငွေကြေးနှင့်ပစ္စည်းမေ့ကျန်ပျောက်ဆုံးမှုဖြစ်ကာ ဖြစ်စဉ် ၁၃ ခုရှိခဲ့ကြောင်း ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်ထိ နိုင်ငံခြားသား ကူညီစောင့်ရှောက်မှုမှတ်တမ်းအရ သိရသည်။

အင်းလေးဖောင်တော်ဦးဘုရားတွင် ကမ္ဘာလှည့်ခရီးသွားနှစ်ဦး အမှတ်တရလက်ဆောင် ဝယ်ယူနေစဉ်။

"ဒုတိယအများဆုံးဖြစ်တဲ့ တရားမဝင် ငွေလဲလှယ်တဲ့ဖြစ်စဉ်တွေမှာ ငွေလဲတဲ့သူမှာလည်း တာဝန်ရှိပါတယ်။ သူတို့က မသိတာမဟုတ်ပါဘူး။ သူတို့တည်းခိုတဲ့ ဟိုတယ်တွေနဲ့ ဧည့်လမ်းညွှန်တွေက သေချာပြောပြထားပါတယ်။ အဖြစ်များတာက FIT တွေပါ" ဟု ၎င်းက ဆက်လက်ပြောသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့အား ၂၀၁၃ ခုနှစ်၊ ဧပြီ ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးတွင် တပ်ဖွဲ့ဝင် ၄၃ ဦးဖြင့် ရွှေတိဂုံစေတီ၊ ဆူးလေစေတီ၊ ဗိုလ်တထောင်စေတီ၊ ဧမာနွေလဘုရားကျောင်း၊ ရန်ကုန်ဘူတာကြီး၊ ဗိုလ်ချုပ်ဈေး၊ အမျိုးသားပြတိုက်နှင့် ပန်းဆိုးတန်း ဒလဆိပ်ကမ်းများသာမက မွန်ပြည်နယ်ရှိ ကျိုက်ထီးရိုးဘုရားတွင်လည်း ကူညီ ဆောင်ရွက်ပေးနေကြောင်း သိရသည်။ **စိုးအောင်ဖေ**

ကိုးဘုံ့ရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း အကာခံယူပါ။

KBZ Bank Account No.

သဲအင်းဂူခုနစ်ရက် အဓိဋ္ဌာန်တရားစခန်းပွဲ

ရန်ကင်းမြို့နယ်၊ မိုးကောင်းဘုရားဝင်းအတွင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်မှ ၂၃ ရက်အထိ (၇)ရက် အဓိဋ္ဌာန်တရားစခန်းပွဲကို မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ ကျင်းပသွားမည် ဖြစ်ပါသည်။ တရားစခန်းပွဲတွင် အဖွဲ့၏ဩဝါဒါစရိယ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဦးသီဟ (ပုသိမ်) အရှင်သူမြတ်က သမထဝိပဿနာ တရားတော်များကို ချီးမြှင့်ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖေဖော်ဝါရီလ ၁၅ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် မှတ်ပုံတင်ကတ်ပြားဖြင့် စာရင်းသွင်းရန်နှင့် နေ့ဆွမ်း၊ အရုဏ်ဆွမ်း လှူဒါန်းလိုသူများနှင့် ဆွမ်းစားဆောင်ပြုပြင်ရန် အလှူရှင်များ ဖုန်း-၀၉ ၈၆၂၃၉၉၇ သို့ ဆက်သွယ်ပါရန် နှိုးဆော်အပ်ပါသည်။

တိုက်ငှားမည်

ကျောက်တံတားမြို့နယ်၊ (၃၃)လမ်း၊ (ဆာကူရာ တာဝါအနီး)၊ ပေ(၂၅×၅၀) RC (4)ထပ်ခွဲ GF/1F - Hall Type, 2F/3F-MBR (4)ခန်းစီ၊ အဆင့်မြင့်ပြင်ဆင်ပြီး၊ Rooftop Penthouse, A/C(10)လုံး၊ FTT x Internet ရုံးသုံးပရိဘောဂများပါ။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၉၃၂၇၅၄၀၊ ၀၉-၃၃၂၄၈၄၈၈၊ ၀၉-၅၀၉၂၆၅၁

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အုံ့ကြီးအရှေ့ရပ်ကွက်၊ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၁၄) သစ်စက်ဝင်းအတွင်းရှိ အဆောက်အအုံဟောင်း (၃၉)လုံးအား ဖျက်သိမ်းဝယ်ယူရန် အိတ်ဖွင့်လေလံစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က)	ပစ္စည်းအမျိုးအမည်	-	အဆောက်အအုံဟောင်း (၃၉)လုံး
(ခ)	လေလံတင်ရောင်းချမည့်နေ့ရက်	-	၂၆-၂-၂၀၁၄ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၈း၀၀ နာရီ
	နေရာ	-	အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
(ဂ)	အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ရောင်းချမည့် နေ့ရက်	-	၆-၂-၂၀၁၄ရက်(ကြာသပတေးနေ့)မှ ၂၅-၂-၂၀၁၄ ရက်(အင်္ဂါနေ့)အထိ
	နေရာ	-	အမှတ်(၁)သစ်စက်၊ ကြည့်မြင်တိုင်
	ဆက်သွယ်ရန်ဖုန်းနံပါတ်	-	၀၉၅၄၁၂၄၀၂၊ ၀၉၇၃၂၁၄၄၃၀၊ ၀၉၂၅၀၁၈၄၅၄၄

၂။ အိတ်ဖွင့်လေလံလျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်-၁၀၀၀၀/-နှုန်းဖြင့် ၂၅-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

လေလံတင်ရောင်းချရေးဆပ်ကော်မတီ
မြန်မာ့သစ်လုပ်ငန်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုကြောင်း ကြော်ငြာအပ်ပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(က)	Submersible Pump	8 Sets	မြန်မာကျပ်ငွေ
(ခ)	Ø 2" PVC Pipe	400 Nos	။

ပိတ်ရက်နှင့်အချိန် - ၁၄-၂-၂၀၁၄ ရက် ၁၅း၀၀ နာရီ

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန(ရုံးချုပ်)
ထုတ်လုပ်ရေးနှင့်ဖြည့်တင်းရေးဌာနခွဲ
ရုံးအမှတ်(၅၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၂၉၅၊ ၀၆၇-၄၁၁၁၀၈

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဇ)၊ မြေကွက်အမှတ်(၆၁၁)၊ မြေကွက်တည်နေရာအမှတ်(၆၁၁)၊ သုနန္ဒာ(၅)လမ်း၊ (ဇ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဒေါ်မူမူကိုး ဒီ/အာရ်ဂျီအန်-၀၀၉၆၉၉) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်မူမူကိုးက ဂရန်ခြံကိုက်ပျက်စီးကြောင်း လက်ကျန်ဂရန်မူရင်းအထောက်အထား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး/ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

နွေရာသီအခြေခံနှင့် အဆင့်မြင့် အားကစားသင်တန်းများ ဖွင့်လှစ်ရေးစည်းဝေး

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား အောင်ချက်မြင့်မားစေရန်မိတ္ထီလာတက္ကသိုလ်မှ ပါမောက္ခများက ဖေဖော်ဝါရီ ၆ ရက်တွင် ရမည်းသင်းမြို့သို့ လာရောက်၍ ဘာသာရပ်ဆိုင်ရာများကို သင်ကြားပို့ချရာ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၂၀၀ ကျော် တက်ရောက်သင်ကြားခဲ့သည်။ သတင်းနှင့်ဓာတ်ပုံ - လှိုင်သန်းတင့် (ရမည်းသင်း)

ရန်ကုန် ဖေဖော်ဝါရီ ၈

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်မည့် ၂၀၁၄ ခုနှစ် နွေရာသီအခြေခံနှင့် အဆင့်မြင့် အားကစားသင်တန်းများဖွင့်လှစ်ခြင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းရှိ အားကစားနှင့် ကာယပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးကျော်ဆန်းဦးက နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားနိုင်ရန် ရည်ရွယ်၍ နေပြည်တော်၊ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၌ ဒေသနှင့် လိုက်လျောညီထွေမှုရှိ၍ လူအများစိတ်ပါဝင်စားသော အားကစားနည်းများကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ရန်ကုန်မြို့၌ နွေရာသီအခြေခံ အားကစားသင်တန်းများကို မတ် ၁၇ ရက်မှ ဧပြီ ၁၁ ရက်အထိ ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့၊ ဂျူဒို၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ သိုင်း၊ ခြင်းလုံး၊ အေရိုးဗစ်၊ တိုက်ကွမ်ဒို၊ ကျွမ်းဘား၊ ဝူရှူး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စက်ဘီး၊ တင်းနစ်၊ စစ်တုရင်၊ လှေလှော်၊ ကရာတေးဒို၊ ကာယကြံ့ခိုင်မှု၊ ရွက်လှေ၊ ဟော်ကီ၊ မြားပစ်၊ ရေကူး၊ ဘေ့စ်ဘော၊ ခရစ်ကက်၊ သေနတ်ပစ်၊ ဂေါက်သီး၊ ဘိလိယက်နှင့် စနူကာ၊ ဘိုးလင်းစသည့် အားကစားနည်း ၃၂ နည်းဖြင့် ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး ဆက်လက်၍ အဆင့်မြင့်အားကစားသင်တန်းကို ဧပြီ ၂၂ ရက်မှ မေ ၁၆ ရက်အထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ညောင်ဦးတွင် မိုးသီးနှံကောင်း၍ စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်နိုင်မည်

ညောင်ဦး၊ ဖေဖော်ဝါရီ ၈

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၃ ခုနှစ် မိုးသီးနှံများ စိုက်ပျိုးလျက်ရှိသည့် ကျေးရွာအုပ်စု ၇၂ စုတို့မှ တောင်သူလယ်သမားများ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေစုစုပေါင်း ကျပ်သိန်း ၂၀၁၉၀ ကို ချေးပေးခဲ့ကြောင်း သိရသည်။

ယင်းကျေးရွာအုပ်စုများမှ ယခင်နှစ်က စိုက်ပျိုးပြီးသော စပါးများအား ရိတ်သိမ်းခြွေလှေ့ကြပြီး စိုက်ပျိုးစရိတ်ချေးငွေကျပ်သိန်း ၁၉၂၁၀ ဒသမ ၆ ပေးဆပ်ခဲ့ခြင်းကြောင့် ပေးဆပ်မှုရာခိုင်နှုန်းဖြင့် တွက်ချက်ပါက ၉၅ ဒသမ ၁၅ ရာခိုင်နှုန်းဖြစ်၍ ပေးဆပ်ရန်ကျန်ငွေမှာ သိန်း ၉၇၉ ဒသမ ၄၇ သာ ကျန်ရှိကြောင်း ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဦးစုက ပြောသည်။

ယခုနှစ် စိုက်ပျိုးစရိတ်ချေးငွေမှာ ယခင်နှစ်များထက် များသော်လည်း ရာသီဥတု မှန်ကန်ကောင်းမွန်သဖြင့် မြေပဲ၊ နှမ်း၊ ပြောင်းဖူး၊ နှံစားပြောင်း၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ နေကြာ စသည့် မိုးသီးနှံများ အထွက်နှုန်း ကောင်းမွန်ခဲ့ခြင်းကြောင့် စိုက်ပျိုးစရိတ်ချေးငွေများ သတ်မှတ်ကာလအတွင်း ပေးဆပ်နိုင်မည်ဖြစ်ကြောင်း ယင်းကျေးရွာအုပ်စု ဘဏ်ကော်မတီဝင်တစ်ဦးက ပြောသည်။ **ရဲသူအောင်(ညောင်ဦး)**

ရေကြီးနစ်မြုပ်မှုကြောင့်ပျက်စီးသည့် ဧက ၂၃၀၆တွင် အစားထိုးစိုက်ပျိုး

ကလေး၊ ဖေဖော်ဝါရီ ၈

ကလေးမြို့နယ်တွင် ၂၀၁၃ ခုနှစ်မိုးကုန်ပိုင်း၌ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးဧက ၂၃၀၆ ပေါ်တွင် နေကြာ၊ မြေပဲ၊ မုန်ညင်း၊ မြေထောက်နှင့် နွေစပါးတို့ကို ပြန်လည်အစားထိုး စိုက်ပျိုးလျက်ရှိသည်။

ရေကြီးရေလျှံမှုကြောင့် နုန်းတင်မြေနုဖြစ်ပေါ်လျက်ရှိခြင်းဖြင့် ကလေးတွင် ဆောင်းသီးနှံ ပဲအမျိုးမျိုး စိုက်ပျိုးရာ၌ နေကြာ ၂၁၅၀ ဧက၊ မြေပဲ ၆၆ ဧက၊ မုန်ညင်း ၅၀ ဧက၊ မြေထောက်ပဲ ၃၀ ဧကနှင့် နွေစပါး ငါးဧကတို့အား အစားထိုး စိုက်ပျိုးလျက်ရှိပြီး နေကြာစိုက်ပျိုးမှုမှာ ဖြစ်ထွန်းကြောင်း သိရသည်။

ထို့ပြင်မြစ်ကမ်းစပ်များတွင် နေရဥ္စရာမြစ်နှင့်မြစ်သာမြစ်များ ရေပြည့်ရေလျှံမှုဖြစ်ပြီး မြစ်ရေများ ပြန်လည်ကျဆင်းသွားသည့်အခါ မြစ်ကမ်းစပ်များတွင် မြေနုကျွန်းများ ဖြစ်ပေါ်လာခြင်းနှင့် ဆောင်းရာသီနှင်းများကျခြင်းကြောင့် မြေသားအစိုဓာတ်များ ကောင်းမွန်ကာ မြေပဲစိုက်ခင်း၊ အခြားပဲမျိုးစုံစိုက်ခင်းများလည်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ကလေးမြို့နယ်တွင် ၂၀၁၃-၁၄ ခုနှစ်အတွင်း ပဲမျိုးစုံမှ ရရှိမည့်စားသုံးဆီ မက်ထရစ်တန် ၁၁၉၀၃ တန်အနက် နေကြာဆီမှ မက်ထရစ်တန် ၁၁၁၆ တန် ရရှိမည်ဖြစ်ရာ ကလေးမြို့နယ်အတွင်းရှိ ပြည်သူများ၏ စားသုံးဆီလိုအပ်ချက်ဖူလုံမည်ဖြစ်ကြောင်း သိရသည်။ **ဂျူနိုင်း**

သတင်းတိုများ

ကိုယ်ဝန်ဆောင်နှင့် ရင်သွေးငယ်များ ကာကွယ်ဆေးထိုး

နေပြည်တော် ဥတ္တရသီရိရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဖေဖော်ဝါရီ ၄ ရက်က ကိုယ်ဝန်ဆောင်မိခင်နှင့် ရင်သွေးငယ်များအား ကာကွယ်ဆေးများ ထိုးနှံပေးခဲ့သည်။ ထိုလုပ်ငန်းကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လစဉ် ဆောင်ရွက်ပေးနေပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် အသက်နှစ်လမှ တစ်နှစ်ခွဲအထိ ရင်သွေးငယ်များအား ဆုံဆို့နာ၊ ကြက်ညှာ၊ မေးခိုင်ရောဂါ၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်(ငါးမျိုးစပ်)ဆေးနှင့် တီဘီရောဂါ (ဘီစီဂျီ)၊ ပိုလီယိုရောဂါကာကွယ်ဆေးများ ထိုးခြင်းနှင့် တိုက်ကျွေးခြင်းတို့ကိုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

ရမည်းသင်းတွင် လျှပ်စစ်မီးလင်းရေးကော်မတီဖွဲ့စည်း

ရမည်းသင်းမြို့နယ်အတွင်းရှိ ရပ်ကွပ်နှင့်ကျေးရွာအုပ်စုအသီးသီးတို့တွင် လျှပ်စစ်မီးလင်းရေးအတွက် မြို့နယ်အနောက်ဘက်ရှိ သစ္စေးရွာ၊ လက်ပံတောအရှေ့ရွာ-အနောက်ရွာတို့တွင် ကျေးလက်မီးလင်းရေးကော်မတီ အသီးသီးဖွဲ့စည်းကာ ဒေသလျှပ်စစ်မီးလင်းရေးအတွက် လိုအပ်သည်များကို ညှိနှိုင်းလျက်ရှိသည်။ အဆိုပါရွာတို့တွင် စုစုပေါင်းအိမ်ခြေ ၅၃၀ကျော်ရှိပြီး လျှပ်စစ်အသုံးပြုမည့် အိမ်ခြေ ၄၀၀ ကျော် စာရင်းကောက်ယူပြုစုပြီးဖြစ်ကြောင်း သိရသည်။ **လှိုင်သန်းတင့်(ရမည်းသင်း)**

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၃/၂၀၁၄)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-181(2013-2014)	30Ton(6x4)NGV Tractor(1)No with 30 Ton Cascade Trailer (3)Nos	(1) Lot	US$
(၂)	IFB-182(2013-2014)	Skid Mounted Engine Driven Air Compressor	(1)No	US$
(၃)	IFB-183(2013-2014)	Cummins Engine with Gear Box	(1) Set	US$
(၄)	IFB-184(2013-2014)	Assorted Sizes of Seamless Casings	(10) Items	US$
(၅)	DMP/L-058(2013-2014)	Spares for CAT D 3512 Engine Ex D 3 T 2 SR- I & II Rigs	(4) Items	Ks
(၆)	DMP/L-059(2013-2014)	Spares for FA 1600 Triplex Pump Ex Emsco Rig	(1)Lot	Ks
(၇)	DMP/L-060(2013-2014)	500KVA Transformer and Dual Transformer	(2) Items	Ks
(၈)	DMP/L-061(2013-2014)	1.5 HP Air Conditioner Split Type and Floor Standing Type Air Conditioner	(2) Items	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၅-၃-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆



ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ခြောက်ထပ်ကြီးဘုရားဝင်းရှိ ဘိုကလေးမြို့နယ် အသင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ အသင်းသူ၊ အသင်းသားများနှင့် မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားပါသည်။

အသက် (၇၅)နှစ်နှင့်အထက် အသင်းဝင် ဘိုးဘွားများနှင့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော၊ အသင်းဝင်များ၏ သားသမီးများသည် ၂၀-၂-၂၀၁၄ ရက်နောက်ဆုံးထား၍ ဦးစိန်မြင့် -၀၉ ၅၀၂၉၆၂၆၊ ဦးသိန်းလွင် -၀၉ ၃၃၀၅၁၆၃၆၊ ဦးခင်စိုး -၀၉ ၈၆၀၁၅၀၂၊ ဦးဝင်းမော်ဦး- ၀၉ ၄၀၁၅၂၃၂၃၆၊ ဦးခင်မောင်ဦး -၀၉ ၄၅၀၀၄၁၅၆၅၊ ဦးတင်သောင်း-၀၉ ၅၀၄၂၁၇၀ တို့ထံ ဆက်သွယ်စာရင်းပေးပို့နိုင်ပါသည်။

အမှုဆောင်အဖွဲ့၊ ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)

ယဉ်ကျေးမှုအမွေအနှစ်များ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဟောပြောပို့ချ

မန္တလေး၊ ဖေဖော်ဝါရီ ၈

ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် မီးဘေးအန္တရာယ်မှကာကွယ်ရေးအတွက် ကမ္ဘာ့အထိမ်းအမှတ်အဆောက်အအုံများရန်ပုံငွေအဖွဲ့မှ ဟောပြောပွဲကို ဖေဖော်ဝါရီ ၆ ရက်တွင် မန္တလေးမြို့ ဂျက်ဖာဆင်စင်တာ၌ ကျင်းပခဲ့သည်။

ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရာတွင် လူကြောင့်ဖြစ်စေ၊ ရေ၊ လျှပ်၊ မီးအစရှိသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပွားခဲ့ပါက လုပ်ဆောင်ရမည့် အခြေအနေများကို သမိုင်းဝင်အဆောက်အအုံများ မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်းများအတွက် ကျွမ်းကျင်ပညာရှင်ဖြစ်သည့် မစ္စတာမာရီယွန်က ဟောပြောပို့ချခဲ့သည်။

"သမိုင်းဝင် အဆောက်အအုံတွေကို ပေါ့ဆမှုတစ်စုံတစ်ရာမဖြစ်ခင် အခြေအနေ၊ ဖြစ်နေဆဲအခြေအနေနဲ့ ဖြစ်ပြီးအခြေအနေတွေမှာ အဓိကထားလုပ်ဆောင်ရမယ့်အချက်တွေရှိပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ကြောင့် သစ်သားကျောင်းဆောင်ကြီးဖြစ်သည့် ရွှေကျောင်းကြီး ပြုပြင်ထိန်းသိမ်းရာတွင်လည်း ပြုပြင်မှုမစတင်မီ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ သရီးဒီဒီဇိုင်းဖြင့်ရေးဆွဲမှု အခြေအနေများနှင့် ပတ်ဝန်းကျင်အခြေအနေများကြောင့် ရွှေကျောင်းကြီး ထိခိုက်မှုမရှိစေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသွားခဲ့သည်။

ရွှေကျောင်းကြီးအား ကမ္ဘာ့အထိမ်းအမှတ်အဆောက်အအုံများရန်ပုံငွေအဖွဲ့ (WMF)မှ ဖေဖော်ဝါရီ ဒုတိယပတ်တွင် နှစ်နှစ်စီမံကိန်းဖြင့် ပြုပြင်မွမ်းမံမှုစတင်လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ်အတွက်သုံးစွဲငွေ ဒေါ်လာငါးသိန်း ကုန်ကျမည်ဟု ခန့်မှန်းထားကာ ပြင်သစ်၊ အီဂျစ်၊ ဗြိတိန်၊ အမေရိကန်နိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များက ပြုပြင်မှုလုပ်ဆောင်သွားမည်ဖြစ်သည်။

အဆိုပါဟောပြောပွဲ အခမ်းအနားသို့ ရှေးဟောင်းသုတေသနဦးစီးဌာနမှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနနှင့် ရှေးဟောင်းကျောင်းတိုက်ကြီးများတွင် နေထိုင်သည့် သံဃာတော်များနှင့် လာရောက်လေ့လာသူ စုစုပေါင်း ၆၀ တက်ရောက်ခဲ့ကြသည်။

(အောင်ရဲသွင်)

မန္တလေး၌ ပတ်ဝန်းကျင်မတင့်ဖွယ်များ ဖမ်းဆီး

မန္တလေး ဖေဖော်ဝါရီ ၈

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ထွန်တုံးရပ်ကွက် အကွက်စစ-၁၀ တွင် ကိုဦးနှင့် နေမင်းတို့ စီမံကြီးကြပ်ပြီး ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်နေကြောင်း သတင်းအရ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးခင်းအကူမှ ဒု-ရဲအုပ် ဖြိုးမင်းသောင်းနှင့်အဖွဲ့၊ အောင်ပင်လယ်ရဲစခန်းမှ ဇေယျာဝင်းနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ဖေဖော်ဝါရီ ၂ ရက် ည ၁၁ နာရီကဝင်ရောက်ဖမ်းဆီးရာ ပျော်ပါးသူများအား ကြိုဆိုပေးသူ တင်အောင်မြင့်(၁၉)နှစ် ထွန်တုံးရပ်ကွက်နေသူနှင့် ပြည့်တန်ဆာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ မအေးမိုး(၂၀)နှစ်ပါ ငါးဦးအား ပြည့်တန်ဆာလုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်း၊ ငွေကျပ် ၃၅၀၀၀ နှင့်အတူ တွေ့ရှိသဖြင့်ဖမ်းဆီးပြီး ပြည့်တန်ဆာလုပ်ငန်းလုပ်ကိုင်သူ ကိုဦး၊ နေမင်း၊ တင်အောင်မြင့်ပါ ရှစ်ဦးအား အောင်ပင်လယ်နယ်မြေရဲစခန်းက(ပ)၄၃/၂၀၁၄၊ ပြည့်တန်ဆာပုဒ်မ ၅(၁)/ ၇(စ)(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

တရားမဝင်ကျွန်းတံခါးအပိုင်းအစများ သိမ်းဆည်းရမိ

တိုက်ကြီး၊ ဖေဖော်ဝါရီ ၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် သစ်တောဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် သစ်တောဝန်ထမ်းများသည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၆ နာရီခန့်တွင် ရန်ကုန်-ပြည်လမ်းပေါ်တွင် TOYOTA အဖြူရောင်ယာဉ်ကို တားဆီးရာ ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်-ပြည်လမ်း မီးရထားသံလမ်းအနီး မိုင်တိုင်အမှတ် (၂၉/၇) အနီးရှိ မော်ဘီဆရာသိန်းစာကြည့်တိုက်ဝင်းအတွင်းတွင် ယာဉ်ကိုထားခဲ့ပြီး ယာဉ်မောင်းနှင့် ယာဉ်ပေါ်ပါလူတစ်ဦးတို့မှာ ထွက်ပြေးသွားခဲ့ရာ ၎င်းယာဉ်ပေါ်တွင် တရားမဝင် ကျွန်းတံခါး အပိုင်းအစများ ၃၅၆ ချောင်း (သုည ဒသမ ၄၃၉ တန်) ပါရှိကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မော်ဘီရဲစခန်းသို့ အမှုဖွင့်အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

မလှိုင်မြို့နယ်ရှိ တောင်သူများနှင့် သမဝါယမအသင်းဝင်များအား ချေးငွေကျပ် သိန်း ၅၆၀၀ ကျော်ပေးအပ်

မလှိုင်၊ ဖေဖော်ဝါရီ ၈

မလှိုင်မြို့နယ်အတွင်းရှိ အခြေခံသမဝါယမ အသင်းသားဖြစ်သော တောင်သူများ၏ လုပ်ငန်းများတွင် လိုအပ်နေသည့် အရင်းအနှီးများကို သမဝါယမ အသေးစားငွေကြေးဝန်ဆောင်မှု ချေးငွေလုပ်ငန်းအဖြစ် အသင်းသားတောင်သူများနှင့် လက်လုပ်လက်စားများအား ဖေဖော်ဝါရီ ၂ ရက်နေ့မှစ၍ ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။

အသင်းသားများဖြစ်သော တောင်သူများအား အတိုးနှုန်းသက်သာစွာရရှိစေရန်၊ မြန်မာ့လယ်ယာကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank မှ ငွေကျပ် ၃၉၈၀ ဒသမ ၅ သိန်းကို တောင်သူများသာ ထုတ်ချေးပြီး တစ်ဦးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့်ချေးကာ အသင်းသားအဖြစ် အစုငွေကျပ် ၅၀၀၀ ထည့်ဝင်ရသည်။

CB Bank မှ ကျပ် ၁၆၅၃ ဒသမ ၃ သိန်းကို လက်လုပ်လက်စားများသာ ထုတ်ချေးပေးပြီး တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းချေးကာ ချေးငွေ၏ ၁၀ ရာခိုင်နှုန်း (၅၀၀၀ ကျပ်)ကို စုဆောင်းငွေအဖြစ်ထည့်ဝင်ရကာ အတိုးနှုန်းကို ၁ ကျပ် ၅၀ ပြား ပေးရပြီး ချေးငွေသက်တမ်းကို ငါးလ သတ်မှတ်ထားကြောင်း သိရသည် ။

အဆိုပါချေးငွေများကို မလှိုင်မြို့နယ် သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမ အသင်းစုတို့မှ ပူးပေါင်းတာဝန်ယူ၍ ကျေးရွာအုပ်စု ၅၆ အုပ်စုရှိ အခြေခံသမဝါယမ အသင်း ၁၃၃ သင်းမှ အသင်းသား ၁၂၀၅၃ ဦးကို ချေးငွေကျပ် ၅၆၃၃ ဒသမ ၈ သိန်း ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အောင်ဌေး(မလှိုင်)

ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၆၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖေဖော်ဝါရီ ၂ ရက် ညက ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာဝင်းအတွင်း မြန်မာ့ရိုးရာခြင်းလုံးဝိုင်းကြီးခတ်အလှပြပွဲကျင်းပစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

Suzuki (R+) ကားရောင်းမည်

ရောင်းမည်
3 Tons Dusk Crane(၂)စီး
Fuso Fighter
Nissan Condor
Ph:09-5080242,
09-421057227

အသေအပျောက် ဘုံကထိန်ဆင်းပေါင်း ပရ ...

အသေအဟာန် ဓမ္မာစရိယ ... (၆၇)စဝါ ဘုဝ်ရှင်

နေ့ရက် - - - (၁၅-၂-၂၀၁၄)
အချိန် - - - ညနေ (၅:၃၀)နာရီမှ ည (၁၂:၀၀)နာရီ
နေရာ - - - ... ရန်ကုန်မြို့

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှ ကြက်သွန်ဖြူ/နီ၊ ဧရာတ်ရှည်နှင့် စားအုန်းဆီဈေးနှုန်းများ

ရန်ကုန် ဖေဖော်ဝါရီ ၈

ရှမ်းကြက်သွန်ဖြူ

အသစ်ထွက်ပေါ်ရန် အချိန်နီးကပ်နေသော ရှမ်းကြက်သွန်ဖြူဈေးနှုန်း တစ်ပိဿာလျှင် ကျပ်၃၅၀မှ ကျပ်၅၀၀ ဝန်းကျင်သို့ဈေးမြင့်လာကြောင်း ဘုရင့်နောင် ကုန်စည်ဈေးကွက်၏ ဖေဖော်ဝါရီ ၄ရက် ကုန်စည်ဒိုင်ဈေးနှုန်းများအရ သိရသည်။ ဖေဖော်ဝါရီလကုန်ဝန်းကျင်တွင် အသစ်ထွက်ပေါ်၍ ဈေးကွက်သို့ စတင်ရောက်ရှိနိုင်သော ရှမ်းကြက်သွန်ဖြူများ လက်ကျန်နည်းလာသဖြင့် ဇန်နဝါရီ ၂၈ ရက်တွင် ရှမ်းကြက်သွန်ဖြူ(တောင်ကြီး) တစ်ပိဿာလျှင် ၁၁၅၀၊ ၁၅၅၀၊ ၁၈၀၀၊ ၂၀၀၀ ကျပ်နှုန်းရှိသော်လည်း ဖေဖော်ဝါရီ ၄ ရက်တွင် ၁၅၀၀၊၁၈၀၀၊၂၁၀၀၊၂၅၀၀ကျပ်နှုန်းသို့ မြင့်တက်လာကြောင်း၊ ထွက်နှုန်းပိုသော တရုတ်ပြည်မှ ကြူကုန်ကြက်သွန်ဖြူများ ပြည်တွင်းသို့ ဝင်ရောက်မှုများသဖြင့် ဖေဖော်ဝါရီ ၄ ရက်တွင် တစ်ပိဿာ ၁၀၅၀ ကျပ်နှုန်းဖြင့် ရှမ်းကြက်သွန်ဖြူဈေးနှုန်းအောက်တွင်ရှိနေကြောင်း ကြက်သွန်ဖြူရောင်းသူများမှ ဆိုသည်။ ရှမ်းကြက်သွန်ဖြူဈေးနှုန်းမြင့်တက်လာသဖြင့် ရှမ်းကြက်သွန်ဖြူ အသစ်များ အချိန်စော၍ တူးဖော်ပြီး ဈေးကွက်သို့ တင်ပို့နိုင်ကြောင်း ကုန်သည်များမှ ဆိုသည်။

ဧရာတ်ရှည်

ပြည်ပမှတင်သွင်းလာသော ဧရာတ်ရှည်ဈေးနှုန်းများမှာ တစ်ပိဿာ ကျပ် ၂၀၀ ဈေးကျကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်းများအရ သိရသည်။ ဇန်နဝါရီ ၂၈ရက်တွင် တစ်ပိဿာ ၂၈၀၀၊၂၉၀၀ကျပ်နှုန်းရှိသော ပြည်ပမှတင်သွင်းလာသော ဧရာတ်ရှည်များသည် ဖေဖော်ဝါရီ ၁ ရက်တွင် ခြောက်ပိဿာဝင် အိတ်ကလေး ၅၀၀၀ ကျော်ဝင်ရောက်လာမှုနှင့်အတူ ဖေဖော်ဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် လက်ကား ၂၆၅၀၊ ၂၇၀၀ကျပ်နှုန်းသို့ ကျဆင်းလာကြောင်း ဧရာတ်ရောင်းချသူများမှ ဆိုသည်။

ကြက်သွန်နီ

ရန်ကုန်ဈေးရပ်သို့ ကြက်သွန်နီ ၂ရက်အတွင်း ပိဿာ ခြောက်သိန်းကျော် ဝင်ရောက်ခဲ့သော်လည်း ဈေးနှုန်းပြောင်းလဲမှုများရှိကြောင်း၊ဖေဖော်ဝါရီ ၃ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာ ၃၉၀၀၀၀၊ဖေဖော်ဝါရီ ၄ရက်တွင် ပိဿာ ၂၁၀၀၀၀ ဝင်ရောက်လာပြီး၊ ဖေဖော်ဝါရီ ၄ရက်တွင် ဆိပ်ဖြူကြက်သွန်နီ လက်ကားဈေးနှုန်း တစ်ပိဿာ ၄၀၀၊၅၅၀၊၆၂၅၊ ၆၅၀ ကျပ်နှုန်း၊ တောင်တွင်း ၄၂၅၊ ၅၅၀၊ ၆၀၀၊ ၆၇၀ ကျပ်နှုန်း၊ မြင်းခြံ ၄၀၀၊ ၅၅၀၊ ၆၀၀၊ ၆၂၅ ကျပ်နှုန်း၊ မြစ်သား ၆၀၀၊ ၈၀၀၊ ၈၅၀၊ ၈၇၅ ကျပ်နှုန်းရှိကြောင်း၊ အသစ်ထွက်ပေါ်လာသော ကြက်သွန်နီများတွင် အလုံးသေးအိတ်ရေနည်းပြီး အလုံးကြီးများသာ အိတ်ရေများသဖြင့် လပ်ကြီးနှင့်ရှယ် အရွယ်အစားများ ဈေးကျမှုပိုများကြောင်း သိရသည်။

စားအုန်းဆီ

ပြည်ပစားအုန်းဆီဈေးနှုန်း ပြောင်းလဲမှုမရှိသော်လည်း ရန်ကုန်ဈေးကွက် ဈေးမြင့်တက်လာကြောင်း ဖေဖော်ဝါရီ ၄ ရက် ဘုရင့်နောင်ကုန်စည်ဒိုင် ဈေးနှုန်းများအရ သိရသည်။ ဇန်နဝါရီ ၂၉ ရက် မလေးရှား FOB စားအုန်းဆီ တစ်တန်လျှင် ၈၂၅ ဒေါ်လာ၊ ငွေလဲနှုန်း ၉၈၆ ကျပ်ဖြင့် ဆိပ်ကမ်းအရောက် တစ်ပိဿာ အရင်းဈေး ၁၅၂၆ ကျပ်ဖြင့် ရန်ကုန်ဈေးကွက်၌ တစ်ပိဿာ လက်ကားရောင်းဈေး ၁၄၇၈ ကျပ်သာရှိသော်လည်း ဖေဖော်ဝါရီ ၄ ရက်တွင် FOB ၈၂၅ ဒေါ်လာငွေလဲနှုန်း ၉၈၇ ကျပ်ဖြင့် တစ်ပိဿာအရင်းဈေး ၁၅၂၇ ကျပ်သာရှိချိန်တွင် ရန်ကုန်ဈေးတွင် လက်ကားတစ်ပိဿာရောင်းဈေး ၁၅၁၅ ကျပ်နှုန်းသို့ တိုးမြင့်တက်လာသည်ဟုဆီကုန်သည်မှဆိုသည်။ **မောင်စေအောင်**

မဟာဗောဓိတစ်ထောင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗောဓိတစ်ထောင်ဆရာတော်ကြီး (၈၃) နှစ်ပြည့် မွေးနေ့မင်္ဂလာကျင်းပ

မုံရွာ ဖေဖော်ဝါရီ ၈

မုံရွာမြို့နယ် ကမ္ဘာကျော် မဟာဗောဓိတစ်ထောင် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ကျေးဇူးတော်ရှင် မဟာဗောဓိတစ်ထောင် ဆရာတော်ကြီး၏(၈၃)နှစ်ပြည့်မွေးနေ့ အထိမ်းအမှတ်ပွဲတော်ကို ဖေဖော်ဝါရီ ၅ ရက်မှ ၁၄ ရက်ထိ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ဓမ္မသဘင်၊ စတုဒိသာအလှူတို့အပြင် ရှမ်း၊ ကရင်စသည့် တိုင်းရင်းသား ရိုးရာအက၊ ရုပ်ရှင်၊ သဘင်အနုပညာရှင်တို့၏ ဖျော်ဖြေမှုတို့ဖြင့် ကျင်းပလျက်ရှိသည်။

မဟာဗောဓိတစ်ထောင် ဗုဒ္ဓပူဇနိယပူဇော်ပွဲနှင့် ဆရာတော်ကြီး (၈၃)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ လေးကျွန်းစကြာရပ်တော်မူဘုရားကြီးတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ကျင်းပလျက်ရှိပြီး ဖေဖော်ဝါရီ ၁၁ ရက်ည ၇ နာရီတွင် အမရပူရ နယ်လှည့်ကထိက မင်္ဂလာရိပ်သာဆရာတော် ဘဒ္ဒန္တသုန္တရ (B.S.C Maths), D.T Meel နှင့် ဖေဖော်ဝါရီ ၁၂ ရက်ညတွင် နိုင်ငံတော် ၁၁ ဘွဲ့ရ ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသတို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် မဟာဗောဓိတစ်ထောင် ဆရာတော်ကြီး၏ (၈၃)နှစ်ပြည့် မွေးနေ့အခမ်းအနားကို ပင့်သံဃာ ၈၃ ပါး၊ သီလရှင်ဆရာလေး ၈၃ ပါးတို့အား သင်္ကန်း၊ နဝကမ္မ၊ လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် သံဃာတော်အပါး ၃၀၀ ကျော်တို့အား စာရေးတံမဲဆွမ်းနှင့် ဆွမ်းဆန်တော်လောင်းလှူခြင်း၊ ရပ်နီးရပ်ဝေးမှ လာကြသော ပရိသတ်များအား ဖေဖော်ဝါရီ ၁၃ ရက်နှင့် ၁၄ ရက် နံနက်ပိုင်းမှစတင်၍ စတုဒိသာထမင်းဟင်းအလှူကို ပြုလုပ်မည်ဖြစ်ပြီး ရပ်တော်မူဘုရားကြီးရင်ပြင်တော်တွင် တိုင်းရင်းသား ယဉ်ကျေးမှု ရှမ်းရိုးရာအက၊ ကရင်ဒုံးယိမ်းအက၊ ရွှေလက်သံ မြန်မာဆိုင်းဝိုင်းတို့ဖြင့်လည်းကောင်း၊ ညပိုင်းတွင် ရုပ်ရှင်၊ ဂီတနှင့် ဇာတ်သဘင်အဖွဲ့များက အနုပညာဖြင့်ဖျော်ဖြေခြင်းနှင့် မန္တလေးမြို့ "ပွဲဦးမင်း" ဇာတ်အဖွဲ့တို့ဖြင့် ညဉ့်ခံဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေး ဆွေးနွေး

ကျိုက်ထို ဖေဖော်ဝါရီ ၈

ကျိုက်ထိုမြို့နယ် မုက္ခမော့ကျေးရွာ၌ စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၆ ရက် နံနက် ၁၀ နာရီက ကျေးရွာဘုန်းကြီးကျောင်း၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စာကြည့်တိုက်လုပ်ငန်းတာဝန်များဆောင်ရွက်ကြမည့် လူငယ်မောင်၊ မယ်များ စာအုပ်စာစောင် တိုးပွားရေးရန်ပုံငွေရရှိရေး၊ စနစ်တကျ ငှားရမ်းဆောင်ရွက်ရေးလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြီး စာကြည့်တိုက်မှူးတာဝန်ကို လူငယ်အဖွဲ့များက အလှည့်ကျကူညီဆောင်ရွက်သွားရေးတို့ကို မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရန်ကုန်ဆိပ်ကမ်း၊ ရန်ကုန်စတိုနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ပစ္စည်းများအားသယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် ၁၀-၂-၂၀၁၄ရက်

၃။ တင်ဒါပိတ်မည့်ရက် ၁၃-၂-၂၀၁၄ရက်

၄။ တင်ဒါပိတ်မည့်အချိန် ၁၂း၀၀နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ပညာဘူမိ၌ အဘိဓမ္မာဆရာဖြစ်သင်တန်းနှင့် ပဋ္ဌာန်းသင်တန်းဖွင့်မည်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟံသာဝတီအဝိုင်းအနီး၊ ရတနာပုံလမ်းရှိ "ပညာဘူမိကျောင်းတိုက်" ၌ ၁၅-၂-၂၀၁၄(စနေနေ့)မှစ၍အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်းဖော်ပြပါ ဗုဒ္ဓစာပေ သင်တန်းများကို ဓမ္မဒါန ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။

(က) သင်္ဂြိုဟ်အဘိဓမ္မာ ဆရာဖြစ်လေ့လာခြင်း-သင်တန်း
နံနက် ၈နာရီမှ ၁၀နာရီအထိ၊
(အဘိဓမ္မာ၊ဋီကာ၊ဝိသုဒ္ဓိမဂ်တို့ကို လေ့လာ၊ အောင်မြင်ပြီးသူများ တက်ရောက်နိုင်သည်။)

(ခ) ပဋ္ဌာန်းပစ္စယနိဒ္ဒေသ-သင်တန်း
မွန်းလွဲ ၁၂း၃၀နာရီမှ ညနေ ၄နာရီအထိ ၂-ချိန်၊
(မည်သူမဆိုတက်ရောက်နိုင်သည်။)

ဖုန်း-၀၁-၅၃၉၅၂၃၊၅၁၁၇၇၄၊ ၀၉-၄၂၁၀၂၅၆၈၂

ရောဂါ
ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
(၁၄)ညအိပ်(၁၅)ရက်ခရီးစဉ်
၈၅၀၀၀၀/
Ph : 01-556789, 09-420011778, 09-5078296, 09-5180885

SUMMER ENGLISH
ဂျက်ပရီ
0973129358
CENTRE-1
CENTRE-2
09-31693930
09-31860260

(၄-လ)အတွင်းကျွမ်းကျင်စွာပြောနိုင်ရမည်။ SINCE 1989
English SPEAKING
PES
U WIN MAW (RESEARCH)
1. အခြေခံGrammar & Speaking. (၄)လ (1.2.14) စမည်။
2. Special Class (၄)လ (1.2.14)
3. Speaking(Adv.) (၄)လ (1.2.14)
4. Grammar(Adv.) (၄)လ(1.2.14)
5. Useful Vocabulary (13.2.14)
6. တစ်ဦးချင်းသီးသန့်
7. Computer for Women Only
8. English For Kids
236 (3C), Yadanar St.,Sanchaung Tsp, Yangon. Ph : 516503 / 503984

ရေကူးသင်ကြစို့
ကန်တော်ကြီးရေကူးကန်နှင့် အပန်းဖြေစခန်း
၃.၃.၁၄ (March)
☎ – 554266 , 553931

တောင်သူများအား ဆောင်းသီးနှံစိုက်စရိတ်ထုတ်ချေး

ဖန်းမော် ဖေဖော်ဝါရီ ၇

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားများကို သက်ဆိုင်ရာတို့က စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိရာ ကချင်ပြည်နယ် သမဝါယမဦးစီးဌာန မြစ်ကြီးနားမြို့မှ အနီးကပ်ကြီးကြပ်လျက် တရုတ်နိုင်ငံဘဏ်ချေးငွေ ကျပ် ၂၈၇ ဒသမ ၇ သိန်းကို ဇန်နဝါရီလ ၂၉ ရက်က သက်ဆိုင်ရာသို့ လယ်ယာစီးပွားအထွေထွေသမအသင်း၏ မအူပင်ကျေးရွာမှ အသင်းသားတောင်သူလယ်သမား ၄၉ ဦးအတွက် ချေးငွေ ကျပ် ၂၈ ဒသမ ၁၀ သိန်း၊ မြတာပိန်လယ်ယာစီးပွားအထွေထွေသမအသင်း၏ မန်ရေးကျေးရွာ အသင်းသားတောင်သူ ၆၇ ဦးအတွက် ချေးငွေ ကျပ် ၆၃ ဒသမ ၄၀ သိန်းနှင့် ဖေဖော်ဝါရီ ၃ ရက်တွင် ဟေမွန်လယ်ယာစီးပွားအထွေထွေ

တရုတ်ပြည်သူ့သမ္မတနိုင်ငံအိတ်စင်မ်ဘဏ်က ဆောင်းသီးနှံစိုက်ပျိုးရန်အတွက် ဖန်းမော်ခရိုင်အတွင်းရှိတောင်သူများကို ထုတ်ချေးပေးခြင်းဖြစ်

ပေးအပ်ခဲ့သည်။

ရရှိထားသည့် တောင်သူချေးငွေများကို ဖေဖော်ဝါရီ ၁ ရက်တွင် ဖန်းမော်မြို့နယ် တာပိန်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ ရွှေကျေးနားရွာရှိ အသင်းသားတောင်သူလယ်သမား ၁၄၀ ဦးတို့အား ကျပ် ၁၁၉ သိန်း၊ မြနန်းစံလယ်ယာနှင့် အထွေထွေစီးပွားရေးသမအသင်း၏ နမ့်ဖားကျေးရွာရှိ အသင်းသားတောင်သူလယ်သမား ၄၅ ဦးတို့အား ချေးငွေ ကျပ် ၄၂ သိန်းကျော် ထုတ်ချေးပေးခဲ့သည်။

ဖေဖော်ဝါရီ ၂ ရက်တွင် စန္ဒာသမအသင်း၏ စင့်ကင်းကျေးရွာမှ အသင်းသားတောင် သူလယ်သမား ၃၇ ဦးတို့အား ချေးငွေ ကျပ် ၃၅ သိန်းတို့ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထုတ်ချေးပေးခဲ့သော ချေးငွေများမှာ တရုတ်နိုင်ငံ အိတ်စင်မ်ဘဏ်က ကျပ် ၂၈၇ ဒသမ ၇ သိန်းကို ဆောင်းသီးနှံစိုက်ပျိုးရေးအတွက် ထုတ်ချေးပေးခဲ့ခြင်းဖြစ်ပြီး ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ချရေးစီမံချက်အရ ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြစ်ကြီးနား-ခရိုင်ပြန်ဆက်)

မီးဘေးကာကွယ်အမှိုက်ရှင်း

နေပြည်တော် ဖေဖော်ဝါရီ ၇

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ဂန္ဓမာဈေးတွင် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သောကြောင့် မီးလောင်မှုမဖြစ်ပွားစေရန်အတွက် ဈေး၏တောင်ဘက်နှင့် အရှေ့ဘက်တို့တွင်ရှိသော ချုံနွယ်မြက်ခြောက်များ ရှင်းလင်းခြင်းနှင့် မီးတားလမ်းများဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဈေးတာဝန်ခံဦးစီးမှူး ဦးလှမြင့် ဦးဆောင်သောဝန်ထမ်းများက ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(မင်းမင်းလတ်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ကြီးမြန်သစ်ပင် ယူကလစ်ပင်စိုက်ပျိုးရေး ကွင်းဆင်းလေ့လာ

သီပေါ ဖေဖော်ဝါရီ ၇

ကြီးမြန်ယူကလစ်ပင်စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးလက်နေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ကျရေး၊ ပတ်ဝန်းကျင်အရိပ်ရပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်သည်သာမက စက်မှုကုန်ကြမ်းသစ်ပင်ဖြစ်၍ စီးပွားဖြစ်ထွန်းနိုင်ကြောင်း သိရသည်။ အဆိုပါ ယူကလစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများတည်ရှိသော ပြင်ဦးလွင်၊ မန္တလေးနှင့် စစ်ကိုင်းမြို့များရှိ စိုက်ခင်းများနှင့် လုပ်ငန်းဌာနများသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့ ဦးဆောင်သော မြေစာရင်းဌာန၊ စိုက်ပျိုးရေးဌာန၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဌာနေပြည်သူ့ စစ်အဖွဲ့ဝင်များ၊ မီဒီယာများပါဝင်သော ကြီးမြန်ယူကလစ်စိုက်ပျိုးရေးလုပ်ငန်းလေ့လာရေးအဖွဲ့ဝင်များ ပြီးခဲ့သည့်အပတ်က သွားရောက်လေ့လာခဲ့ကြသည်။

> “ စက်မှုကုန်ကြမ်းသစ်ပင်အကြီးမြန်သည့် ယူကလစ်ပင် စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းပြီး စီးပွားဖြစ်ထွန်းနိုင် ”

လေ့လာရေးအဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကြီးမြန်သစ်ပင်ယူကလစ်စံပြစိုက်ခင်းများသို့ ဦးစွာလေ့လာခဲ့ကြရာ ဂရိတ်ဝေါကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြပြီး တစ်ဆက်တည်းတွင် မန္တလေးမြို့ သိပ္ပံလမ်းနှင့် ၇၃ လမ်းဒေါင့်ရှိ တစ်သျှူးကာချာလ်မျိုးပွားအလုပ်ရုံသို့သွားရောက်လေ့လာကြရာ သက်ဆိုင်ရာက ရှင်းလင်းပြသဆွေးနွေးကြသည်။

ယင်းနောက် စစ်ကိုင်း ရွှေမင်းဝံရပ်ကွက်ရှိ သစ်အခြောက်ခံစက်ရုံလုပ်ငန်းခွင်သို့ သွားရောက်လေ့လာကြပြီး ယူကလစ်ပင်မှ ပရိဘောဂပစ္စည်းအမျိုးမျိုးထုတ်လုပ်ပုံအဆင့်ဆင့်ကို လေ့လာကြကာ သိလိုသည်များမေးမြန်းကြသည်။ ညပိုင်းတွင် မန္တလေးမြို့ ဂရတ်ဝေါဟိုတယ်ခန်းမ၌ ဆွေးနွေးပွဲကျင်းပခဲ့ပြီး ကုမ္ပဏီအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။

“ဒေသခံတိုင်းရင်းသားတွေအတွက် အကျိုးရှိနိုင်မဲ့ ကြီးမြန်ယူကလစ်ပင်စိုက်ပျိုးရေးလုပ်ငန်းကို လေ့လာသိရှိခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်မိကြောင်း၊ ကျွန်တော်တို့ နမ့်လန်ဒေသမှာ စမ်းသပ်စိုက်ပျိုးသွား နိုင်ဖို့ ကြိုးစားဆောင်ရွက်သွားပါမယ်”ဟု သီပေါမြို့နယ် နမ့်လန်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစိုင်းရွက်စိန်က ပြောသည်။ သီပေါမြို့နယ်ပြည်သူ့ စစ်ကိုယ်စားလှယ် ဦးစိုင်းလုံကလည်း “ဒီကြီးမြန်ယူကလစ်ပင်စိုက်ပျိုးမှုနဲ့ အကျိုးဖြစ်ထွန်းမှုတို့ကို အထူးစိတ်ဝင်စားပါတယ်။ ကျွန်တော်တို့အဖွဲ့ဝင်တွေနဲ့ ဒေသခံတောင်သူတွေပါ သိရှိပြီး စိုက်ပျိုးသွားနိုင်ဖို့ ပြန်လည်မျှဝေသွားပါ့မယ်။ ဖြစ်နိုင်ပါက မြို့နယ်အဆင့် အသင်းအဖွဲ့လေးဖွဲ့စည်းပြီး လက်တွေ့အကောင်အထည်ဖော်လုပ်ဆောင်သွားမယ်ဆိုရင် ပိုမိုထိရောက်မှုရှိနိုင်တယ်လို့ အကြံပြုချင်ပါတယ်”ဟု ပြောကြားခဲ့သည်။

(သီပေါကိုလတ်)

တန်ဖိုးမျှတ အိမ်ရာတည်ဆောက်မှု ၅၀ ရာခိုင်နှုန်းပြီးစီး၊ တိုက်ခန်း လျှောက်ထားသူများပြား

မန္တလေး ဖေဖော်ဝါရီ ၇

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြရည်နန္ဒာရပ်ကွက်နှင့် အောင်သာယာရပ်ကွက်အတွင်းရှိ တည်ဆောက်နေသော တန်ဖိုးမျှတအိမ်ရာစီမံကိန်းမှာ ၅၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီး သွားလာမှုလွယ်ကူစေရေး လမ်းများ ဖောက်လုပ်ကာ ကျောက်ချောလမ်းများ ခင်းလျက်ရှိသည်။

၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းက စတင်တည်ဆောက်ခဲ့သော တန်ဖိုးမျှတအိမ်ရာစီမံကိန်းတွင် အခန်းပေါင်း ၁၃၀၀ ပါဝင်ပြီး အဆိုပါ တိုက်ခန်းများကို မြရည်နန္ဒာရပ်ကွက်နှင့်အောင်သာယာရပ်ကွက်အတွင်းရှိ ရောင်းမှားဝယ်မှားဖြစ်ခဲ့သည့်သူများကို ဦးစားပေးရောင်းချသွားမည်ဖြစ်ပြီး ကျန်တိုက်ခန်းများကို အိုးအိမ်မရှိသော လုပ်သက်နှစ် ၂၀ အထက် နိုင်ငံ့ဝန်ထမ်းများ၊ အမှန်တကယ်နေထိုင်လိုသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရောင်းချပေးသွားရန်ရှိကြောင်း သိရသည်။

နိုင်ငံ့ဝန်ထမ်းများအပါအဝင် တန်ဖိုးမျှတအိမ်ရာ လျှောက်ထားသူ ၅၀၀၀ နီးပါးရှိသည်။ ရောင်းမှား ဝယ်မှားဖြစ်ခဲ့သူများနှင့် အမှန်တကယ်နေထိုင်လိုသူ လုပ်သက် ၂၅ နှစ်အထက် အိုးအိမ်မရှိ ဝန်ထမ်းများကိုသာ ဦးစားပေး၍ သင့်တင့်သောဈေးဖြင့် ရောင်းချပေးစေလိုကြောင်း မီးသတ်တပ်ကြပ်ကြီးတစ်ဦးက သုံးသပ်ပြောကြားသည်။

မောင်ပြည်သူ(မန္တလေး)

မြေရောင်းမည်
(အပြင်ပဒံ) ပေ(၄၀×၆၀)
(လှိုင်သာယာ)
ဖုန်း-၀၁-၆၈၄၉၇၇၊
၀၉-၃၁၀၈၃၇၇၇၊ ၀၉-၇၃၀၀၈၁၅၂

အမည်ပြောင်း
ထားဝယ်မြို့၊ ဗျောတောဝအုပ်စု၊ ညောင်ရမ်းရပ်၊ အောင်ခေမာလမ်းနေ ဦးသန်းထိုက်[၆/ထဝန(နိုင်)၀၂၂၇၈]၏သားများဖြစ်သော ထားဝယ်၊ အထက(၁)၊ နဝမတန်း(ခ)မှ မောင်ခန့်ခိုင်မြဲအား မောင်ကောင်းထိုက်သူဟုလည်းကောင်း၊ တတိယတန်း(ခ)မှ မောင်အောင်တည်တံ့အား မောင်စွမ်းထက်မြက်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကောင်းထိုက်သူ**
မောင်စွမ်းထက်မြက်

သင့်သွေးဖြင့်
အသက်ကယ်ပါ

အမေ့လက်ရာ
မြန်မာထမင်းဆိုင်နှင့် အစားအသောက်ဝန်ဆောင်မှု
အစားအသောက်များကို အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။
အောက်ပါဆိုင်သုံးနေရာမှလွဲ၍ အခြားမည်သည့်နေရာတွင်မှ ဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိပါ။ ကျွန်တော်/မ တို့၏ စေတနာအပြည့်၊ အရသာအပြည့်၊ ဝန်ဆောင်မှုအပြည့်၊ နေကြာဆီဖြင့်သာ သန့်ရှင်းသပ်ရပ်စွာ ချက်ပြုတ်ထားသော အစားအသောက်များကို အားပေးကြပါသော မိတ်ဟောင်း၊ မိတ်သစ်များ အားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။
ဦးကျော်သူ + ဒေါ်ခင်နှင်းအေး
- အမှတ် ၂၅/၂၇၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
- မင်းကွန်းတိုက်ကျောင်းတော်၊ ကမာရွတ်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
- အမှတ် (၂၅)၊ သရဖီ (၈) လမ်း၊ လေးထောင့်ကန်စံပြကျေးရွာ၊ မင်္ဂလာဒုံ။
၀၁-၅၀၁၅၂၄၊ ၀၉ ၇၃၀၁၇၉၇၃၊ ၀၉-၅၁၆၅၇၂၁

မအောင်မြင် ဂုဏ်ထူးထွက်လိုသူ တိုင်းအတွက်...
ဦးဇော်မျိုးအောင်
BE [Civil]
ခိုင်း
- ဂုဏ်ထူးရချင်ရင် ကိုယ်တိုင်လာခဲ့ပါ...
BA (Psycho)
: 09 45 117 9999, 09 73 000 225, 09 515 3319

ကကြိုးစုံတဲ့
မဟာဗျူဟာ
မင်းလွင်ထူး(မန္တလေးဆောင်)

ရောင်းမည်
ဆိုင်လုပ်ငန်းပါ ၊ မြေညီထပ်ထောင့်တိုက်ခန်း
တောင်ဥက္ကလာပမြို့နယ် ၊ လမ်းမတန်း ၊ (၃၅)ပေ×(၄၅)ပေ
ဆက်သွယ်ရန် - ၀၉-၂၆၄၁၂၁၅၅၁

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်းကြော်ငြာခြင်း
ကျွန်တော် စိုင်းထွန်းအေး (ဘ)ဦးအောင်ဘ[၁၃/လခတ(နိုင်)၀၀၀၀၈၆]နှင့် မသီရိကျော် (ဘ)ဦးကျော်ငွေး[၉/မရမ(နိုင်)၀၇၉၀၉၉]တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၂၀-၁-၂၀၁၄ ရက်မှစ၍ အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။
စိုင်းထွန်းအေး[၁၃/လခတ(နိုင်)၀၀၀၀၈၆]

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ရစ်ကံလေးကျေးရွာနေ ဦးသိန်းမြင့်-ဒေါ်သန်းလွင်တို့၏သမီး မကျော့ကေသူမြင့်(ခ)ကျော့ကျော့[၇/သနပ(နိုင်)၀၈၅၉၉၀]သည် မိဘဆွေမျိုးများ လက်မခံနိုင်သောကိစ္စကို မိမိသဘောဆန္ဒအလျောက်ပြုလုပ် သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။
မိဘများ
ဦးသိန်းမြင့်-ဒေါ်သန်းလွင်

သိမ်းဆည်းလယ်မြေများ ပြန်ပေးမည်ဆိုခြင်းကြောင့် တွံတေးမြို့မှလယ်မြေများ တင်ပြလျှောက်ထားမည်

ရန်ကုန်၊ ဖေဖော်ဝါရီ ၈

တပ်မတော်မှ သိမ်းယူထားသည့် မြေများအား ဒုတိယအကြိမ် ထပ်မံစိစစ်၍ စွန့်လွှတ်ပေးမည်ဆိုခြင်းကြောင့် ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်အတွင်းရှိ တပ်မတော်မှသိမ်းယူထားသည့် လယ်မြေဧက ၂၀၄၀ ကို သက်ဆိုင်ရာ အဖွဲ့အစည်းများထံသို့ ထပ်မံတင်ပြလျှောက်ထားသွားမည်ဖြစ်ကြောင်း လယ်သမားအရေး ဆောင်ရွက်ပေးနေသူ ဦးမန်းအုန်းမြင့်သိန်းက ပြောသည်။

ပြည်ထောင်စု လွှတ်တော်မှ ဖွဲ့စည်းထားသည့် စုံစမ်းရေးကော်မရှင် အစီရင်ခံစာ အပိုင်း ၁ နှင့် အပိုင်း ၃ တွင် တပ်မတော်နှင့်သက်ဆိုင်သည်ဟု ယူဆ၍ ပေးပို့ခဲ့သည် အမှုပေါင်း ၅၆၅ မှုရှိသော်လည်း စိစစ်ချက်အရ တပ်မတော်နှင့် သက်ဆိုင်သည့် အမှုပေါင်း ၃၆၅ မှုမှ ၃၅၇ မှုအားဖြေရှင်းပြီးကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပြီးဖြစ်သည်။

အဆိုပါ ဖြေရှင်းပေးခဲ့မှုတွင် ကော်မရှင်ထံ ရောက်ရှိသည့် တိုင်စာတွင် ပါဝင်ခဲ့သည့် စွန့်လွှတ် ပေးခဲ့သော မြေ ၂၄၈၅၄ ဒသမ ၉၁၀ ဧကနှင့် ကော်မရှင်၏ တိုင်စာတွင် မပါဝင်သော်လည်း သီးခြားစွန့်လွှတ်ပေးခဲ့သည့်မြေ ၂၉၄၀၀ ဒသမ ၀၉၃၀ ဧက စုစုပေါင်း ၅၄၂၅၅ ဒသမ ၀၀၃ ဧကကို ပထမအကြိမ် တပ်မတော်က ပြန်လည် စွန့်လွှတ် အပ်နှံခဲ့ပြီးဖြစ်သည်။

“ကျွန်တော်တို့ တွံတေးမြို့နယ်ထဲမှာရှိတဲ့ ခတ္တိယတိုက်နယ်ကျေးရွာအုပ်စု၊ ရေတွင်းကုန်းကျေးရွာအုပ်စု၊ မဝင်းကျေးရွာအုပ်စုနှင့် သူချောင်းလေးကျေးရွာအုပ်စု ကျေးရွာလေးရွာကို သိမ်းထားတဲ့ လယ်မြေဧက ၂၀၄၀ ဧက ပြန်မရသေးဘူး။ အခုအဲဒါကို ဒီရက်ပိုင်းအတွင်းထပ်ပြီး သက်ဆိုင်ရာကို တင်ပြသွားမှာပါ” ဟု ဦးမန်းအုန်းမြင့်သိန်းက ပြောကြားသည်။

ယခုအခါ တပ်မတော်မှ ဒုတိယအကြိမ်အဖြစ် မြေဧရိယာ ၁၅၄၈၉၂ ဒသမ ၁၀၂ ဧကအား ပြည်ထောင်စုအစိုးရအဖွဲ့နှင့် မြေအသုံးချမှု စီမံခန့်ခွဲရေး ဗဟိုကော်မတီသို့ တင်ပြပြီး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရများမှတစ်ဆင့် စနစ်တကျစိစစ်ပြီး မူလသက်ဆိုင်သူများထံသို့ ပြန်လည်ပေးအပ်သွားမည်ဖြစ်သည်။

တင်မောင်ဦး

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အရောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ ရှင်းလင်း

မန်တုံ၊ ဖေဖော်ဝါရီ ၈

ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီမှ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၅ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့၊ အထက်တန်းကျောင်း ရွှေလီခန်းမဆောင်၌ ကျင်းပခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁ ၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

နောက်ကျဂိုးဖြင့် ဧယျာရွှေမြေနိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၈

MNL Myanmar 2014 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားသည်။

(သုဝဏ္ဏကွင်း)

ဧယျာရွှေမြေ - တစ်ဂိုး (မက်သယူး)

မကွေး - ဂိုးမရှိ။

ခြေစွမ်းပိုင်းကွာခြားမှုမရှိသလို နှစ်သင်းစလုံးဂိုးသွင်းခွင့်များ အပြန်အလှန်ဖန်တီးနိုင်ခဲ့သော်လည်း ဧယျာရွှေမြေအသင်းက ပွဲပြီးခါနီးတွင်ရရှိသော ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ နှစ်သင်းစလုံးပွဲဦးထွက်ပွဲတွင် နိုင်ပွဲရရှိထားသလို နိုင်ပွဲဆက်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆**

မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍတွင် သမိုင်းမှတ်တိုင်သစ်စိုက်ထူမည့် တယ်လီနော်နှင့် အူရဒူး

နော်ဝေအခြေစိုက် တယ်လီနော် တယ်လီကွန်မြူနီကေးရှင်း ကုမ္ပဏီအဆောက်အအုံ။

တယ်လီကွန်မြူနီကေးရှင်းကုမ္ပဏီကြီးများဖြစ်သည့် နော်ဝေအခြေစိုက် တယ်လီနော်နှင့် ကာတာအခြေစိုက် အူရဒူးတို့ ပြီးခဲ့သည့် ဇန်နဝါရီ ၃၀ ရက်တွင် မြန်မာအစိုးရနှင့် အပြီးသတ်စာချုပ်များ ချုပ်ဆိုအပြီးမှာတော့ ဆယ်စုနှစ်ပေါင်းများစွာ နိုင်ငံတကာနှင့် အဆက်အသွယ်ဖြတ်ပြီး နေထိုင်ခဲ့ရသည့် မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်းအသုံးပြုမှုအရေအတွက် အဆမတန်တိုးပွားလာမည်လား ဆိုသည်မှာ မျှော်လင့်စရာဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံရှိ ပြည်သူများမှာ မိုဘိုင်းဖုန်းဆင်းကတ်များ ရရှိရန် မဲစနစ်ဖြင့် ရောင်းချမှုများကို အားကိုးနေရခြင်းဖြစ်ရာ လူ ၁၀ ဦးတွင် တစ်ဦးသာ မိုဘိုင်းဖုန်းပိုင်ဆိုင်သည်ဟု ယူဆရသည်။

ငါးနှစ်အတွင်း နိုင်ငံ၏လူဦးရေကိုးဆယ်ရာခိုင်နှုန်းကို ရောင်းချရန် ရည်ရွယ်ထားပြီး စီးပွားရေးအခွင့်အလမ်းကောင်းဟုလည်း သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက ပြောကြားသွားသည်။

မိုဘိုင်းဖုန်းများမှာ မြန်မာနိုင်ငံတွင် လူအများစု လက်လှမ်းမမီသေးသော အနေအထားတွင်ပင် ရှိနေဆဲလည်းဖြစ်ပေသည်။ အစိုးရက ယမန်နှစ်မှ စတင်၍ တန်ဖိုးနည်းဖုန်းများအား မဲစနစ်ဖြင့် စတင်ရောင်းချလာခဲ့သော်လည်း ပြည်သူအများစုမှာ လမ်းဘေးဖုန်းများကိုသာ အားကိုးနေရဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အရပ်သားအစိုးရတက်လာပြီး ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်လာခဲ့ရာတွင် အနောက်တိုင်းနိုင်ငံများမှ မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်အရေးယူထားသော ပိတ်ဆို့မှုများကို ဖယ်ရှားပေးလိုက်ပြီး ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ဝင်စားမှုကိုလည်းရရှိလာခဲ့သည်။ သို့သော် အမှန်တကယ် ရင်းနှီးမြှုပ်နှံသူများအတွက် စိုးရိမ်ကြောင့်ကြမှုများ တည်ရှိနေဆဲပင်ဖြစ်သည်။

အဆိုပါကုမ္ပဏီနှစ်ခုသည် မြန်မာနိုင်ငံတွင် (၁၅)နှစ်ကြာ လုပ်ကိုင်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ တယ်လီနော်ကုမ္ပဏီမှာ မိုဘိုင်းကွန်ရက်တစ်ခုကို စတင်တည်ထောင်သွားမည်ဟုလည်း ပြောဆိုသွားသည်။ ထိုကဲ့သို့ လုပ်ကိုင်ခွင့်များရရှိခဲ့သော်လည်း တယ်လီနော်နှင့် အူရဒူးတို့အနေဖြင့် ၎င်းတို့၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရန် အခက်အခဲများ များစွာရှိကြောင်း ကျွမ်းကျင်သူများက ထောက်ပြပြောဆိုမှုများလည်း ရှိနေသည်။

ယင်း အခက်အခဲများထဲမှ တစ်ခုမှာ တာဝါတိုင်များဆောက်လုပ်ရန်လိုအပ်သော မြေနေရာရရှိရေးပင်ဖြစ်သည်။

မြေနေရာပိုင်ဆိုင်မှုကွဲကွဲပြားပြားမရှိခြင်း၊ တချို့နေရာများတွင် မြေနေရာပိုင်ဆိုင်မှုအပေါ် အငြင်းပွားမှုများရှိနေခြင်းများသည် ယင်းကုမ္ပဏီနှစ်ခု၏ အခြေခံအဆောက်အအုံများ ဆောက်လုပ်ရာတွင် အခက်အခဲများ ဖြစ်လာဖွယ်ရှိသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻**

ဇန်နဝါရီတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံးဆုများ မန်ချက်စတာစီတီ ပယ်လီဂရီနီနှင့် အဒန်ဂျွန်ဆင်တို့ဆွတ်ခူး

မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီ **(ဝဲပုံ)**နှင့် ဆန်းဒါးလန်းကွင်းလယ်ကစားသမား အဒန်ဂျွန်ဆင် **(ယာပုံ)** တို့သည် ဇန်နဝါရီလ၏ တစ်လတာပရီမီယာလိဂ်အကောင်းဆုံးဆုများကို ဆွတ်ခူးရရှိခဲ့သည်။

မန်စီးတီးနည်းပြ ပယ်လီဂရီနီသည် ဇန်နဝါရီလအတွင်းက မန်စီးတီးအသင်းအား လေးပွဲကစား လေးပွဲစလုံး အနိုင်ရလဒ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ဇန်နဝါရီတစ်လတာ ပရီမီယာလိဂ်အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်ပြီး ဆွမ်ဆီးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နယူးကာဆယ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ကာဒစ်ဖ်အသင်းအား လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ စပါးအသင်းအား ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မန်စီးတီးအသင်းနည်းပြ ပယ်လီဂရီနီအနေဖြင့် အက်ဖ်အေဖလားပြိုင်ပွဲတွင် ပဉ္စမအဆင့်သို့လည်းကောင်း၊ ကက်ပီတယ်ဝမ်းဖလားပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲသို့ လည်းကောင်း မန်စီးတီးအသင်းတက်လှမ်းနိုင်ရေးအတွက်လည်း စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ထို့ကြောင့် ဇန်နဝါရီတစ်လတာ အကောင်းဆုံးနည်းပြဆုကို ရယူဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး ယခုတစ်ကြိမ်သည် ပယ်လီဂရီနီအတွက် ဒုတိယအကြိမ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၈ ကော်လံ ၃ သို့ ❐**

ကြေးမုံ Mirror
တနင်္ဂနွေ အထူးထုတ်
SUNDAY SPECIAL
2014 FEBRUARY 9, SUNDAY

PREMIER COFFEE
သဘာဝကော်ဖီစစ်စစ်အရသာ...ပရီမီယာ

စီးပွားရေး

ထိုင်း – မြန်မာ ရင်းနှီးမြှုပ်နှံမှု

မောင်သာယာ

ဗန်ကောက်မြို့ထက် မြေဈေးနှုန်းပိုမိုမြင့်မားလာသည့် ရန်ကုန်မြို့လယ်တစ်နေရာ။

မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်ရန် မလွယ်သေးသော်လည်း လူငယ်လုပ်သား အင်အားပေါများမှု၊ ကျယ်ပြန့်စွာတည်ရှိနေသော ခရီးသွားလုပ်ငန်းအလားအလာ၊ သဘာဝသယံဇာတကြွယ်ဝမှုတို့ဖြင့် အာရှတွင် မတို့မထိရသေးသည့် နောက်ဆုံးသော အဓိကဈေးကွက်ကြီးနှင့် နီးကပ်စွာတည်ရှိနေသော အခွင့်အရေးကြီးကို ထိုင်းကုမ္ပဏီများအနေဖြင့် ထိရောက်စွာအသုံးချသင့်ကြောင်း ဗန်ကောက်ပို့စ်သတင်းစာက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြသည်။

သဘာဝသယံဇာတများဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များထုတ်လုပ်လာနိုင်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းကြောင့် မြန်မာနိုင်ငံသည် ဒေသတွင်း၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)မှာ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ဟောကိန်းထုတ်ခန့်မှန်းထားသည်။

ထိုင်းကုန်သွယ်မှုတက္ကသိုလ် နိုင်ငံတကာကုန်သွယ်မှု လေ့လာရေးဗဟိုဌာနမှ မကြာမီက လေ့လာခန့်မှန်းမှုအရ အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်မှု အကျိုးသက်ရောက်မှုရှိလာမည့် ၂၀၁၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လက်ရှိအနေအထားထက် သုံးဆကျော် ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။ ၂၀၁၃ ခုနှစ်အတွင်းက အချက်အလက်များကို စံနမူနာထား၍ မြန်မာရင်းနှီးမြှုပ်နှံမှုကော်မရှင်က ရင်းနှီးမြှုပ်နှံမှုစီမံကိန်းသစ်အမြောက်အမြားကို လက်ခံခဲ့သည်။ အများစုမှာ အာရှကုမ္ပဏီများဖြစ်ပြီး အထူးစီးပွားရေးဇုန်များကိုလည်း ထူထောင်သွားမည်ဖြစ်သည်။ လက်ခံခဲ့သည့် စီမံကိန်းများမှာ စက်မှုလုပ်ငန်းအမျိုးအစားများဖြစ်သည်။

အခြေခံအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများအနက် နိုင်ငံတစ်ဝန်းကြီးမဲ့ ဆက်သွယ်ရေး ကွန်ရက်တည်ဆောက်တပ်ဆင်ရေး (၁၅)နှစ်လုပ်ကိုင်ခွင့်ကို ကာတာနိုင်ငံမှ Ooredoo ကုမ္ပဏီနှင့် နော်ဝေနိုင်ငံမှ Telenor ကုမ္ပဏီတို့က ရရှိသွားကြောင်း ဇွန်လအတွင်းက ထုတ်ပြန်ကြေညာခဲ့သည်။ အာရှနိုင်ငံများသည်လည်း မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကအခန်းကဏ္ဍမှ ဆက်လက်ပါဝင်လျက်ရှိပြီး ဥပမာအားဖြင့် ဂျပန်နိုင်ငံသည် မြန်မာအစိုးရနှင့် ရင်းနှီးချစ်ကြည်မှုကို တည်တံ့ခိုင်မြဲအောင်ထိန်းသိမ်းထားပြီး ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံဈေးကွက်သို့ဝင်ရောက်နိုင်ရန် လမ်းဖွင့်ပေးလျက်ရှိသည်။

ဂျပန်အစိုးရသည် မြန်မာအစိုးရနှင့် အမျိုးမျိုးသော ကတိကဝတ်များပြုကာ အတိုးမဲ့ချေးငွေများ ထောက်ပံ့ရန်နှင့် အခြားသောအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင်လည်း ကူညီထောက်ပံ့ပေးလျက်ရှိသည်။ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ လျော့ကျသွားသည်ဆိုသော်လည်း ၂၀၁၀ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၂ ဘီလီယံရှိပြီး ၂၀၁၂ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၀၇ သန်းရှိခဲ့သည်။ ၂၀၁၁ခုနှစ်က အငြင်းပွားဖွယ်မြစ်ဆုံဆည်စီမံကိန်းကို သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးနိုင်သည်ဆိုသော အကြောင်းပြချက်ဖြင့် ရပ်ဆိုင်းခဲ့ရပြီးနောက်ပိုင်း မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးနှင့် ပြည်သူများ၏ ခံယူချက်က တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ တရုတ်-မြန်မာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းသွယ်တန်းမှုကို ပြီးစီးသည်အထိ ဆက်လက် လုပ်ဆောင်ခဲ့သော်လည်း ဝေဖန်မှုများနှင့်ရင်ဆိုင်ခဲ့ရသည်။

သို့သော်လည်း မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံကြီး၏ ရင်းနှီးမြှုပ်နှံသူများကို ကာလကြာရှည် သူစိမ်းဆန်ဆန်ဆက်ဆံရန် မဖြစ်နိုင်သောကြောင့် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုမှာ ပြန်လည် မြင့်တက်လာဦးမည်ဟု မျှော်လင့်ရသည်။ တရုတ်နိုင်ငံကလည်း အာဆီယံနှင့် တောင်အာရှမဟာဗျူဟာ ဂိတ်ပေါက်ဖြစ်သည့် မြန်မာနိုင်ငံကို နိုင်ငံရေးထောက်ပံ့မှုများနှင့် ကုန်သွယ်မှုအကူအညီများ ဆက်လက်ပေးသွားမည်သာဖြစ်သည်။

ဇူလိုင်လအတွင်းက အမေရိကန်နိုင်ငံ၏ စီးပွားရေးပိတ်ဆို့အရေးယူမှု လျှော့ချပြီးနောက်ပိုင်း အမေရိကန်ရင်းနှီးမြှုပ်နှံသူများသည်လည်း မြန်မာနိုင်ငံဈေးကွက်သို့ ဝင်ရောက်ရန် ဟန်ပြင်နေကြပြီး စက်မှုလုပ်ငန်းများ၊ သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စက်ရုံ၊ လျှပ်စစ်လုပ်ငန်း၊ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ဘဏ်လုပ်ငန်းနှင့် စားသောက်ကုန်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ဦးတည်လျက်ရှိသည်။ General Electric (GE) ကုမ္ပဏီသည် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသည့် ပထမဆုံး အမေရိကန် ကုမ္ပဏီဖြစ်လာသည်။

ထိုင်းကုမ္ပဏီများအတွက် အဓိကပြဿနာမှာ မြန်မာနိုင်ငံတွင် ထိပ်တန်းရင်းနှီးမြှုပ်နှံသူအဖြစ် ဆက်လက်ရပ်တည်နိုင်ရေးပင်ဖြစ်သည်။ ထိုင်းကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကျဆင်းနေရခြင်းမှာ အခက်အခဲများစွာ ရင်ဆိုင်နေရခြင်းကြောင့်ဖြစ်မည်ဟု ယုံကြည်ရသည်။ အဆိုပါစိန်ခေါ်မှု အခက်အခဲများတွင် မြေငှားရမ်းခဈေးကြီးခြင်း၊ ယုံကြည်စိတ်ချရသော ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်းအားနည်းခြင်း၊ အခြေခံအဆောက်အအုံမရှိခြင်းနှင့် တိကျသော စည်းမျဉ်းဥပဒေများ မရှိခြင်းများလည်းပါဝင်သည်။ များစွာသော ထိုင်းကုမ္ပဏီများသည် စီးပွားရေးမိတ်ဖက်များ

စာမျက်နှာ ၂ သို့ » »

သဘာဝသယံဇာတများဖြစ်သည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များ ထုတ်လုပ်လာနိုင်မှုနှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာခြင်းကြောင့် မြန်မာနိုင်ငံသည်ဒေသတွင်း၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလျင်မြန်ဆုံးနိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်

ထိုင်း – မြန်မာ ရင်းနှီးမြှုပ်နှံမှု

»» ရှေ့ဖုံးမှ

ထဲမှ တိကျမှန်ကန်သည့် ဒေသခံစီးပွားဖက်များ ရှာဖွေရန် ရုန်းကန်နေကြရသည်။

စောင့်ကြည့်လေ့လာရမည့် အချက်များ

လာမည့် လေးငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းလုပ်ကိုင်မည့် ရင်းနှီးမြှုပ်နှံသူများ သိရှိလေ့လာထားရန် လိုအပ်သည့် အချက်ငါးချက်ကို ထုတ်ဖော်တင်ပြရလျှင်-

(၁) မြန်မာနိုင်ငံ၏ ဈေးကွက်သည် ခိုင်မာအင်အားကောင်းလာနေပြီး စီးပွားရေးလုပ်ငန်း ယှဉ်ပြိုင်မှုများသည်လည်း ပိုမိုပြင်းထန်လာမည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှု စီမံကိန်းများ၏ တိုးတက်မှုမှာ ၂၀၁၁ခုနှစ်တွင် ၂၄၀ ရာခိုင်နှုန်း၊ ၂၀၁၂ခုနှစ်တွင် ၅၁၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ပြုပြင်ပြောင်းလဲမှုအသစ်များကလည်း စီးပွားရေးတိုးတက်မှုအရှိန်ကို မြင့်တက်စေဖွယ်ရာရှိသည်။ သို့သော် တရုတ်ရင်းနှီးမြှုပ်နှံသူများ၏ အတွေ့အကြုံများအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရာ၌ ငွေကြေးနှင့် ကျွမ်းကျင်မှုများသာ ယူဆောင်လာ၍မရတော့ပေ။

ကုမ္ပဏီများအနေဖြင့် အမြတ်ငွေနှင့် အခြားအကျိုးအမြတ်များခွဲဝေမှုနှင့်ပတ်သက်၍ သတိထားရန်လိုအပ်ပြီး ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များနှင့် လူမှုအဖွဲ့အစည်းများ၏ တုံ့ပြန်မှုများကိုလည်း သတိထားရမည်ဖြစ်သည်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် ဖြေလျှော့မှုများကြောင့် ပေါ်ပေါက်လာသော အခြားစီးပွားရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ဒေသခံမြန်မာလူမျိုးများ၏ ခံယူချက်ကို ထိခိုက်စေသော အလားတူအမှားမျိုး မပြုလုပ်သင့်ပေ။ ပြည်သူများနှင့် အတိုက်အခံဖြစ်ခြင်းက စီးပွားရေးလုပ်ရန် ပိုမိုခက်ခဲသွားစေနိုင်သည်။

(၂) မြေဈေးနှုန်းမှာ ကျဆင်းရန် အလားအလာမရှိ။ ရန်ကုန်ဧရိယာတွင်ရှိသည့် မြေဈေးနှုန်းက ဗန်ကောက်မြို့ထက်ပိုမိုမြင့်မားနေသည်။ အစိုးရက မြေဈေးနှုန်းဖောင်းပွမှုကို ထိန်းချုပ်ရန်ကြိုးစားခဲ့သော်လည်း စီးပွားရေးမြို့တော်ပြယုဂ်ဖြစ်သည့် ရန်ကုန်မြို့၏ မြေဈေးကို ထိရောက်စွာထိန်းချုပ်နိုင်ခြင်းမရှိခဲ့ပေ။ မြေဈေးမှာ ဆက်လက်မြင့်တက်နေဦးမည်သာဖြစ်သည်။ဒေသခံရင်းနှီးမြှုပ်နှံသူများကလည်း အခြားရွေးချယ်စရာ စီးပွားရေးလုပ်ငန်းများရှိနေသည့်အတွက် ၎င်းတို့ပိုင်ဆိုင်သည့် အိမ်ခြံမြေများကို အဆောတလျင် ရောင်းချခြင်း မပြုကြ။ ယင်းအခြေအနေများကြောင့် ပြည်ပကုမ္ပဏီများအနေဖြင့် လာမည့်နှစ်အနည်းငယ်အတွင်း မြေငှားရမ်းမှု အခက်ကြုံရနိုင်သည်။ ရင်းနှီးမြှုပ်နှံသူများ အနေဖြင့် ပြည်ပစီးပွားရေးလုပ်ငန်းရှင်နှင့်ပူးပေါင်းလုပ်ကိုင်ပြီး ပိုင်ဆိုင်မှုတန်ဖိုး မြင့်တက်လိုသော သို့မဟုတ် နည်းပညာကျွမ်းကျင်မှု လဲလှယ်လိုသော ဒေသခံမြေပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းရှင်များကို ရှာဖွေသင့်သည်။

(၃) ဘဏ္ဍာရေးကဏ္ဍဖြေလျှော့မှုများသည်လည်း ညင်သာချောမွေ့လာမည်ဖြစ်သည်။ အစိုးရက ယခုနှစ်အတွင်းဖြစ်နိုင်သမျှ အမြန်ဆုံး နိုင်ငံခြားဘဏ်များ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ခွင့်ပေးရန် စဉ်းစားလျက်ရှိသည်။ မူဝါဒရေးဆွဲချမှတ်သူများက ပြည်တွင်းဘဏ်များ နိုင်ငံခြားဘဏ်များနှင့် ယှဉ်ပြိုင်နိုင်ရေးအတွက် ချိန်ခွင်လျှာညှိနေကြသည်။ ဘဏ်လုပ်ငန်း အခြေခံအဆောက်အအုံ တည်ရှိမှုအခြေအနေ အားနည်းမှုနှင့် စည်းမျဉ်းဥပဒေမရှိသေးခြင်းကြောင့် ဖြေလျှော့မှုများသည် အကန့်အသတ်ဖြင့်ရှိနေဦးမည်သာဖြစ်သည်။ ဘဏ္ဍာရေးဆိုင်ရာဥပဒေသစ်တစ်ခုကိုလည်း မကြာမီ ပြဋ္ဌာန်းတော့မည်ဖြစ်သည့်အတွက် အနီးကပ်စောင့်ကြည့်လေ့လာသွားရန် လိုအပ်သည်။ ဘဏ္ဍာရေးကဏ္ဍတွင် ထိန်းချုပ်ကန့်သတ်မှုများ ရှိနေဦးမည်ဖြစ်သည့်အတွက် နိုင်ငံခြားဘဏ်များနှင့် ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံတွင် ဘဏ္ဍာရေးအင်အား ခိုင်မာတောင့်တင်းသော စီးပွားဖက်များနှင့်အတူ မိမိတို့နိုင်ငံရှိ ကုန်သွယ်မှုဘဏ်များနှင့် ချိတ်ဆက်လုပ်ကိုင်နိုင်သည်။ မြန်မာနိုင်ငံမှ ဘဏ်များသည်လည်း ဖောက်သည်များအတွက် အိုင်တီနည်းပညာဝန်ဆောင်မှုများဖြင့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေကြပြီဖြစ်သည်။

(၄) ထိုင်းဘတ်ငွေသည် လဲလှယ်အသုံးပြုနိုင်သော အချိန်အခါမျှသာရှိသေးသည်။ မြန်မာနိုင်ငံတွင်လောလောဆယ် မြန်မာကျပ်ငွေနှင့် ပြည်ပငွေကြေးသုံးမျိုးဖြစ်သည့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေနှင့် စင်ကာပူဒေါ်လာတို့သာ သုံးစွဲခွင့်ပြုထားသည်။ လာမည့်နှစ်အတွင်း ထိုင်းဘတ်ငွေသည်လည်း အဆိုပါစာရင်း၌ ထပ်မံထည့်သွင်းသွားနိုင်မည်ဟု မျှော်လင့်ရသည်။တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ ဗဟိုဘဏ်သည်လည်း ဘဏ္ဍာရေးဆိုင်ရာဥပဒေကြမ်းကို အလေးထားဆောင်ရွက်လျက်ရှိသည်။

(၅) လာမည့်နှစ်ရွေးကောက်ပွဲသည်လည်း အဓိကအခန်းကဏ္ဍမှ အရေးပါလျက်ရှိသည်။ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များက ရွေးကောက်ပွဲနှင့် ပတ်သက်၍ အကောင်းမြင်မျှော်လင့်လျက်ရှိကြသည်။ စောင့်ကြည့်လေ့လာရမည့်အချက်များ လျင်လျင်မြန်မြန်ပွင့်လန်းလာလေမလား၊ တိကျသည့် စည်းမျဉ်းဥပဒေမရှိခြင်းကြောင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် မျှတမှုမရှိသော ယှဉ်ပြိုင်မှုများဆီသို့ ဦးတည်သွားလေမလား ဆိုသည်မှာလည်း ဖွံ့ဖြိုးတိုးတက်လာမှုများနှင့်ဆက်နွှယ်လျက်ရှိသည်။ ၂၀၁၅ရွေးကောက်ပွဲသည် ဒီမိုကရေစီစနစ်သစ်ပြုပြင်ပြောင်းလဲမှုများအောက် ပထမဆုံးအကြိမ်အစမ်းသပ်ခံမည့် ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်သည်။ ရွေးကောက်ပွဲပြီးလျှင် မည်သူတာဝန်ယူရသည်ဖြစ်စေ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ပတ်သက်သည့် ပြည်တွင်းမူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအဆောက်အအုံများ၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးစည်းမျဉ်းဥပဒေများ မည်သို့ ဖြစ်လာမည်ကို စောင့်ကြည့်လေ့လာရမည်ဖြစ်သည်။ အခြားအရေးပါသည့် အကြောင်းအရာတစ်ခုမှာ မြန်မာနိုင်ငံအနေဖြင့် ပထဝီနိုင်ငံရေးအပြောင်းအလဲများကြားတွင် နိုင်ငံတကာရေးရာအခန်းကဏ္ဍကို မည်သို့ ထိန်းကျောင်းသွားမည်ကို စောင့်ကြည့်လေ့လာရမည် ဖြစ်သည်။

အရှိန်မြှင့်ရန်လို

ထိုင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် သေချာရေရာမှုရှိမည့် အချိန်ကာလအထိ စောင့်ဆိုင်းမနေဘဲ အကောင်းဆုံးနည်းလမ်းမှာ စီမံခန့်ခွဲနိုင်သော အနေအထားဖြင့် ကုန်သွယ်မှုဖြစ်စေ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုဖြစ်စေ အခွင့်အလမ်းများစူးစမ်းရှာဖွေရန် မြန်မာနိုင်ငံတွင် စတင်လုပ်ကိုင်ဆောင်ရွက်ကြရန် ဗန်ကောက်ပို့စ်သတင်းစာက ထိုင်းကုမ္ပဏီများကို တိုက်တွန်းအားပေးထားသည်။ ■

အောင်မြင်နိုင်မည့် စီးပွားရေးဖွံ့ဖြိုးမှုပုံစံ

(ယခင်အပတ်မှအဆက်)

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံသည် အရည်အသွေးနိမ့်သည့်ဆန်ကို ပြည်တွင်း၌သာ အများဆုံးစားသုံးကြပြီး အရည်အသွေးကောင်းသည့် Basamati ဆန်မျိုးကို ဈေးကောင်းပေးသည့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ စဉ်ဆက်မပြတ်တင်ပို့ပြီး နာမည်ကောင်းရရှိမှုကြောင့် အမြင့်ဈေးဖြင့် Basamati ဈေးကွက်တည်တံ့ခိုင်မြဲနေသည်။

ယနေ့အထိလည်း Basamati ဆန်တစ်တန်၏ ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၁၂၀၀ အထက်တွင်သာရှိသောကြောင့် ရိုးရိုးဆန်များ၏ ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် အနည်းဆုံး နှစ်ဆမက ကွာခြားနေဆဲဖြစ်သည်။ သို့သော် မြန်မာနိုင်ငံ၏ ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့်မူ အရည်အသွေးအကောင်းဆုံးဖြစ်သည့် ပေါ်ဆန်းမွှေးဆန်ကိုတင်ပို့ရန် ကြိုးစားအားထုတ်မှု အားနည်းပြီး ပြည်တွင်းဈေးကွက်တွင် ဈေးကောင်းရ၍ ပြည်တွင်းမှာသာစားသုံးကြသည်။ ဖြစ်သင့်သည်မှာ ခိုင်မာသည့်ဈေးကွက်တည်ဆောက်နိုင်ရန်နှင့် Brand Name ရရှိစေရန် ယခင်ကတည်းက တန်းမြင့်ဆန်ပေါ်ဆန်းမွှေးကိုတင်ပို့နိုင်ရေး ကြိုးစားကြရမည်ဖြစ်သည်။

အစပထမတွင် ဈေးနှုန်းနိမ့်မည်ဖြစ်သော်လည်း တဖြည်းဖြည်း လူအများလက်ခံလာမည်ဆိုပါက အိန္ဒိယ၏ Basamati သည်ထိုင်းနိုင်ငံ၏ စံပယ်မွှေးဆန်ကဲ့သို့ မြန်မာနိုင်ငံ၏ ပေါ်ဆန်းမွှေးလည်း ကမ္ဘာ့ဈေးကွက်တွင်နေရာရရှိလာမည်ဖြစ်သည်။ လက်ရှိမြန်မာ့ဧည့်မထ ၂၅ ရာခိုင်နှုန်း၏ ဆန်ဈေးကွက်ကိုကြည့်လျှင် အရည်အသွေးနိမ့်ကျမှုကြောင့် ဈေးအနိမ့်ဆုံးရှိသည့် ဈေးကွက်များ၊ တစ်နည်းအားဖြင့်ဆိုလျှင် အခြားဆန်ပို့ကုန်နိုင်ငံများ၊ မတင်ပို့လိုသည့် ဈေးကွက်များဖြစ်သည့် အာဖရိက၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်တို့ကိုသာ တင်ပို့နေရဆဲဖြစ်သည်။

အလားတူ လယ်ယာပို့ကုန်များအနက် အရေးပါဆုံးဖြစ်သည့် ပဲမျိုးစုံပို့ကုန်ဆိုလျှင်လည်းအများစုမှာအဆင့်အနိမ့်ဆုံးဖြစ်သည့် Fair Avrage Quality (FAQ) သာဖြစ်ပြီး အရည်အသွေးမြင့်သည့် Special Quality (SQ)၊ တန်ဖိုးမြှင့်ပို့ကုန် Value Added ပို့ကုန်များဖြစ်သည့် အခွံချွတ်ပဲ၊ ပဲခွဲခြမ်း၊ ပဲအမှုန့်တင်ပို့ခြင်း၊ ပဲဖြင့်ပြုလုပ်သော မုန့်၊ ပဲလှော်၊ ပဲကြော်၊ ပဲစည်သွတ်ဘူး ထုတ်လုပ်တင်ပို့မှု မပြုလုပ်နိုင်သေးပေ။ သို့ဖြစ်၍ ပို့ကုန်တန်ဖိုး သိသိသာသာမြင့်တက်နိုင်ရေးအတွက် လက်ရှိတင်ပို့နေသော အခြေခံပို့ကုန်တင်ပို့နေမှုမှာ တန်ဖိုးမြှင့်ပို့ကုန်တင်ပို့နိုင်ရေး လုပ်ငန်းရှင်များဘက်ကလည်း အထူးဇောင်းပေးဆောင်ရွက်ရမည်ဖြစ်သည်။ ထို့အပြင် လက်ရှိပို့ကုန်အပြင် ပို့ကုန်သစ်များပေါ်ထွန်းရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံ၏ တင်သွင်းနေသောသွင်းကုန်အရေအတွက်မှာ သောင်းဂဏန်းကျော်သော်လည်း တင်ပို့နေသည့် ပို့ကုန်အရေအတွက်မှာမူ လေးထောင်ဝန်းကျင်သာရှိသည့်အတွက် ပို့ကုန်အမယ်များများစွာ တိုးချဲ့ရန်လိုအပ်ကြောင်း တွေ့ရသည်။

မြန်မာ့ပို့ကုန်အများစုသည် လယ်ယာအခြေခံ ပို့ကုန်များဖြစ်သောကြောင့် Supply Chainတစ်လျှောက်လုံးတွင် ပါဝင်သောသူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။ ထုတ်လုပ်သည့် လယ်သမားမှစ၍ ကြိတ်ခွဲသူ၊ သယ်ယူပို့ဆောင်သူ၊ သိုလှောင်မှုပြုသူ၊ ပြည်တွင်းဖြန့်ဖြူးသူနှင့် ပြည်ပတင်ပို့သူများအားလုံး အရည်အသွေးပိုင်း ထိန်းသိမ်းရန်စနစ်တကျလုပ်ဆောင်မှု၊ သယ်ယူပို့ဆောင်မှု၊ ထိန်းသိမ်းမှုများရှိရမည်ဖြစ်သလို ကြိတ်ခွဲမှုအပိုင်းတွင်လည်း ခေတ်မီစက်များအသုံးပြုမှုအားနည်းနေခြင်းကြောင့် ဆန်စပါးကြိတ်ခွဲမှုလုပ်ငန်းဆိုလျှင် ဆန်ထွက်နှုန်းနည်းပြီး အရည်အသွေးလည်းနိမ့်ကျပေသည်။ ခေတ်မီဆန်စက်ဟု ခေါ်နိုင်သည့် ကျောက်ခဲရွေးထုတ်စက် (Destoner)၊ အရောင်တင်စက် (Wetponisher)၊ အရောင်ရွေးထုတ်စက် (Color Sorter) စသည်တို့ပါဝင်သည့် ခေတ်မီဆန်စက် အနည်းငယ်သာရှိသေးသည့်အတွက် တန်းမြင့်ဆန်ပိုမိုကြိတ်ခွဲနိုင်ရေးအတွက် ခေတ်မီဆန်စက်များလိုအပ်နေဆဲပင် ဖြစ်သည်။

ထိုင်း၊ ဗီယက်နမ်တို့ကဲ့သို့ ဆန်လုံးတီးအဆင့်မှ အရည်အသွေးမီ ဆန်ဖြူအဆင့်သို့ ကြိတ်ခွဲနိုင်ပြီး နိုင်ငံခြားသင်္ဘောတင်အဆင့်သို့ တစ်ဆက်တည်း ဆောင်ရွက်နိုင်သည့် ဆန်အချောကိုင်ဆင့်တက်ပြုပြင်လုပ်ငန်း (Rice Processing Plant) ယခုအထိမရှိသေးပေ။ ထို့အတူ ပဲမျိုးစုံပို့ကုန်ဆိုလျှင် အိန္ဒိယဈေးကွက်ကိုသာ အဓိကအားထားတင်ပို့နေပြီး စုစုပေါင်းပို့ကုန်၏ ၇၀ ရာခိုင်နှုန်းဝန်းကျင်ကို တင်ပို့နေသော်လည်း ဈေးကွက်ရှယ်ယာရရှိမှု တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာပေသည်။

ယခင် ၂၀၀၅ ခုနှစ်မတိုင်မီက အိန္ဒိယပဲမျိုးစုံဈေးကွက်၏ အများဆုံးဝေစုကို ရရှိခဲ့သော်လည်း နောက်ပိုင်းတွင် ကနေဒါ၏နောက်သို့ကျရောက်နေပြီး ရှယ်ယာဝေစုတဖြည်းဖြည်းကျဆင်းလာခြင်း၏ အဓိကအကြောင်းရင်းမှာ ကနေဒါမှတင်ပို့သော ပဲများနှင့်ယှဉ်ပြိုင်ရာတွင် နှိုင်းယှဉ်ဈေးနှုန်းရော၊ အရည်အသွေးပါ ယှဉ်ပြိုင်နိုင်မှုအားနည်းခြင်းကြောင့် ဖြစ်သည်။ ထို့အတွက် ပဲမျိုးစုံတင်ပို့သူများအနေဖြင့် ပဲမျိုးစုံဈေးကွက်သစ်များ တိုးချဲ့တင်ပို့ရန် အထူးစိန်ခေါ်နေပြီဖြစ်သည်။ အထူးသဖြင့် အရည်အသွေးသာမြင့်တင်နိုင်မည်ဆိုလျှင် အရှေ့အလယ်ပိုင်းဈေးကွက်၊ ဥရောပဈေးကွက်၊ အာရှ၏ဈေးကွက်ကောင်းများဖြစ်သည့် ဂျပန်၊ တောင်ကိုရီးယားနိုင်ငံများသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။

ထို့အတွက် ပို့ကုန်မြှင့်တင်ရေးအတွက် လုပ်ငန်းရှင်တိုင်းသည် အရည်အသွေးပိုမိုကောင်းမွန်စေရန်နှင့် ပို့ကုန်တင်ပို့မှုတွင် နာမည်ပျက်မဖြစ်ပေါ်စေရန် အထူးအရေးကြီးပေသည်။ သို့ဖြစ်၍ ပို့ကုန်လုပ်ငန်းရှင်တိုင်း စီးပွားရေးကျင့်ဝတ် (Business Ethics) သာမကဘဲ လူ့အသိုင်းအဝိုင်းကျင့်ဝတ် (Community Ethics) ကို ထိန်းကျောင်းလိုက်နာဆောင်ရွက်မှသာ ပို့ကုန်ဦးဆောင်သည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုပုံစံ အောင်မြင်နိုင်မည်ဖြစ်သည်။ ■

ကိုယ်ဝန်ဆောင်စဉ် အန္တရာယ်လက္ခဏာများနှင့် အမျိုးသားများ၏အခန်းကဏ္ဍ

ကျွန်မတို့မြန်မာလူမျိုးတွေမှာ အမျိုးသမီးတစ်ဦးကိုယ်ဝန်ဆောင်ပြီဆိုရင် ဂရုတစိုက်နဲ့ဦးစားပေးတဲ့ ဓလေ့ရှိကြပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေကိစ္စလို့ ယူဆကြပြီး အမျိုးသားတွေက မိမိတို့နဲ့မဆိုင်သလိုနေတတ်ကြပါတယ်။ တစ်နေ့မှာတော့ ကျွန်မရဲ့တူနဲ့သူ့ရဲ့ဇနီးတို့ အိမ်ရောက်လာကြပါတယ်။

ကိုထက်+ခင် - အန်တီ။

ဒေါက်တာသီဂီမြင့် - ဟယ်-သားတို့ပါလား၊ ဘယ်ကလာကြလဲ။

ကိုထက်+ခင် - ကျွန်တော်တို့ အန်တီ့ဆီပဲလာတာပါ။ မေးစရာလေးရှိလို့။

ဒေါက်တာသီဂီမြင့် - လက်ထပ်ပြီးတာမကြာသေးဘူးဆိုတော့-ခင် ထူးခြားနေပြီထင်တယ်၊ ဟုတ်လား။

ကိုထက်+ခင် - ဟုတ်ပါတယ် အန်တီ၊ ခင့်မှာကိုယ်ဝန်စရှိနေပြီဆိုတော့ ကျွန်တော်တို့အနေနဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ၊ ဘယ်လိုနေထိုင်စားသောက်ရမယ်ဆိုတာတွေသိချင်လို့ပါ၊ အန်တီကမိခင်ကလေးကျန်းမာရေးဌာနကဆိုတော့။

ဒေါက်တာသီဂီမြင့် - ကဲ-ဟုတ်ပြီ၊ သမီးကိုယ်ဝန်ကို ဆရာဝန်နဲ့အပ်ပြီးပြီလား။

ခင်-ဟုတ်ကဲ့ အန်တီ၊ ဆေးရုံမှာ အပ်ထားပါတယ်။

ဒေါက်တာသီဂီမြင့် - ဆေးရုံက ဆရာဝန် ဆရာမတွေကလည်း ကိုယ်ဝန်ဆောင် မိခင်တစ်ယောက်ဆောင်ရ၊ ရှောင်ရမှာတွေ ပြောမှာပါ၊ အန်တီ အဓိကပြောချင်တာကတော့ သမီးကိုမဟုတ်ဘူး ကိုထက်ကို။

ကိုထက် - ကျွန်တော့်ကို ဟုတ်လားအန်တီ။

ဒေါက်တာသီဂီမြင့် - ဟုတ်တယ်သား၊ အန်တီတို့မြန်မာလူမျိုးတွေက အိမ်ထောင်တစ်ခုမှာဆိုရင် အမျိုးသားတွေကို ဦးစားပေးတဲ့ ဓလေ့ရှိကြတယ်၊ သားကိုသခင် လင်ကိုဘုရားဆိုတဲ့အတိုင်း အမျိုးသားတွေကို ဦးစားပေးတဲ့ ဓလေ့ကိုလက်ခံထားကြတယ်။ အိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီးဖြစ်တဲ့ အမျိုးသားတွေကပဲ အိမ်ရဲ့ကိစ္စအဝဝကို ဆုံးဖြတ်ကြတယ်လေ၊ အိမ်ထောင်ဦးစီးနဲ့ သားယောကျ်ားလေးကို အစားအသောက်ကောင်းတွေကိုဦးစားပေးကျွေးပြီး အမေနဲ့ သမီးမိန်းကလေးတွေက ကျန်သမျှ အရိုးအရင်းနဲ့ပြီးကြတာများပါတယ်။

ကိုထက် - ဟုတ်ကဲ့အန်တီ၊ အဲဒီလိုအခြေအနေက ခင်တို့လို ကိုယ်ဝန်ဆောင်တွေကို ဘယ်လိုထိခိုက်နိုင်လဲဟင်။

ဒေါက်တာသီဂီမြင့် - ထိခိုက်နိုင်တာပေ့ါ၊ အန်တီပြောချင်တာအဲဒါပဲ၊ အဲဒီဓလေ့က လူမှုဘဝကိုအရမ်းပဲ ရိုက်ခတ်နေတယ်ဆိုတာ သတိမပြုမိကြဘူး။ အမျိုးသမီးတွေက ငယ်စဉ်ကတည်းက အာဟာရပြည့်ဝအောင်စားဖို့လိုတယ်လေ။ ဘာကြောင့်လဲဆိုတော့ အပျိုဖော်ဝင်တဲ့အချိန်ကျရင် ဓမ္မတာသွေးဆင်းတဲ့အတွက် ခန္ဓာကိုယ်မှာ သွေးအားနည်းမှုတွေဖြစ်လာတယ်လေ။ အပျိုဖော်ဝင်စကနေ အိမ်ထောင်သားမွေးတဲ့အရွယ်အထိ သွေးအားနည်းမယ်ဆိုရင် အဆိုးရွားဆုံးဖြစ်လာနိုင်တဲ့ကိစ္စကတော့ မီးတွင်းကာလသွေးသွန်ခြင်းပဲပေ့ါ။

ကိုထက် - ဟုတ်ကဲ့အန်တီ၊ ကလေးမွေးပြီးမီးတွင်းသွေးဆင်းတာ ဘယ်လောက်အထိ ထိခိုက်နိုင်လဲဟင်။

ဒေါက်တာသီဂီမြင့် - ကလေးမွေးပြီးတဲ့နောက် မီးတွင်းသွေးသွန်တာက မွေးမိခင်တွေအတွက် အသက်အန္တရာယ်ကျရောက်တဲ့အထိ ထိခိုက်နိုင်တယ်လေ၊ အန်တီတို့နိုင်ငံမှာ အဖြစ်အများဆုံးကလည်း မွေးပြီးသွေးသွန်ခြင်းပဲပေ့ါ။ အမျိုးသမီးတစ်ဦးက ကိုယ်ဝန်စရှိပြီဆိုတာနဲ့ လိုက်နာရမယ့် ကိစ္စတွေကအများကြီးပဲ။ ကျန်းကျန်းမာမာနဲ့ မွေးနိုင်ဖို့ အဓိကတာဝန်ရှိနေတဲ့သူတွေကတော့ ကိုယ်ဝန်ဆောင်မိခင်တွေသာမက သူ့ရဲ့အမျိုးသားမှာလည်း တာဝန်ရှိနေတယ်။ ကိုယ်ချစ်တဲ့ဇနီးနဲ့ကိုယ့်ရဲ့ရင်သွေးအတွက် မေတ္တာအပြည့်နဲ့ကူညီစောင့်ရှောက်သင့်တာပေ့ါ။

ကိုထက် - ဟုတ်ကဲ့ပါအန်တီ၊ ကျွန်တော့်အနေနဲ့ ဘာတွေလုပ်ရမယ်ဆိုတာ ပြောပြပါဦး။

ဒေါက်တာသီဂီမြင့် - ကိုထက်တို့လို ခင်ပွန်းသည်တွေအနေနဲ့ မိမိရဲ့ဇနီးသည်ကိုယ်ဝန်ရှိမှန်းသိတာနဲ့ သားဖွားဆရာမ ဒါမှမဟုတ် ဆေးရုံဆေးခန်းကို သွားပြီးကိုယ်ဝန်အပ်ဖို့တိုက်တွန်းရမယ်၊ ကိုယ်တိုင်လိုက်ပို့ပေးရမယ်၊ လိုအပ်တဲ့ ငွေကြေးရှာဖွေပေးတာတွေကို လုပ်ပေးရမှာပေ့ါ၊ ကိုယ်ဝန်ရှိပြီး လေးလအတွင်း တစ်ကြိမ်၊ ကိုယ်ဝန်ခြောက်လမှ ခုနစ်လအတွင်းတစ်ကြိမ်၊ ကိုယ်ဝန်ရှစ်လအတွင်း တတိယအကြိမ်နဲ့ ကိုယ်ဝန်ရှစ်လကျော်ကိုးလအတွင်း စတုတ္ထအကြိမ်ပြရမယ်၊ ကိုယ်ဝန်ဆောင်နေစဉ်အတွင်းမှာလည်း အာဟာရပြည့်ဝမျှတတဲ့ အစားအစာတွေကို စားသောက်နိုင်ဖို့ ဖန်တီးပေးဖို့လိုပါတယ်။

ဒေါက်တာသီဂီမြင့်

ကိုထက် - အာဟာရပြည့်စေတဲ့ အစားအစာတွေဆိုတော့ ကိုယ်ဝန်ဆောင် အားဆေးတို့၊ အားရှိစေတဲ့ အစားအစာတွေ၊ ဈေးကြီးတာတွေကိုမှ ကျွန်တော်က ကျွေးမှာပေ့ါအန်တီရဲ့။

ဒေါက်တာသီဂီမြင့် - ဈေးကြီးတဲ့အစားအသောက်တွေကိုဆိုလိုတာ မဟုတ်ဘူး ကိုထက်ရဲ့၊ အာဟာရရှိတဲ့ အစားအသောက်တွေကို မျှတအောင်စားတတ်တဲ့ ဗဟုသုတရှိဖို့၊ ကိုယ်ဝန်ဆောင်ဇနီးသည်ကို အစားရှောင်ခိုင်းတတ်တဲ့ မိဘတွေကို နားလည်အောင်ဖျောင်းဖျတတ်ဖို့လိုအပ်တယ်လို့ ပြောချင်တာ၊ ဇနီးသည် မေးခိုင်ကာကွယ်ဆေး အကြိမ်ပြည့်ထိုးဖို့၊ သံဓာတ်အားဆေးနဲ့ ဖောလစ်အက်စစ်ဆေးတွေမှန်မှန်သောက်နိုင်ဖို့ ကိုထက်တို့လို ခင်ပွန်းသည်တွေက ကူညီပေးရမယ်။ နေ့လယ်နေ့ခင်း အနားယူနိုင်ဖို့၊ ပင်ပန်းတဲ့အလုပ်တွေ မလုပ်စေဖို့ကိုလည်း စီစဉ်ပေးရမယ်လေ။

> **ကျွန်မတို့မြန်မာလူမျိုးတွေမှာ အမျိုးသမီးတစ်ဦး ကိုယ်ဝန်ဆောင်ပြီဆိုရင် ဂရုတစိုက်နဲ့ ဦးစားပေးတဲ့ ဓလေ့ရှိကြပါတယ်။ ဒါပေမယ့် အမျိုးသမီးတွေကိစ္စလို့ ယူဆကြပြီး အမျိုးသားတွေက မိမိတို့နဲ့မဆိုင်သလို နေတတ်ကြပါတယ်**

ခင် - ဟုတ်ကဲ့၊ ခင်လည်းမှတ်ထားပါ့မယ် အန်တီ။

ဒေါက်တာသီဂီမြင့် - ဟုတ်တယ်၊ ခင်ကိုယ်တိုင်က သိထားပြီး ကိုယ်တိုင်လည်း ဂရုစိုက်ရမယ်။ ခင်ပွန်းသည်တွေအနေနဲ့လည်း ကိုယ်ဝန်ဆောင်တွေရဲ့ အန္တရာယ်လက္ခဏာတွေကို သိထားသင့်ပြီး ဇနီးသည် သွေးဆင်းမယ်။ တက်မယ်။ သတိလစ်မယ်၊ ခေါင်းပြင်းထန်စွာကိုက်မယ်၊ အမြင်မှုန်ဝါးမယ်၊ ဖျားပြီး အိပ်ရာက မထနိုင်အောင် အားနည်းမယ်။ ဗိုက်အလွန်အမင်းနာမယ်။ အသက်ရှူမြန်မယ်။ အသက်ရှူရခက်ခဲမယ်ဆိုရင် ဆေးရုံ၊ ဆေးခန်းကို ချက်ချင်းပြရမယ်။ နေမကောင်းဖြစ်ရင် မျက်နှာ၊ လက်နဲ့ ခြေတွေဖောရောင်ရင်၊ ဗိုက်နာမယ်ဆိုရင် ဆေးရုံဆေးခန်းကို အမြန်ဆုံးသွားပြရမယ်။

ကိုထက် - ဟုတ်ကဲ့ အန်တီ၊ နောက်ထပ်သိထားသင့်တာတွေရှိရင် ပြောပြပေးပါဦး။

ဒေါက်တာသီဂီမြင့် - နောက်တစ်ခုကတော့ မွေးဖွားဖို့အတွက် ကြိုတင်ပြင်ဆင်ထားဖို့ပါပဲ။ ဇနီးသည်တွေ မွေးဖွားဖို့၊ ကျွမ်းကျင်သူနဲ့ မွေးဖို့ကို ကြိုတင်ပြင်ဆင်ထားရမယ်။ အရေးပေါ်ဖြစ်လာရင် လိုအပ်မယ့် ငွေကြေး၊ ဆေးရုံဆေးခန်းကို အမြန်ဆုံးသွားနိုင်အောင် ဘယ်လိုသွားရမယ်ဆိုတာကို ခရီးအနီးအဝေးအလိုက် စီစဉ်ထားသင့်တယ်။ အိမ်မှာ မွေးမယ်ဆိုရင်လည်း သားဖွားဆရာမကိုခေါ်ဖို့ မီးနေသည်အနားမှာ နေပေးမယ့်သူ ၊ မွေးမယ့်အခန်း၊ မိခင်နဲ့ ကလေးအတွက် သန့်ရှင်းတဲ့ အဝတ်အစား၊ အနှီး၊ အိပ်ရာခင်း စတာတွေကို သန့်သန့် ရှင်းရှင်း လျှော်ဖွပ်စုဆောင်းထားဖို့ လိုမယ်လေ။

ခင် - ဟုတ်ကဲ့ အန်တီ၊ လိုအပ်တာတွေကို ကြိုပြီးပြင်ဆင်ထားပါ့မယ်။ မွေးပြီးရင်လည်း ဘာတွေဆက်လုပ်ရမယ်ဆိုတာပြောပြပါဦး။

ဒေါက်တာသီဂီမြင့် - မွေးဖွားပြီးရင်လည်း ကလေးအသက် (၆)လအထိ မိခင်နို့တစ်မျိုးတည်း တိုက်နိုင်အောင် ခင်ပွန်းသည်တွေက ကူညီပေးရမယ်။ နို့တိုက်မိခင်တွေကိုလည်း အာဟာရပြည့်တဲ့ အစားအစာတွေကို မျှတစွာစားဖို့၊ အစားမရှောင်ဖို့၊ အစားပိုစားဖို့ စီစဉ်ပေးရမယ်။ အိမ်အလုပ်တွေကို ကူညီလုပ်ပေးမယ်။ ကလေးကူညီထိန်းပေးမယ်စတဲ့ အိမ်မှုကိစ္စတွေကို ဝိုင်းလုပ်ပေးခြင်းက မိသားစုပျော်ရွှင်မှုနဲ့ စည်းရုံးမှုကို ပိုရစေပါတယ်။

ကိုထက် - ကျွန်တော်တို့လို ခင်ပွန်းသည်တွေက ကိုယ်ဝန်ဆောင်တာက မိန်းမတွေရဲ့ အလုပ်၊ ငါတို့နဲ့ မဆိုင်ဘူးလို့ ထင်ထားတာ၊ အခုတော့ ကျွန်တော်တို့ ကူညီပေးရမှာတွေက တော်တော်များတာပဲနော်။

ဒေါက်တာသီဂီမြင့် - အဓိကအကျဆုံးအချက်ကတော့ အမျိုးသားတွေအနေနဲ့ ကျန်းမာပျော်ရွှင်တဲ့ မိသားစုဘဝကို တည်ဆောက်နိုင်ဖို့ အိမ်ထောင်မကျခင် ဆယ်ကျော်သက်အရွယ်ကတည်းက မှန်ကန်တဲ့ အပြုအမူတွေကို ရွေးချယ်တတ်ဖို့လိုတယ်။ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေနဲ့ ပတ်ဝန်းကျင်ရဲ့ ဆွဲဆောင်မှုတွေကြောင့် လိင်အပျော်အပါး လိုက်စားတာတို့၊ မူးယစ်ဆေးစမ်းသုံးမိတာ၊ ဆေးလိပ်၊ အရက်စမ်းသောက်ရာက စွဲလမ်းသွားတာ၊ HIV/AIDS နဲ့ ကာလသားရောဂါလို ကူးစက်ရောဂါတွေရတဲ့ အခြေအနေမျိုးကို ရောက်သွားမယ်ဆိုရင် ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝကို ရဖို့ခဲယဉ်းသွားမှာဖြစ်တယ်။

ခင် - ခင်တို့လို ဇနီးမောင်နှံတွေ တခြားသိသင့်တဲ့ အချက်တွေရှိရင် ပြောပြပေးပါဦး။

ဒေါက်တာသီဂီမြင့် - ဟုတ်တာပေ့ါ၊ သမီးတို့လို ဇနီး၊ ခင်ပွန်းတိုင်းသိသင့်တာကတော့ ကိုယ့်ကြောင့်ဖြစ်စေ၊ အခြားကြောင့်ဖြစ်စေ ဇနီးသည်မှာ HIV + ဖြစ်နေကြောင်း သိရှိရမယ်ဆိုရင် နားလည်မှုတွေနဲ့ဘဝကိုလျှောက်လှမ်းကြဖို့ လိုပါတယ်။

(လက်မထပ်ခင်အတူနေမိရာက မမျှော်လင့်ဘဲချစ်သူဆီမှာ အချိန်မတိုင်သေးခင် ကိုယ်ဝန်ရှိသွားမယ်ဆိုရင် တာဝန်ယူပြီးအကောင်းဆုံး ဆုံးဖြတ်ချက်ချပါ) ဇနီး၊ ခင်ပွန်းနှစ်ဦးစလုံး သားသမီးယူဖို့ ကြိုတင်စီမံချက် ချထားသင့်ပါတယ်။ သားသမီးဘယ်နှဦးယူမယ်၊ ဘယ်လိုသားဆက်ခြားနည်းလမ်းတွေသုံးမယ်ဆိုတာ မိမိဇနီးသည်ရဲ့ ကျန်းမာရေးအခြေအနေကိုလိုက်ပြီး တိုင်ပင်ညှိနှိုင်းသင့်ပါတယ်။ ကိုယ့်ကြောင့် ဇနီး၊ သားသမီးတွေရဲ့ ဘဝမပျက်စီးပါစေနဲ့၊ စီးပွားရေးမပြည့်စုံမှုတွေက အိမ်ထောင်ကိုပြိုကွဲနိုင်စေတဲ့အတွက် ဇနီး၊ ခင်ပွန်းနှစ်ဦးစလုံး တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိဖို့လိုပါတယ်။

ကိုထက် - ကျွန်တော်တို့လို ခင်ပွန်းတွေက အိမ်ထောင်တစ်ခုတည်မြဲဖို့အတွက် အရမ်းတာဝန်ကြီးတာပဲနော်။

ဒေါက်တာသီဂီမြင့် - ဟုတ်တယ် ကိုထက်ရဲ့၊ အခုအချိန်က ငွေကြေးချမ်းသာတာပဲဖြစ်ဖြစ်၊ အဆင်မပြေတာပဲဖြစ်ဖြစ် အမျိုးသားတွေအတွက် အရက်သောက်ခြင်းက အရေးပါတဲ့အပြုအမူတစ်ခုဖြစ်လာတယ်။ မူးယစ်ရမ်းကားမှုတွေ ဇနီး၊ သားသမီးတွေအပေါ်မှာ စိတ်ရောကိုယ်ပါထိခိုက်စေတယ်။ နောက်ပိုင်းမှာ စီးပွားရေးကိုလည်း ထိခိုက်လာနိုင်ပါတယ်။ ဆေးလိပ်သောက်ခြင်းနဲ့ ကွမ်းစားခြင်းတွေကလည်း ငွေကုန်မယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းမယ်၊ မိမိဆေးလိပ်ငွေ့က သားသမီးအတွက် အဆိပ်ငွေ့ဖြစ်ပြီး ရောဂါရစေတဲ့အတွက် ရှောင်ကြဉ်သင့်တဲ့အပြုအမူတွေပဲဖြစ်ပါတယ်။ စွဲနေရင်လည်း အခုအချိန်က စပြီးဖြတ်ဖို့ ကြိုးစားသင့်ပါတယ်။

ခင် - အရမ်းကိုမှတ်သားစရာကောင်းတာပါပဲ အန်တီ၊ အခုခေတ်က ဘီယာကိုတောင် မိန်းကလေးတွေကအစ သောက်နေတဲ့အချိန်မှာ ဒီလိုမျိုး ဆိုးကျိုးတွေရှိတယ်ဆိုတာ လူတိုင်းသိသင့်တာပေ့ါ။

ဒေါက်တာသီဂီမြင့် - အန်တီမှာချင်တာကတော့ အမျိုးသားတွေအနေနဲ့ ကိုယ်ဝန်ဆောင်မိခင် ဇနီးသည်တွေကို ကျန်းကျန်းမာမာမွေးဖွားလာစေခြင်းဟာလည်း နိုင်ငံရဲ့ကျန်းမာရေးအဆင့်အတန်းကို မြင့်မားစေတယ်ဆိုတာရယ်၊ ကိုယ်ဝန်ဆောင်ဇနီးသည်အတွက် အန္တရာယ်လက္ခဏာတွေကိုသိအောင် ကြိုးစားထားမယ်ဆိုရင် ၊ ဇနီးသည်ကျန်းမာအောင်ကူညီစောင့်ရှောက်ပေးမယ်ဆိုရင်၊ မွေးဖွားဖို့ ကြိုတင်စီစဉ်တတ်တဲ့ ဖခင်ဖြစ်မယ်ဆိုရင် အကောင်းဆုံးပဲပေ့ါ။ ကိုထက်အနေနဲ့ ငယ်စဉ်ဘဝကတည်းက ကိုယ့်ကိုယ်ကိုယ်ထိန်းသိမ်းလာခဲ့ပြီး အခုဆိုရင် မိသားစုအတွက် စံပြဖခင်ဖြစ်အောင်ကြိုးစားပါလို့ အန်တီတိုက်တွန်းချင်တယ်။

ကိုထက် + ခင် - ဟုတ်ကဲ့ပါအန်တီ၊ ကျွန်တော်/ကျွန်မတို့ အကောင်းဆုံး မိသားစုဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားကြမှာပါ။

ကြေးမုံ တနင်္ဂနွေ အထူးထုတ် SUNDAY SPECIAL

ရန်ကုန်တိုင်းဒေသကြီး

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော (၆၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် မူကြိုကလေးငယ်များ ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၄ ရက်က တောင်ဥက္ကလာပမြို့နယ် အထက(၁)သီရိရတနာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင် ဒေါ်ဆွေဆွေလတ်က ဖျော်ဖြေရေးအဖွဲ့မှ ကလေးငယ်များအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၆၄)

မန္တလေးတိုင်းဒေသကြီး

တောင်သမန်အင်းမှ ငှက်ခတ်သူများ နိုင်ငံခြားသားဧည့်သည်များလာရောက်မှုအပေါ် မှီခိုရပ်တည်နေကြရ

အမရပူရ ဖေဖော်ဝါရီ ၈ - အမရပူရမြို့ နာမည်ကျော် တောင်သမန်အင်းနှင့်ဦးပိန်တံတားကြီးတွင် အခြေစိုက်ကာ အသက်မွေးဝမ်းကျောင်းပြုနေကြသည့် ငှက်လှေခတ်သမားများသည် နိုင်ငံခြားသားခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ကြသည့် ခရီးသွားရာသီနှင့် ညနေပိုင်းအချိန်များကိုသာ အားကိုးအားထားပြုနေကြရကြောင်း သိရသည်။ နိုင်ငံခြားသားခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးအပန်းဖြေသူများ နေ့စဉ်လာရောက်လည်ပတ်လျက်ရှိသည့် တောင်သမန်အင်းရေပြင်တွင် ခရီးသွားဧည့်သည်များအား လှော်ခတ်ပို့ဆောင်ပေးသည့် ငှက်လှေအစင်းရေ ၄၈ စင်းရှိပြီး အသင်းအဖွဲ့အဖြစ် ဖွဲ့စည်းကာ အလှည့်ကျစနစ်ဖြင့် ပို့ဆောင်ပေးလျက်ရှိနေကြောင်း သိရသည်။

ယခုရက်ပိုင်းအတွင်း တောင်သမန်အင်းနှင့်နာမည်ကျော်ဦးပိန်တံတားကြီးသို့ နိုင်ငံခြားသားခရီးသွားဧည့်သည် ၅၀၀ ဝန်းကျင်ခန့် နေ့စဉ်လာရောက်လည်ပတ်လျက်ရှိနေကြောင်း၊ နံနက်ပိုင်းနှင့် နေ့လယ်ပိုင်းအချိန်များတွင် လာရောက်လည်ပတ်သူ နည်းပါးပြီး ညနေပိုင်းတွင် နေဝင်ချိန်ဆည်းဆာကြည့်ရှုရန် လာရောက်သူများပြားကြောင်း၊ ညနေချိန်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည်အများစုသည် အင်းရေပြင်အတွင်းမှာ ငှက်လှေစီး၍**(အောက်ပုံ)** ရှုထောင့်အမျိုးမျိုးလှည့်ပတ်ကာ ဦးပိန်တံတားကြီးနှင့် နေဝင်ဆည်းဆာကို ကြည့်ရှုလေ့ရှိကြသည်။ ငှက်လှေတစ်စင်းလျှင် နိုင်ငံခြားသားနှစ်ဦး စီးနင်းလိုက်ပါစေပြီး ငွေကျပ် ၆၀၀၀၊ ပြည်တွင်းဧည့်သည်များကို စင်းလုံးပြတ်ဈေးကျပ် ၅၀၀၀ ရယူကြောင်းသိရသည်။ ယခုနှစ်တွင် နိုင်ငံခြားသားခရီးသွားဧည့်သည် ဝင်ရောက်မှု များပြားသဖြင့် ငှက်လှေခတ်သူများ အဆင်ပြေမှုရှိကြကြောင်း သိရသည်။

ယခုအခါ တောင်သမန်အင်းနှင့် နာမည်ကျော် ဦးပိန်တံတားကြီးသို့ တရုတ်၊ ထိုင်း၊ ပြင်သစ်၊ ဂျာမနီနိုင်ငံများမှ ခရီးသွားဧည့်သည်များ လာရောက်လျက်ရှိနေကြောင်း၊ တောင်သမန်အင်းမှ ငှက်ခတ်သူများသည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များလာရောက်လည်ပတ်မှုကို မှီခိုရပ်တည်နေကြရကြောင်း ပြောပြသည်။ အဓိကအားဖြင့် နိုင်ငံခြားသားခရီးသွားဧည့်သည်များကို လှော်ခတ်ပို့ဆောင်ပေးကြရသော်လည်း ရံဖန်ရံခါ စီးနင်းတတ်ကြသည့် ပြည်တွင်းဘုရားဖူးများကို ပို့ဆောင်ပေးရခြင်းက ငွေကြေးပိုမိုရရှိကြောင်း၊ ပြည်တွင်းဘုရားဖူးဧည့်သည်အများစုမှာ ငှက်လှေစီးလေ့မရှိကြကြောင်း ပြောပြသည်။ ယခင်နှစ်များက ဘာလေးဘာဟုခေါ်သည့် စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ခရီးသွားရာသီတွင်သာ ဧည့်သည်လာရောက်မှုများပြားလေ့ရှိသော်လည်း ယခုနှစ်တွင် ဖေဖော်ဝါရီလပိုင်းရောက်သည်အထိ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုများပြားနေဆဲဖြစ်ကြောင်း၊ နိုင်ငံခြားသားများသည် SUNSET ကြည့်ရှုရန်အတွက် မန္တလေးတောင်၊ စစ်ကိုင်းတောင်၊ ရွှေကြက်ယက်၊ ရွှေကြက်ကျတောင်များသို့ သွားရောက်မှုရှိသော်လည်း တောင်သမန်အင်းသို့သာ အများဆုံးလာရောက်ကြကြောင်း သိရသည်။ **[နန္ဒာမင်းလွင်]**

ရှမ်းပြည်နယ်

(၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့အခမ်းအနားများ သီပေါမြို့နယ်၌ စည်ကားစွာကျင်းပမည်

သီပေါ ဖေဖော်ဝါရီ ၈ - ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်၌ (၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့၊ ပြည်ထောင်စုနေ့နှင့် နမ့်လန် "နွံဆိုင်ဝမ်း" တေးဂီတ (၂၅)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဖေဖော်ဝါရီ ၆ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ပွဲတော်အစီအစဉ်များအဖြစ် ဖေဖော်ဝါရီ ၆ ရက် နံနက် ၆ နာရီတွင် နမ့်လန်ဆရာတော်များဦးဆောင်၍ မြို့နံစေတီတော်အား ဆွမ်းတော်တင်လှူခြင်းနှင့် ဘုရားဝတ်ပြုခြင်း၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အားကစားပြိုင်ပွဲများ ကျင်းပခြင်း၊ ညနေ ၆ နာရီတွင် အကြိုဖွင့်ပွဲအခမ်းအနားကျင်းပခြင်းနှင့် တေးဂီတ အကပဒေသာများဖြင့် တင်ဆက်ဖျော်ဖြေခြင်း၊ ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီတွင် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်း၊ မွန်းလွဲ ၁ နာရီတွင် နမ့်လန်မဟာမြတ်မုနိဘုရားကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ ည ၇ နာရီမှစ၍ တေးဂီတဖြင့် ဖျော်ဖြေခြင်း၊ ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီတွင် တရားတော်နာ၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ရေစက်သွန်းချ အမျှပေးဝေခြင်း၊ မွန်းလွဲပိုင်းတွင် ပွဲတော်လာရောက်သူများအား (ရင်ထိုး) ကံစမ်းမဲဖောက်ပေးခြင်းနှင့် ညပိုင်းတွင် တေးဂီတဖျော်ဖြေခြင်း၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် စင်တင်တေးဂီတနှင့် အကပဒေသာအဖွဲ့များဖြင့် ဖျော်ဖြေခြင်း၊ ဖေဖော်ဝါရီ ၁၂ ရက် မွန်းလွဲပိုင်းတွင် ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) ကျင်းပခြင်းနှင့် တေးဂီတနှင့် တိုင်းရင်းသားရိုးရာအကပဒေသာများ**(အပေါ်ပုံ)**ဖြင့် ဖျော်ဖြေခြင်းတို့ကို စီစဉ်ကျင်းပသွားမည်ဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ပြည်ထောင်စုဖွားတိုင်းရင်းသားများ ပါဝင်ဆင်နွှဲနိုင်ကြရန် ကျင်းပရေးကော်မတီက နှိုးဆော်ထားကြောင်း သိရသည်။ **[သီပေါကိုလတ်]**

ဧရာဝတီတိုင်းဒေသကြီး

ရေတံခါးအထွက်မြောင်းနှင့် ကျွန်းတွင်းမြောင်းများတူးဖော်ပေးသဖြင့် စိုက်ပျိုးရေးနှင့် သွားလာရေးအဆင်ပြေ

ဖျာပုံ ဖေဖော်ဝါရီ ၈ - ဖျာပုံခရိုင်အတွင်း လပေါင်း ၃၀ စီမံချက်အရ ဆောင်ရွက်ရန်လျာထားသော လုပ်ငန်းများအနက် လုပ်ငန်းလိုအပ်ချက်အရ ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေရေးအတွက် ရေတံခါးအထွက်မြောင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ကျွန်းပတ်တာများအတွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)** ဖျာပုံမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့တွင် ရေတံခါး ၂၉ ခုမှ ရေတံခါးအထွက်မြောင်းနှင့် ရေနုတ်မြောင်းပေါင်း ၁၄၈ မြောင်း၊ အလျား ၁၆၈ မိုင်ရှိသည့်အနက် ၂၀၁၃ ခုနှစ် ဧပြီ ၉ ရက်မှ စတင်၍ ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၃၁ ရက်အထိ ရေနုတ်မြောင်း ၄၅ ခု၊ အလျား ၅၅ ဒသမ ၇၁ မိုင်နှင့် မြေကြီးကျင်းပေါင်း ၃၆၂၅၄၃ ကျင်း ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ ဖျာပုံမြို့နယ်အတွင်း တိမ်ကောနေသော ရေတံခါးအထွက်မြောင်း ကိုးမြောင်းနှင့် လက်ပံပင်ကျွန်းပတ်တာအတွင်းရှိ ရေနုတ်မြောင်း ကိုးမြောင်း၊ ကြက်ဖမွေးဇောင်း ကျွန်းပတ်တာအတွင်းရှိ ကျွန်းတွင်းမြောင်း ၃၁ မြောင်းနှင့် ကြက်ဖရေတံခါးအထွက်မြောင်း ငါးမြောင်းတို့ကို ပြန်လည်တူးဖော်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းရှိ ထိတန်ရွာ၊ ဘုန်းကြီးသောင်ရွာ၊ ချောင်းဝရွာ၊ ဇင်းဘောင်ရွာ၊ ကွန်ဗိုင်းကြီးအုပ်စုရှိ ကျေးရွာများမှ စပါးစိုက်ပျိုးမြေ ၆၀၈၃၆ ဧကကို ရေကြီးနစ်မြုပ်မှုမှ လျော့နည်းစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ ကျိုက်လတ်မြို့နယ် သုံးခွကျွန်းအတွင်းရှိ ကျောက်တိုင်စုမြောင်းမကြီးနှင့် ဆက်စပ်မြောင်း ၂၈ မြောင်း၊ အလျား ၃၇ မိုင်၊ မြေကြီးကျင်း ၂၁၀၀၀၀ ကို ရာနှုန်းပြည့်ပြီးစီးသည်အထိ ဆောင်ရွက်ပေးနိုင်သဖြင့် သုံးခွကျွန်းအတွင်းရှိ စပါးစိုက်မြေ ၂၁၃၉၁ ဧကကိုလည်း ရေကြီးနစ်မြုပ်မှုမှ လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

ဖော်ပြပါရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရေးအတွက် တိမ်ကောနေသော ရေတံခါးအထွက်မြောင်းများ၊ ကျွန်းအတွင်းရှိ ရေနုတ်မြောင်းများကို တူးဖော်ပေးလျက်ရှိရာ ယင်းဒေသများတွင် မူလကထက် ရေစီးရေလာကောင်းမွန်ပြီး မိုးစပါးစိုက်လယ်မြေများရေကြီးနစ်မြုပ်မှုများမှ လျော့နည်းစေမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရန်အတွက် အောင်ရေရရှိနိုင်မည့်အပြင် ရေကြောင်းသွားလာဆက်သွယ်ရေး ပိုမိုကောင်းမွန်လာသဖြင့် ဒေသခံပြည်သူများ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် ဦးစီးအရာရှိများ၊ ဦးစီးမှူး၊ ဒု-ဦးစီးမှူးများ၏ ပြောကြားချက်အရ သိရသည်။ **[သပြေထွန်း]**

မကွေးတိုင်းဒေသကြီး

ကံမမြို့နယ်တွင် ဆောင်းရာသီစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်

ကံမ ဖေဖော်ဝါရီ ၈ - သရက်ခရိုင် ကံမမြို့နယ်အတွင်း ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် မင်းတုန်းချောင်းနံဘေး ဝဲ၊ ယာတစ်လျှောက်ရှိ ကိုင်းမြေများ၊ မြေနုကျွန်းများပေါ်တွင် ဆောင်းရာသီစိုက်ခင်းများအဖြစ် ဆီထွက်သီးနှံဖြစ်သည့် မြေပဲစိုက်ခင်းများနှင့် ပဲအမျိုးမျိုးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ စိုက်ခင်းမြေများသည် မိုးနှောင်းကာလတွင် မိုးရွာသွန်းမှုပုံမှန်ထက် ပိုမိုခဲ့သဖြင့် မြစ်ရေ၊ ချောင်းရေများလွှမ်းမိုးခဲ့ရာ မြေဆီမြေနှစ်များပိုမိုကောင်းမွန်ပြည့်ဝပြီး အောင်မြင်ဖြစ်ထွန်းခဲ့ခြင်းဖြစ်သည်။ ဆောင်းသီးနှံစိုက်ခင်းများအနက် မြေပဲစိုက်ဧက ၉၂၈၇ ဧကနှင့် ပဲကြီးစိုက်ဧက ၄၂၂၃ ဧကရှိပြီး ရွှေတောကျေးရွာမှ ပဲစိုက်တောင်သူတစ်ဦးက ယခုနှစ်ရာသီဥတုဖောက်ပြန်ခြင်းမရှိသည့်အပြင် အချိန်အခါမဟုတ် မိုးရွာသွန်းခြင်းများလည်း မရှိသည့်အတွက် ပဲအထွက်နှုန်းပိုမိုကောင်းမွန်နိုင်ကြောင်းနှင့် မြေပဲစိုက်ခင်း တစ်ဧကလျှင် တင်း ၆၀ မှ တင်း ၇၀ အထိ အနည်းဆုံးထွက်ရှိနိုင်မည်ဟု ခန့်မှန်းကြောင်း ပြောပြခဲ့သည်။

[ကျော်ဇေယျဝင်း (iprd)]

စစ်ကိုင်းတိုင်းဒေသကြီး

ရာသီဥတုဖောက်ပြန်မှုနှင့် ရွှေမျောတိုက်သူများကြောင့် ချင်းတွင်းမြစ်အတွင်း သဲသောင်ပြင်ထွန်းသည့်နေရာ များပြားလာ

ကလေး ဖေဖော်ဝါရီ ၈ - ချင်းတွင်းမြစ်သည် လွန်ခဲ့သော ၁၀ နှစ်ကျော်က ရေလမ်းကြောင်းကောင်းမွန်ခဲ့သော်လည်း ယခုနောက်ပိုင်းနှစ်ကာလများတွင် ရာသီဥတုဖောက်ပြန်မှုများနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ရွှေမျောတိုက်သူများကြောင့် ချင်းတွင်းမြစ်ရေသည် သန့်ရှင်းမှုနည်းပါးလာပြီး ယခုဆိုလျှင် မြစ်ရေမှာ အထူးကျဆင်းလာကာ သဲသောင်ပြင်ထွန်းသည့် နေရာလည်းများပြားလာသောကြောင့် ချင်းတွင်းရေကြောင်းသွားကုန်တင်အမြန်ယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များအနေဖြင့် ဆင်းတွန်းရမှုများရှိနေကြောင်း သိရသည်။

"မုံရွာသဘော်ဆိပ်ကမ်းနားမှာလည်း သဲသောင်ပြင်ထွန်းတာ တအားများတယ်။ ချင်းတွင်းတံတား အောက်ဘက်ဆိုရင် တော်တော်လေးကို သတိထားရတယ်။ ကနီမြို့နဲ့ မင်းကင်းမြို့ကြားမှာဆိုရင် တော်တော်လေးကို သဲသောင်ဖြစ်နေတာတွေကို တွေ့ရတယ်။ ကလေးဝမြို့နယ် မန်ဖာကြီးနားမှာဆိုရင်မြစ်ကြောင်းက တော်တော်လေးကို ကျဉ်းလာတာတွေ့ရတယ်။ ညမောင်းတွေဆို သတိထားမောင်းသင့်တယ်၊ အရှိန်နှင့်မောင်းရင်တော့ လှေက စောင်းသွားပြီး ဒုက္ခရောက်နိုင်တယ်။ နောက်ပြီးတော့ ဟုမ္မလင်းမြို့နား အလုံ ရိုးသာ၊ ကျောက်မျက်နေရာတွေမှာ သဲသောင်ထွန်းတာတွေ အများဆုံးပဲ။ အဲဒီနေရာတွေရောက်ရင် ဆင်းတွန်းရတာတွေတောင်ရှိတယ်။ ဒါပြီး အခုအချိန်က ဆောင်းရာသီဆိုတော့ မြစ်ထဲမှာ မှိုင်းတိုက်တာတွေနဲ့ ဂရုစိုက်မောင်းနေရတယ်"ဟု အမြန်ရေယာဉ်မောင်းတစ်ဦးက ပြောသည်။ ချင်းတွင်းမြစ်သည် မိုးရာသီကာလတွင် ဟုမ္မလင်း၊ ခန္တီး၊ ဖောင်းပြင်၊ နန်းတော၊ နောင်ပိုအောင်၊ နာဂတောင်တန်းဒေသများအတွက် အဓိကကျသည့် သွားလာဆက်သွယ်ရေးလမ်းကြောင်းကြီးတစ်ခုဖြစ်သည်။ **(အောက်ပုံ)** **[လင်းလက်ကြယ်စင်]**

ချင်းပြည်နယ်

ချင်းပြည်နယ်တွင် နယ်စပ်ကုန်သွယ်ရေးစခန်းအသစ် တည်ဆောက်မည်

ထန်တလန် ဖေဖော်ဝါရီ ၈ - မြန်မာနိုင်ငံအနောက်ဘက်ခြမ်း ချင်းပြည်နယ်(မြောက်ပိုင်း)ထန်တလန်မြို့နယ် မှောင်တလန်ကျေးရွာအနီးတွင် နယ်စပ်ကုန်သွယ်ရေးစခန်းအသစ်တစ်ခု တည်ဆောက်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က သက်ဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်လှစ်မည့် နယ်စပ်ကုန်သွယ်ရေးဂိတ်သည် ထန်တလန်-လုံလဲရ်-ဘုန်ခွာဂိတ်ကို ဆက်သွယ်မည့်ဂိတ်ဖြစ်ပြီး ကုန်သွယ်မှုသင်တန်းများကိုလည်း ဟားခါးမြို့၌ ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ ထို့အပြင် ဒေသအတွင်း ပို့ကုန်အရည်အသွေးရှိသော သီးနှံများတိုးချဲ့စိုက်ပျိုးရန်လိုအပ်ပြီး ထွက်ရှိသောသီးနှံများအား တန်ဖိုးမြင့်ထုတ်ကုန်အဖြစ်တင်ပို့ရောင်းချရန် လိုကြောင်း၊ ယင်းအတွက် အစိုးရမှ စိုက်ပျိုးရေးဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ရန်စီစဉ်နေကြောင်း၊ 'ဝ'ဥစိုက်ပျိုးရန်အတွက် နည်းပညာများ ရရှိအောင် ပညာရှင်များအား ခေါ်ယူတွေ့ဆုံပေးမည်ဖြစ်ကြောင်း၊ ထန်တလန်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ယန္တရားများ တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ကုန်သွယ်ရေးလုပ်ငန်းများ ပီပြင်စွာ လည်ပတ်နိုင်ရေးအတွက် မိမိတို့ရောက်ရှိခြင်းဖြစ်ကြောင်း၊ ကုန်သွယ်မှုမူဝါဒနှင့်အညီ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေရေးနှင့် ကုန်သွယ်မှုသာမက ကုန်သွယ်မှုအခွင့်အလမ်းပါ တိုးတက်စေရေးအတွက် ဝန်ကြီးက ဆွေးနွေးပြောကြားပြီး နယ်စပ်ကုန်သွယ်ရေးလမ်းဖောက်လုပ်မည့် လမ်းအူကြောင်းကို သွားရောက်လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

တရုတ်နှင့် ထိုင်းနိုင်ငံမှအပ မြန်မာနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေး တတိယအမြင့်ဆုံးဖြစ်သော မြန်မာ-အိန္ဒိယကုန်သွယ်ရေးဂိတ်အဖြစ် ချင်းပြည်နယ်ကိုဖြတ်၍ ကုန်သွယ်ရေးဂိတ်များကို ကလေး-တီးတိန်-ရိဒ်၊ ဟားခါး-ဖလမ်း-ရိဒ်နှင့် ဟားခါး-ထန်တလန်-ဆိုင်ဆိခြောက်ဂိတ်များ ဖွင့်လှစ်ပြီးဖြစ်ရာ တီးတိန်-တွန်းဇံ-ကျီခါး၊ ထန်တလန်-ဇန်ဇန်-တလန်လို၊ ဂန့်ဂေါ-ရေဇွာ-လိုင်လင်းသဲနှင့် ထန်တလန်-လုံလဲရ်-ဘုန်ခွာနယ်စပ်ဂိတ်များလည်း ဆက်လက်ဖွင့်လှစ်ရန်ရှိကြောင်း သိရသည်။

[ဗိုဟေဆာ(ချင်းတောင်ခြေ)]

မန္တလေးတိုင်းဒေသကြီး

ကျေးလက်ထုတ်ကုန် စီးဆင်းမှုလွယ်ကူစေရန် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများဆောင်ရွက်လျက်ရှိ

ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများမှ ထုတ်ကုန်များလွယ်ကူလျင်မြန်စွာ စီးဆင်းရေးနှင့် ကျေးရွာနေပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ အသစ်ဖောက်လုပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် မင်းစု-စပါယ်တော ကျေးရွာချင်းဆက်လမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့် ရွာပုလဲ-အုတ်ဖို-ပါယ်လေးဆယ်-ပေတောလေး ကျေးရွာချင်းဆက်လမ်း အသစ်ဖောက်လုပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်သည့် မင်းစု-စပါယ်တောလမ်းသည် ယခင်က ကျောက်ချောလမ်းအဖြစ် ဖောက်လုပ်ထားပြီး နှစ်ကာလကြာမြင့်သောကြောင့် လမ်းအသုံးပြုသူ ကျေးရွာနေပြည်သူများ အခက်အခဲဖြစ်ပေါ်လျက်ရှိသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၁၁၂ ဒသမ ၉ ဖြင့် အရှည်ပေ နှစ်မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးရွာချင်းဆက်လမ်း အသစ်ဖောက်လုပ်ခြင်းအဖြစ် ရွာပုလဲ-အုတ်ဖို-ပါယ်လေးဆယ်-ပေတောလေး ကျေးရွာချင်းဆက်လမ်းအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး လမ်းအမြင့် ၄ ပေ၊ အကျယ် ၂၆ ပေဖြင့် အရှည် တစ်မိုင်ကျော်အား မြေသားလမ်းအဖြစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာပင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၁၆ သန်း အကုန်အကျခံဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ရွာပုလဲ-အုတ်ဖို-ပါယ်လေးဆယ်-ပေတောလေး ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းဖြင့် သံချပ်ကုန်း၊ ပါယ်လေးဆယ်၊ ပေတောကြီး၊ ပေတောလေး၊ ရန်ဘက်လိုကျေးရွာများမှ ကျေးလက်ထုတ်ကုန်များ အလွယ်တကူစီးဆင်းနိုင်မည်ဖြစ်ပြီး ကျေးလက်လူမှုစီးပွားဘဝ မြင့်မားရေးအတွက်လည်း အထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

ထွန်းထွန်းနိုင်(ကျောက်ဆည်)

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးမြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းသားများတိုးချဲ့ခြင်းဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ကလေးမြို့ ဗိုလ်ချုပ်လမ်းဘေး ဝဲ၊ ယာနှင့် ဘုရင့်နောင်လမ်းဆုံ မီးပွိုင့်မှ ကိုက် ၁၅၀ အတွင်း လမ်းသားတိုးချဲ့ခြင်း၊ ပလက်ဖောင်းများဖယ်ရှားကာ တစ်ဖက်လျှင်ရှစ်ပေခန့်နှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၂ ဒသမ ၆ ပေရှိ ရေမြောင်းများတူးခြင်း၊ အုတ်စီရေမြောင်းများ ပြုလုပ်ခြင်းကို စည်ပင်နှင့် ပြည်သူများပူးပေါင်း ဆောင်ရွက်နေကြောင်း စည်ပင်သာယာရေးရုံးမှ အင်ဂျင်နီယာ ဦးအောင်သင်က ပြောသည်။

"ကလေးမြို့တွင် မိုးရာသီဆိုရင် လမ်းမတွေပေါ်မှာရေဝပ်နေတာတို့၊ ရေမြောင်းတွေပိတ်ဆို့နေတာတို့ မဖြစ်ရအောင် စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီနှင့်တိုင်ပင်ပြီး ဆောင်ရွက်နေပါတယ်။ မြို့ပေါ်ရပ်ကွက်အတွင်း မှာရှိတဲ့ ရေမြောင်းတွေကို အားလုံး အသစ်ပြန်ဖော်နေပါတယ်၊ မြို့မဈေးရှေ့ရေမြောင်းတွေ ဖော်ပြီးပါပြီ၊ အောင်မင်္ဂလာ ရပ်ကွက်မှာရှိတဲ့ မြောင်းတွေဖော်ပြီးပါပြီ၊ နတ်ချောင်းလမ်းမကြီးဘက်နှင့် ဗိုလ်ချုပ်လမ်းမကြီး မီးပွိုင့်ရဲ့အနောက်ဘက်ကို ဆက်ပြီး ဖော်သွားပါ့မယ်၊ ရေမြောင်းတွေကို မိုးရာသီမတိုင်မီ အားလုံးပြီးအောင် ဆောင်ရွက်သွားဖို့ ရှိပါတယ်" ဟု ကလေးခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးက ပြောသည်။

ကလေးမြို့ ပန်းခြံကိုလည်း ပြည်သူများ အပန်းဖြေစရာနေရာတစ်ခုဖြစ်ရန် ဆောင်ရွက်နေကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

(လင်းလက်ကြယ်စင်)

ချင်းပြည်နယ်

[illegible]

ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသော ဆောင်ပုဒ်နှင့်အညီ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ချင်းပြည်နယ်အတွင်းရှိ ပြည်သူများရုပ်မြင်သံကြားအစီအစဉ်များကြည့်ရှုနိုင်ရန် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၁ ရုံဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ချင်းပြည်နယ်အတွင်း ၁၉၈၇ ခုနှစ်တွင် ကနေဒီ(တီးတိန်)၊ ဟားခါး၊ ဖလမ်းမြို့နယ်များတွင် ပြန်ကြားရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများတည်ဆောက်ပေးခဲ့ပြီး ၁၉၉၆ ခုနှစ်တွင် တွန်းဇံ၊ မင်းတပ်မြို့နယ်များ၊ ၁၉၉၈ ခုနှစ်တွင် မတူပီ၊ ပလက်ဝမြို့နယ်များ၊ ၂၀၀၂ ခုနှစ်တွင် ထန်တလန်မြို့နယ်များ၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့သည်။ ၂၀၀၃ ခုနှစ်တွင် ရိဒ်ခေါဒါရ်မြို့နယ်ခွဲ၊ ၂၀၀၄ ခုနှစ်တွင် ရေဇွာနှင့် ကျီခါးမြို့နယ်ခွဲများ၌ ပြန်ကြားရေးဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများတည်ဆောက်ပေးခြင်းဖြင့် ဒေသခံပြည်သူများသည် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်သကဲ့သို့ ဖျော်ဖြေရေး၊ ပညာရေးကဏ္ဍများကိုလည်း ကြည့်ရှုနိုင်သည့်အခွင့်အရေးများ ရရှိကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)



» » ကျောဖုံးမှ

မေး။ မြန်မာနိုင်ငံ ဓာတ်အားပျောက်ဆုံးမှုအခြေအနေ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ၁၉၉၀-၁၉၉၁ ခုနှစ်က Loss ၃၅ ဒသမ ၃၅ ရာခိုင်နှုန်း ရှိပါတယ်။ ယခု ၂၀၁၂-၂၀၁၃ ခုနှစ်မှာ ၂၂ ဒသမ ၉၈ ရာခိုင်နှုန်းရှိပါတယ်။ ဓာတ်အားပျောက်ဆုံးမှု နည်းအောင် နှစ်စဉ်စီမံချက်တွေ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် လျော့နည်းလာတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စီမံခန့်ခွဲမှုအရရော၊ ဘဏ္ဍာငွေ ရရှိ၊ ခွဲဝေ၊ သုံးစွဲမှုအရရော ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပါတယ်။

မေး။ အိမ်နီးချင်းနိုင်ငံများရဲ့ ဓာတ်အားပျောက်ဆုံးမှုကိုလည်း သိပါရစေ။

ဖြေ။ ထိုင်းမှာ ၆ ရာခိုင်နှုန်း၊ စင်ကာပူ ၅ ရာခိုင်နှုန်း၊ တရုတ် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ အိန္ဒိယ ၂၁ ဒသမ ၄ ရာခိုင်နှုန်း၊ လာအို ၁၄ ဒသမ ၄၂ ရာခိုင်နှုန်း ရှိပါတယ်။

မေး။ စင်ကာပူ၊ ထိုင်းနိုင်ငံတို့လို ဓာတ်အားပျောက်ဆုံးမှု လျော့နည်းအောင် ဘာတွေဆောင်ရွက်ရမှာပါလဲ။

ဖြေ။ Transmission လိုင်းတွေမှာ သတ်မှတ်ဝန်အား သယ်နိုင်တဲ့လိုင်းတွေ သုံးထားတဲ့အတွက် Transmission Loss နည်းတယ်။ ဓာတ်အားခွဲရုံပစ္စည်းတွေကိုလည်း အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေကို အသုံးပြုထားတယ်။ ဓာတ်အားဖြန့်ဖြူးရေး ဗို့အားနိမ့်လိုင်းတွေကို Insulated Wire တွေနဲ့ ပြောင်းလဲဆွဲသားခြင်း၊ Analog Meter တွေကို Digital Meter တွေနဲ့ ပြောင်းလဲတပ်ဆင်ခြင်း၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းတွေမှာ Capacitor Bank တွေ တပ်ဆင်ခြင်း၊ ၅၀ ကေဗွီအေ/၁၀၀ ကေဗွီအေထရန်စဖော်မာများဖြင့် Multi Transformer Distribution System သုံးစွဲခြင်းများ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

မေး။ မြန်မာနိုင်ငံမှာ Transmission Loss နဲ့ Distribution Loss က ဘယ်လောက်ရှိပါသလဲ။

ဖြေ။ မြန်မာနိုင်ငံမှာ Transmission Loss က ၇ ရာခိုင်နှုန်းခန့်ထိရှိပြီး Distribution Loss က ၁၆ ရာခိုင်နှုန်းခန့် ရှိပါတယ်။

မေး။ Transmission Loss နည်းအောင် ဘာတွေလုပ်ရပါမလဲ။

ဖြေ။ Transmission Loss နည်းအောင် သတ်မှတ်ဝန်အားလျှပ်စီးနဲ့ညီမျှတဲ့ ဓာတ်အားလိုင်းကြိုးအရွယ်အစား၊ သတ်မှတ်အကွာအဝေးနဲ့ညီမျှတဲ့ ဗို့အားစနစ်နဲ့ ပို့လွှတ်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံ၏ Transmission Voltage အမျိုးအစားက ၂၃၀ ကေဗွီ အမျိုးအစားဖြစ်ပြီး လက်ရှိ ရေအားလျှပ်စစ်စက်ရုံတွေက ထုတ်လုပ်တဲ့ဓာတ်အားတွေကို မြန်မာပြည်မြောက်ပိုင်းကနေ မြန်မာပြည်တောင်ပိုင်းအထိ မိုင်ပေါင်း ၅၀၀ ကျော် သယ်ယူနေရပါတယ်။ ဝန်အားပြည့် သယ်ယူနေရတဲ့အတွက် ဓာတ်အားလိုင်းတွေမှာ Transmission Loss များနေတာ ဖြစ်ပါတယ်။ Transmission Voltage ကို အနိမ့်ဆုံး ၅၀၀ ကေဗွီ အမျိုးအစားနဲ့ ဆွဲသားမှသာ Transmission Loss နည်းမှာ ဖြစ်ပါတယ်။

မေး။ မီးသုံးစွဲသူများရဲ့ တရားမဝင် ဓာတ်အားသုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်း ဘယ်လောက်ရှိပါသလဲ။ ဖော်ထုတ်အရေးယူမှုတွေရော လုပ်ပါသလား။

ဖြေ။ တရားမဝင် ဓာတ်အားသုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းကတော့ စုစုပေါင်း ပျောက်ဆုံးမှုရဲ့ တစ်ဝက်ခန့်ရှိပါတယ်။ စစ်ဆေးရေးအဖွဲ့တွေနဲ့ ဆောင်ရွက်ပေးနေရပါတယ်။ ဖော်ထုတ်အရေးယူမှု အနေနဲ့ကတော့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ၄၁၄၇ ဦး နစ်နာကြေးငွေ ကျပ်သန်းပေါင်း ၈၇၁ ဒသမ ၆၉၂ နှင့် အမေရိကန်ဒေါ်လာ ၅၃၅၄ ဒသမ ၄၃၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ၃၇၉၇ ဦး နစ်နာကြေးငွေ ကျပ်သန်းပေါင်း ၁၅၃၈ ဒသမ ၉၈၉ နှင့် အမေရိကန်ဒေါ်လာ ၂၅၃၇ ဒသမ ၈၄၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ၂၀၁၃ ဒီဇင်ဘာအထိ ၁၂၂၁ ဦး နစ်နာကြေးငွေ ကျပ်သန်းပေါင်း ၄၀၉ ဒသမ ၈၃၂၂ နှင့် အမေရိကန်ဒေါ်လာ ၂၅၇၄၈ ဒသမ ၉၃ တို့ ရရှိခဲ့ပါတယ်။

မေး။ မီးအားတွေ (ဗို့အား) ကျဆင်းမှုနဲ့ ဓာတ်အားပျောက်ဆုံးမှုရော ဆက်နွှယ်မှုရှိပါသလား။

ဖြေ။ မီးအားတွေ ကျဆင်းမှုနဲ့ ဓာတ်အားပျောက်ဆုံးမှုရော ဆက်နွှယ်မှုရှိပါတယ်။ ဗို့အားကျဆင်းမှုကြောင့် မီတာများ အလည်နှေးခြင်းဖြစ်ပေါ်ပြီး ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပေါ်ပါတယ်။ ဗို့အားကျဆင်းမှုကြောင့် မီးအားမြှင့်စက်တွေ အသုံးပြုရင်လည်း လျှပ်စစ်စီးကြောင်း (အမ်ပီယာ) ပိုမိုသုံးစွဲရတဲ့အတွက် ဓာတ်အားလိုင်းကြိုးပေါ်မှာ ဓာတ်အားပျောက်ဆုံးမှုတွေ ပိုမိုဖြစ်ပေါ်စေပါတယ်။ ဥပမာ အိမ်တစ်အိမ်မှာ ၁၀၀၀ ဝပ် သုံးတဲ့ လျှပ်စစ်ပစ္စည်းများအတွက် ၂၃၀ ဗို့ရှိပါက အိမ်သို့သွယ်သော ဆားဗစ်ကြိုးမှာ ထရန်စဖော်မာ အထိ ၄၀၀ ဗို့လိုင်းတွင် လျှပ်စီးကြောင်း ၅ ဒသမ ၄ အမ်ပီယာသာစီးမှာ ဖြစ်ပါတယ်။ အဲဒီအိမ်မှာပဲ ဗို့အား ၁၅၀ အထိ ကျသွားရင် မီးအားမြှင့်စက်နဲ့ ၂၃၀ ဗို့ ရောက်ရှိအောင် မြှင့်တင်ပြီးသုံးရင် ၁၀၀၀ ဝပ်ရှိတဲ့ လျှပ်စစ်ပစ္စည်းဟာ ထရန်စဖော်မာမှ ဆားဗစ်ကြိုးအရောက် လိုင်းပေါ်မှာ ၈ ဒသမ ၃ အမ်ပီယာ စီးဆင်းမှာ ဖြစ်ပါတယ်။ ဗို့အား ၂၃၀ ကနေ ၁၅၀ ကျသွားတဲ့အတွက် မီးအားမြှင့်စက် သုံးလိုက်ခြင်းကြောင့် ၁၀၀၀ ဝပ် လျှပ်စစ်ပစ္စည်းမှာ ပုံမှန်လျှပ်စစ်စီးကြောင်းထက် ၂ ဒသမ ၉ အမ်ပီယာ ပိုပြီးစီးဆင်းလာတယ်။ အဲဒီလို စီးဆင်းတဲ့အတွက် ၄၀၀ ဗို့လိုင်းပေါ်မှာ ပျောက်တဲ့ဓာတ်အားက ပေ ၁၀၀၀ အကွာအဝေးကို တစ်နာရီမှာ ၂ ဒသမ ၃၈ ဝပ်၊ ၈ နာရီမှာ ၁၉ ဒသမ ၀၄ ဝပ် ပျောက်ဆုံးလာမှာဖြစ်ပါတယ်။ အဲဒီ ရပ်ကွက်ထဲမှာပဲ အိမ်ခြေ ၄၀၀ ရှိပြီး တစ်အိမ်ကို ၁၀၀၀ ဝပ်အသုံးနဲ့ တွက်ကြည့်ရင် တစ်နာရီကို ၉၅၂ ဝပ်၊ ၈ နာရီကို ၇၆၁၆ ဝပ် ပျောက်ဆုံးမှု တိုးလာမှာဖြစ်ပါတယ်။ ဒါကြောင့် မီးအားကျဆင်းမှုသည် ဓာတ်အားပျောက်ဆုံးမှုနဲ့ ဆက်နွှယ်နေပါတယ်။

မေး။ ဓာတ်အားပျောက်ဆုံးမှုမှာ မီးသုံးစွဲသူများကြောင့်လည်း ပါဝင်တယ်လို့သိရပါတယ်။ ဓာတ်အားပျောက်ဆုံးမှုနဲ့ မီးသုံးစွဲသူများ ဘယ်လိုဆက်နွှယ်မှုရှိပါသလဲ။

ဖြေ။ မီးသုံးစွဲသူ အချို့က ဓာတ်အားခ ကုန်ကျစရိတ်ကို သက်သာလိုကြပါတယ်။ အထူးသဖြင့် လျှပ်စစ်နဲ့ လုပ်ငန်းဆောင်ရွက်တဲ့ စက်မှုလုပ်ငန်းတွေရဲ့ လစဉ်ကုန်ကျစရိတ်တွင် လျှပ်စစ်ဓာတ်အားခသည် အဓိကအချက်အနေနဲ့ ပါဝင်နေပါတယ်။ အဲဒီအတွက် လုပ်ငန်းရှင်အချို့ဟာ တရားမဝင် သုံးစွဲနိုင်တဲ့ နည်းလမ်းတွေကို ရှာဖွေသုံးစွဲလာကြပါတယ်။ ဥပမာအားဖြင့် မီတာကို တရားမဝင် ပြုပြင်သုံးစွဲတယ်၊ ဓာတ်အားလိုင်းကနေ တိုက်ရိုက်ချိတ်ဆက် သုံးစွဲတယ်၊ အဲဒီလို သုံးစွဲမှုတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုတွေ ဖြစ်ပေါ်လာရတယ်။

မေး။ ယခု လူအများကြား ပြောဆိုနေကြတာက လက်ရှိ ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းတွေ လုံးဝမရှိတော့ရင် လျှပ်စစ်မဂ္ဂါဝပ် ၃၀၀ လောက် တိုးလာမယ်ပြောနေကြတယ်။ ဓာတ်အားပျောက်ဆုံးမှု လုံးဝမရှိအောင် ဆောင်ရွက်၍ ရပါသလား။

ဖြေ။ ဓာတ်အားပျောက်ဆုံးမှု လုံးဝမရှိအောင် ဆောင်ရွက်၍ မရပါ။ ခေတ်အမီဆုံးနည်းပညာနဲ့ တည်ဆောက်ထားတဲ့ ဂျပန်လို နိုင်ငံမျိုးတောင်မှ ဓာတ်အားပျောက်ဆုံးမှု ၄ ဒသမ ၀၆ ရာခိုင်နှုန်းခန့် ရှိပါတယ်။

မေး။ ဓာတ်အားပြတ်တောက်မှု များတာနဲ့ ဓာတ်အားပျောက်ဆုံးမှု ဆက်နွှယ်မှု ရှိပါသလား။

ဖြေ။ ဓာတ်အားလိုင်းတစ်ခုမှာ ပုံမှန်မီးလာနေရင် ပုံမှန်လျှပ်စစ်စီးဆင်းနေပါတယ်။ ဓာတ်အားပြတ်တောက်မှု ဖြစ်ပေါ်ပြီး မီးပြန်လာတဲ့အချိန်မှာ မီးသုံးသူတွေဟာ အိမ်သုံးလျှပ်စစ်ပစ္စည်းများဖြစ်တဲ့ ရေမော်တာတင်တာ၊ မီးပူတိုက်တာ၊ ထမင်းချက်တာ စတဲ့ လျှပ်စစ်ပစ္စည်းတွေကို တစ်ပြိုင်တည်း သုံးကြတဲ့အချိန်မှာ ပုံမှန်ထက်ပိုတဲ့ လျှပ်စီးကြောင်းတွေ ဖြစ်ပေါ်လာပြီး ဗို့အားကျဆင်းမှုဖြစ်ပေါ်ပါတယ်။ ဓာတ်အားလိုင်းကြိုးပေါ်တွင် လျှပ်စီးပိုမိုစီးခြင်းကြောင့် ဓာတ်အားပျောက်ဆုံးမှု ပိုများလာပါတယ်။ ဒါကြောင့် ဓာတ်အားပြတ်တောက်မှုနဲ့ဓာတ်အား ပျောက်ဆုံးမှု ဆက်နွှယ်နေတာ ဖြစ်ပါတယ်။ ဝန်အားပိုမိုသုံးစွဲမှုကြောင့် ဓာတ်အားလိုင်းကြိုး ပြတ်ကျပါက လျှပ်စစ်စီးကြောင်းသည် မြေကြီးပေါ်သို့ စီးဆင်းသည့်အတွက် ဓာတ်အားပျောက်ဆုံးမှု များစွာဖြစ်ပေါ်စေပါတယ်။

မေး။ Digital မီတာတွေ ပြောင်းလဲတပ်ဆင်နေတာ သိရပါတယ်။ ဒါနဲ့ ပတ်သက်ပြီး အမျိုးမျိုးဝေဖန်နေတာတွေ ကြားရပါတယ်။ ဌာနနဲ့ ပြည်သူတွေအကျိုးရှိမှု ဘယ်လောက်ရှိပါသလဲ။

ဖြေ။ Digital မီတာတွေ တပ်ဆင်တဲ့အတွက် ပြည်သူတွေ အများကြီးအကျိုးရှိပါတယ်။ လဆန်းရက်တွေမှာ မီတာဖတ်စာရေးကို စောင့်မျှော်နေစရာ မလိုခြင်း၊ မိမိ သုံးစွဲသည့်အတိုင်း အမှန်ကုန်ကျငွေကိုသာ ပေးချေရခြင်း၊ လက်ရှိ Analog မီတာစနစ်တွင် အိမ်ပိတ်၊ ခြံပိတ်ထားခြင်းများကြောင့် မီတာ မဖတ်နိုင်ခြင်း၊ အမြင်မှားယွင်းဖတ်ခြင်း၊ ခန့်မှန်း၍ ဖတ်ခြင်းများ ရှိသည့်အတွက် မီတာယူနစ်တောင်းခံရာတွင် ခက်ခဲမှုများ ရှိသော်လည်း ပြောင်းလဲတပ်ဆင်သော Digital မီတာများတွင် Remote Hand Held Unit (HHU)ဖြစ်ခြင်းကြောင့် လျင်မြန်စွာ ဖတ်ရှုနိုင်ခြင်း၊ တိကျသော ဖတ်ချက်များ ရရှိခြင်းများကြောင့် မီတာယူနစ် တောင်းခံရာတွင် တိကျမှုရှိပါတယ်။ ဥပမာအားဖြင့် ရိုးရိုးလက်ပတ်နာရီနဲ့ Digital (Quatz)နာရီမှာ Digital နာရီက တိကျမှုရှိပါတယ်။ Digital မီတာ တပ်ဆင်ရာတွင် သင့်လျော်သည့် Breaker တစ်ပါတည်း တပ်ဆင်ပေးထားသဖြင့် မီးသုံးသူအိမ်အတွင်း ဝန်အား ပိုမိုသုံးစွဲမှုကြောင့် ဖြစ်သော Wire Shock ဖြစ်မှု၊ မီတာပျက်စီးမှုနှင့် လျှပ်စစ်အန္တရာယ်ဖြစ်ပေါ်စေမှုများကို ကာကွယ်ပေးပါတယ်။ အထူးသဖြင့် ဝန်ထမ်းအယောင်ဆောင်ပြီး ငွေလိမ်လည်တောင်းဆိုခံရမှုတွေ မရှိတော့တဲ့အတွက် မီးသုံးစွဲသူတွေ သဘောကျကြပါတယ်။ Digital မီတာတပ်ဆင်လိုက်တဲ့အတွက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းသွားမှာ ဖြစ်ပါတယ်။ ဗို့အားကျဆင်းသော နေရာများအတွက် Analog Meter မှာ မီတာအလည်နှေးသော်လည်း Digital Meter မှာတော့ သုံးစွဲယူနစ် အမှန်အတိုင်းပြပါတယ်။ ယခင်က မီတာစာရေးတစ်ယောက် တစ်ရက် မီတာအလုံး ၁၅၀ သာ ဖတ်နိုင်ရာမှ Digital မီတာကို လူတစ်ဦးတည်းဖြင့် တစ်ရက် မီတာအလုံး ၁၀၀၀၀ ခန့်ဖတ်နိုင်တဲ့အတွက် လူအင်အားသုံးစွဲမှု သက်သာပါတယ်။ ဓာတ်တိုင်ပေါ်မှာ တပ်ထားခြင်းဖြစ်တဲ့အတွက် တရားမဝင် ဓာတ်အားသုံးစွဲမှုများ မပြုလုပ်နိုင်တော့သည့်အတွက် ဓာတ်အားပျောက်ဆုံးမှုများ လျော့နည်းလာမှာ ဖြစ်ပါတယ်။

မေး။ Digital Meter တွေ ပြောင်းလဲတပ်ဆင်မှုတွင် ဓာတ်အားပျောက်ဆုံးမှု အခြေအနေ ဘယ်လောက်အထိ ရှိပါသလဲ။

ဖြေ။ Analog Meter တွေကို Digital Meter နဲ့ အစားထိုးတပ်ဆင်ခြင်းကို ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီး ယနေ့အထိ ဆောင်ရွက်နေပါတယ်။ လဲလှယ်ဖြုတ်သိမ်းပြီးတဲ့ Analog Meter များအနက်မှ ၅၈၃၁၈ လုံးကို ပြန်လည်စစ်ဆေးကြည့်ရာမှာ ရပ်၊ ပျက်၊ နှေးဖြစ်နေတာ ၁၂၄၃၄ လုံး၊ သံချေးတက်၊ ကွိုင်လောင် ၁၄၀၇၆ လုံး စုစုပေါင်း ၂၆၅၁၀ လုံး ရှိတဲ့အတွက် ရာခိုင်နှုန်းအားဖြင့် ၄၅ ဒသမ ၄၅ ရာခိုင်နှုန်းဟာ မီတာရပ်တာ၊ အလည်နှေးတာတွေကြောင့် ဓာတ်အားပျောက်ဆုံးမှုရှိနေတာ တွေ့ရပါတယ်။ တချို့မြို့နယ်တွေမှာ မီတာတွေကို တရားမဝင် ပြုပြင်သုံးစွဲထားတာတွေက ၃၃ ဒသမ ၂၇ ရာခိုင်နှုန်းလောက်အထိ ရှိတာကို စစ်ဆေးတွေ့ရှိရပါတယ်။

မေး။ Digital Meter တစ်လုံး လဲလှယ်ဖို့ ကုန်ကျစရိတ် ဘယ်လောက်ရှိပါသလဲ။ တစ်နိုင်ငံလုံးဆိုရင်ရော ဘယ်လောက်ကုန်ကျမလဲ။

ဖြေ။ Digital Meter တစ်လုံး လဲလှယ်တပ်ဆင်ပေးရာတွင် မီတာတန်ဖိုး၊ ပုံးခွံတန်ဖိုး၊ ကြိုးတန်ဖိုး၊ အခြားဆက်စပ်ပစ္စည်းတန်ဖိုးများအတွက် လုပ်အားခ၊ ပစ္စည်းတန်ဖိုး ကုန်ကျစရိတ်က ကျပ် ၉၀၀၀၀ ခန့်ရှိပါတယ်။ တစ်နိုင်ငံလုံး လက်ရှိ Analog Meter ပေါင်း ၂၇၂၉၃၇၁ လုံး လဲလှယ်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ ကျပ် ၂၂၅ ဒသမ ၁၂ ဘီလီယံ ကုန်ကျမှာဖြစ်ပါတယ်။

မေး။ Digital Meter တွေ တပ်ပြီးတဲ့ မြို့နယ်တွေမှာ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းတာ သိသိသာသာ တိုးတက်လာပါသလား။

ဖြေ။ အများကြီး သိသိသာသာ တိုးတက်လာပါတယ်။ ဥပမာအားဖြင့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့ဟာ ဓာတ်အားပျောက်ဆုံးမှုများတဲ့ မြို့ဖြစ်တဲ့အတွက် Digital Meter ဦးစွာ တပ်ဆင်ပေးခဲ့ပါတယ်။ယခင် Analog Meter ၃၁၄၈၃ လုံးရှိရာတွင် Digital Meter ၂၉၇၂၉ လုံး လဲလှယ်ပြီးနောက် မူလဓာတ်အား ပျောက်ဆုံးမှု ၃၀ ဒသမ ၇၂ ရာခိုင်နှုန်းရှိရာကနေ ယခု ၁၈ ဒသမ ၅၆ ရာခိုင်နှုန်းသာ ရှိတဲ့အတွက် ၁၂ ဒသမ ၁၆ ရာခိုင်နှုန်း လျော့နည်းလာပါတယ်။ ပျောက်ဆုံးမှု ၁၂ ဒသမ ၁၆ လျှော့ချနိုင်တဲ့အတွက် ယူနစ်ရောင်းချမှု တိုးလာပြီး တစ်လ ကျပ် ၁၄၂ သန်း ဝင်ငွေတိုးလာပါတယ်။

မေး။ ကျေးရွာမီးလင်းရေးတွေက ဓာတ်အားပျောက်ဆုံးမှု ကျခံနေရတယ်လို့ သိရပါတယ်။ ဘယ်လိုနည်းနဲ့ ကျခံနေရတာကို သိပါရစေ။

ဖြေ။ ကျေးရွာမီးလင်းရေးတွေမှာ ရွာအတွင်းမှာရှိတဲ့ ဓာတ်အားလိုင်းတွေနဲ့ ထိနေတဲ့ သစ်ပင်သစ်ကိုင်းတွေ ရှင်းလင်းမှု မရှိခြင်း၊ တရားမဝင်သုံးစွဲမှုများ စစ်ဆေးနိုင်ရန် မြို့နယ်လျှပ်စစ်ရုံးများနှင့် အလှမ်းဝေးကွာခြင်းကြောင့် စစ်ဆေးရန်ခက်ခဲခြင်း စသည်တို့ကြောင့် ကျေးရွာတွေရဲ့ ဓာတ်အားပျောက်ဆုံးမှုဟာ များပြားပါတယ်။ သို့သော်လည်း ကျေးရွာများ၏ ဓာတ်အားပျောက်ဆုံးမှု ၁၀ ရာခိုင်နှုန်းအထိကို ဌာနမှ ကျခံပေးထားပါတယ်။ ဓာတ်အားလိုင်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း တည်ဆောက်ထားမှု၊ ကျေးရွာမီးလင်းရေးကော်မတီရဲ့ မိမိရွာအတွင်း တရားမဝင် ဓာတ်အားချိတ်ဆက်သုံးစွဲမှုတွေကို စစ်ဆေးဆောင်ရွက်ပေးနိုင်မှု၊ ရွာသူ ရွာသားများရဲ့ စည်းကမ်းလိုက်နာမှုပေါ် မူတည်ပြီး ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းနည်းမှာ ဖြစ်ပါတယ်။ အချို့ စနစ်တကျ တည်ဆောက်ထားတဲ့ ရွာတွေမှာ ဓာတ်အားပျောက်ဆုံးမှု ရာခိုင်နှုန်းဟာ ၇ ရာခိုင်နှုန်းခန့်အတွင်းသာ ရှိပါတယ်။

မေး။ ဓာတ်အားခ နှုန်းထားတိုးမယ်လို့ သိရပါတယ်။ ဓာတ်အားခနှုန်းထား တိုးလာရင်ရော ဓာတ်အားပျောက်ဆုံးမှုကို လျော့နည်းစေပါမလား။

ဖြေ။ ရာခိုင်နှုန်း အသင့်အတင့် လျော့နည်းစေမှာ ဖြစ်ပါတယ်။ လျှပ်စစ်ကို ချွေတာသုံးစွဲလာတဲ့အတွက် ဓာတ်အားလိုင်းတွေပေါ်မှာ လျှပ်စီးကြောင်းတွေ ပုံမှန်ထက် လျော့နည်းသွားနိုင်ပြီး ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေမှာ ဖြစ်ပါတယ်။ ဝင်ငွေတိုးလာပါက ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများ ပြုပြင်ထိန်းသိမ်းမှု ပိုမိုဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းလာမှာ ဖြစ်ပါတယ်။

မေး။ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းအောင် ဆောင်ရွက်နေမှု အစီအစဉ်များရော ရှိပါသလား။

ဖြေ။ နှစ်အလိုက်ရရှိတဲ့ ဘဏ္ဍာငွေပေါ် မူတည်ပြီး ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ တိုးချဲ့တည်ဆောက်ပေးနေတဲ့အတွက် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးတွင် အင်နဲ့အားနဲ့ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ဒါပေမယ့်လည်း နှစ်စဉ် စံချိန်မမီတဲ့ တိုင်၊ တန်း၊ ကြိုး၊ ကြွေသီးတွေကိုလည်း လဲလှယ်ပေးခြင်း၊ ယခင်က သုံးခဲ့တဲ့ Analog Meter တွေကိုလည်း Digital Meter တွေနဲ့ အစားထိုးလဲလှယ်ပေးမှုများကိုလည်း ဘဏ္ဍာငွေပေါ်မူတည်၍ ခွဲဝေသုံးစွဲလျက်ရှိပါတယ်။ ဒါကြောင့်လည်း Losses က တဖြည်းဖြည်း ကျဆင်းလာခြင်း ဖြစ်ပါတယ်။

မေး။ ဓာတ်အားပျောက်ဆုံးမှု လျော့ကျရေးအတွက် နိုင်ငံခြား အကူအညီတွေ ဆောင်ရွက်ထားပါသလား။

ဖြေ။ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် ချေးငွေများ ရရှိရေး၊ နည်းပညာအကူအညီများ ရရှိရေး ဆောင်ရွက်နေပါတယ်။ အာဆီယံနိုင်ငံများနဲ့လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဗီယက်နမ်နိုင်ငံနဲ့ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်း ၃၁၅ ကေဗွီအေ ထရန်စဖော်မာတစ်လုံးက ဓာတ်အားပေးတဲ့ ဧရိယာအတွင်း Pilot Project အဖြစ် သတ်မှတ်၍ စမ်းသပ်ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ လိုင်းကြိုးများ၊ မီတာများကို စံချိန်စံညွှန်းနှင့်အညီ လဲလှယ်ပေးခဲ့ရာတွင် ကုန်ကျငွေကျပ်သန်းပေါင်း ၇၇ ဒသမ ၃၂ ကုန်ကျပြီး ဓာတ်အားပျောက်ဆုံးမှုသည် ၂၆ ရာခိုင်နှုန်းမှ ၃ ဒသမ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ ဒီဆောင်ရွက်မှုအတိုင်း တစ်ပြည်လုံးမှာရှိတဲ့ ထရန်စဖော်မာ ၁၄၆၉၆ လုံးကို ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးဆောင်ရွက်မည်ဆိုပါက ကျပ် ၁၁၃၆ ဒသမ ၂၉ ဘီလီယံခန့် သုံးစွဲရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံ PLN အဖွဲ့နဲ့ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တစ်လုံးဖြင့် ဓာတ်အားပေးသည့် ဧရိယာကို Pilot Project အဖြစ် သတ်မှတ်၍ ဆောင်ရွက်ရာတွင် ကုန်ကျငွေ ကျပ်သန်းပေါင်း ၂၉ ဒသမ ၉၈ ကုန်ကျပါတယ်။ ဓာတ်အားပျောက်ဆုံးမှု လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ၆ ရာခိုင်နှုန်းအထိ ကျဆင်းသွားပါတယ်။ အင်ဒိုနီးရှားနိုင်ငံ PLN အတိုင်း တစ်ပြည်လုံးမှာရှိတဲ့ ထရန်စဖော်မာ ၁၄၆၉၆ လုံးကို ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး ဆောင်ရွက်မည်ဆိုပါက ဘဏ္ဍာငွေ ၄၄၀ ဒသမ ၅၈ ဘီလီယံ ကုန်ကျမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့များတွင်လည်း Technical ပိုင်းဆိုင်ရာ ဓာတ်အားပျောက်ဆုံးမှု ကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ADB ချေးငွေ သန်း ၆၀ ဖြင့် ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေပါတယ်။ လုပ်ငန်းဆောင်ရွက်ပြီးပါက ဓာတ်အားပျောက်ဆုံးမှု ၄ ရာခိုင်နှုန်း လျော့နည်းအောင် ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်။ ထို့အပြင် ဂျပန်နိုင်ငံ JICA အဖွဲ့နဲ့ မြန်မာနိုင်ငံအင်ဂျင်နီယာများ ပူးပေါင်း၍ ချေးငွေ ဒေါ်လာ သန်း ၂၁၀ ဖြင့် ရန်ကုန်မြို့တွင်း မြို့နယ် ၂၃ မြို့နယ်တွင် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် Losses ကျဆင်းရေး ဆောင်ရွက်ရန် ရှိပါတယ်။ ဓာတ်အားသုံးစွဲသူ ပြည်သူများ အနေဖြင့်လည်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုနှင့် ပတ်သက်သောအချက်များကို သိရှိရပြီဖြစ်၍ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေးအတွက် မိမိသက်ဆိုင်ရာ နေရာများတွင် ပူးပေါင်းကူညီဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်ဘဏ္ဍာငွေ တိုးတက်စေပြီး ဓာတ်အားသုံးစွဲမှု ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

တောင်သမန်အင်းမှ ငှက်ခတ်သူများ နိုင်ငံခြားဧည့်သည်များ လာရောက်မှုအပေါ်မှီခိုရပ်တည်နေကြရ

ပြည်တွင်းရေးရာ စာမျက်နှာ - ၄၅ » »

(၆၇)ကြိမ်မြောက် ရှမ်းပြည်နယ်နေ့နှင့် ပြည်ထောင်စုနေ့ အခမ်းအနားများ သီပေါမြို့နယ်၌ စည်ကားစွာ ကျင်းပမည်

ပြည်တွင်းရေးရာ စာမျက်နှာ - ၅ » »

ကျေးလက်ထုတ်ကုန်စီးဆင်းမှုလွယ်ကူစေရန် ကျေးရွာချင်းဆက်လမ်းများ အဆင့်မြှင့်တင်ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းများဆောင်ရွက်လျက်ရှိ

ပြည်တွင်းရေးရာ စာမျက်နှာ - ၆ » »

ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းရေး အာဆီယံနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်

နိုင်ငံတကာတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုတွင် လျှပ်စစ်ကဏ္ဍသည် အဓိကအရေးပါသော အချက်တစ်ချက်အဖြစ် ပါဝင်နေပါသည်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ပြည်သူများ၏ သုံးစွဲမှုလိုအပ်ချက် ဖြည့်ဆည်းပေးရေး၊ အခြေခံအားဖြင့် ဒုတိယအဆင့် စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် တတိယအဆင့်အနေဖြင့် ပိုမိုထုတ်လုပ်သော လျှပ်စစ်ဓာတ်အားကို ပြည်ပနိုင်ငံများသို့ ဆက်သွယ်ရောင်းချသော လျှပ်စစ်ကုန်သွယ်မှုအဆင့် ဖြစ်ပါသည်။ စွမ်းအင်အရင်းအမြစ် ပေါများပြီး ရင်းနှီးမြှုပ်နှံမှုကောင်းသော နိုင်ငံများသည် တတိယအဆင့် လျှပ်စစ်ကုန်သွယ်မှုကို ဆောင်ရွက်လျက်ရှိကြပါသည်။ဥပမာအားဖြင့် နော်ဝေနိုင်ငံနှင့် ဘူတန်နိုင်ငံသည် ရေအားလျှပ်စစ် ပေါများကြွယ်ဝမှုပေါ်မူတည်ပြီး ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ရေအားလျှပ်စစ်ဓာတ်အားများစွာ ထုတ်လုပ်လျက်ရှိ၍ ပြည်ပနိုင်ငံများသို့ ဓာတ်အားလိုင်းများဖြင့် ချိတ်ဆက်ရောင်းချမှုဖြင့် နိုင်ငံ၏ အဓိကဝင်ငွေအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိဓာတ်အားထုတ်လုပ်မှုတွင် ၃၀ရာခိုင်နှုန်းခန့်သော ပြည်သူများကိုသာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်သေးကြောင်း တွေ့ရှိရပါသည်။ ထုတ်လုပ်သော ဓာတ်အား ၁၈၅၀ မဂ္ဂါဝပ်ခန့်တွင် မသုံးစွဲရဘဲ ဓာတ်အားပျောက်ဆုံးမှုများရှိနေကြောင်း၊ ဓာတ်အားပျောက်ဆုံးမှုမရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှ ဆွေးနွေးခြင်း၊ မီဒီယာများတွင် ရေးသားပြောဆိုမှုများ တွေ့ရှိနေရသည့်အတွက် စာရေးသူ

> ဓာတ်အားခွဲရုံတစ်ခုမှ မြို့တစ်မြို့သို့ ဓာတ်အားယူနစ် တစ်သန်းပို့လွှတ်ပြီး ဓာတ်အားယူနစ် ကိုးသိန်းသာ လက်ခံသုံးစွဲရရှိပါက ယူနစ်တစ်သိန်း ပျောက်ဆုံးမှုဖြစ်

မြင့်ခိုင်

အနေဖြင့် ဓာတ်အားပျောက်ဆုံးမှုအပေါ် ရှင်းလင်းစွာ သိလိုသည့်အတွက် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး။ ဓာတ်အားပျောက်ဆုံးမှုဆိုတဲ့ အဓိပ္ပာယ်ကို သိပါရစေ။

ဖြေ။ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု (Unit Losses)ဆိုသည်မှာ ဓာတ်အားပေးစက်ရုံ (သို့မဟုတ်) ဓာတ်အားခွဲရုံမှပို့လွှတ်သော ဓာတ်အားယူနစ်ပေါင်းနှင့် ဓာတ်အားသုံးစွဲသောသူများထံမှ ကောက်ခံရရှိသော ဓာတ်အားယူနစ် (လက်ခံအသုံးပြုသော ဓာတ်အားယူနစ်) နှစ်ခု ခြားနားချက်ကို ပျောက်ဆုံးမှုဟု ခေါ်ပါသည်။ထင်သာမြင်သာအောင်ပြောရပါက ဆည်တစ်ခု၏ မြောင်းလက်တံမှ ရေဂါလန် တစ်သန်းလွှတ်လိုက်ပါက စိုက်ပျိုးလယ်ကွင်းများအရောက်တွင် ရေဂါလန် ကိုးသိန်းသာရှိပါက ဂါလန်တစ်သိန်းသည် ပျောက်ဆုံးမှုဖြစ်ပါသည်။ မြောင်းလက်တံတွင် နေပူခြင်း၊ မြေကြီးအတွင်း စိမ့်ဝင်ခြင်း၊ လမ်းမှ ဖြတ်ဖောက်ယူခြင်းများသည် ပျောက်ဆုံးမှု ဖြစ်ပါသည်။ ဓာတ်အားခွဲရုံ တစ်ခုမှ မြို့တစ်မြို့သို့ ဓာတ်အားယူနစ် တစ်သန်းပို့လွှတ်ပြီး ဓာတ်အားယူနစ် ကိုးသိန်းသာ လက်ခံသုံးစွဲရရှိပါက ယူနစ်တစ်သိန်း ပျောက်ဆုံးမှုဖြစ်ပြီး ၄င်းကို ဓာတ်အားပျောက်ဆုံးမှု Losses ၁၀ရာခိုင်နှုန်းရှိသည်ဟု သတ်မှတ်ပါသည်။

မေး။ ရေလွှတ်မြောင်းက ရေတွေပျောက်ဆုံးတာရှင်းပါတယ်။ ဓာတ်အားတွေ ပျောက်ဆုံးသွားတာကတော့ ဘယ်လိုနည်းနဲ့ ပျောက်ဆုံးတယ်ဆိုတာရှင်းပြပေးပါ။

ဖြေ။ ဓာတ်အားတွေ ပျောက်ဆုံးမှုက နှစ်မျိုးပဲရှိပါတယ်။ နည်းပညာပိုင်းဆိုင်ရာ ပျောက်ဆုံးမှု (Technical Losses)နှင့် နည်းပညာပိုင်းဆိုင်ရာ မဟုတ်သော ပျောက်ဆုံးမှု (Non Technical Losses)တို့ ဖြစ်ပါတယ်။ Technical Losses ကတော့ လျှပ်စစ်ဓာတ်အားဖြတ်သန်းစီးဆင်းတဲ့ ဓာတ်အားလိုင်းတွေ၊ ဓာတ်အားခွဲရုံတွေ စက်ပစ္စည်းများအတွင်း ပျောက်ဆုံးသွားမှုကို ခေါ်ဆိုပါတယ်။ Non Technical Losses ကတော့ တရားမဝင်ဓာတ်အားသုံးစွဲမှုတွေ၊ ဓာတ်အားလိုင်းကြိုးများနဲ့ သစ်ပင်သစ်ကိုင်းများ ထိနေမှုတွေ၊ မီတာဖတ်မှု မမှန်ခြင်းတွေကြောင့် ပျောက်ဆုံးသွားမှုကို ခေါ်ဆိုပါတယ်။

မေး။ ဓာတ်အားလိုင်းကြိုးတွေပေါ်မှာ ဘာကြောင့်ဓာတ်အားပျောက်ဆုံးသွားရပါသလဲ။

ဖြေ။ ဓာတ်အားလိုင်းကြိုးတွေကို ကြေးကြိုး၊ အလူမီနီယမ်ကြိုးတွေနဲ့ ဆွဲသားထားခြင်းဖြစ်ပါတယ်။ သတ္တုပစ္စည်းတွေမှာ ခုခံမှုကိန်းဂဏန်းတွေ မူလကတည်းက ပါရှိထားပြီးဖြစ်ပါတယ်။ အဲဒီခုခံမှု ကိန်းတွေရှိတဲ့အတွက် ကြေးကြိုး၊ အလူမီနီယမ်ကြိုးတွေနဲ့ဆွဲထားတဲ့ ဓာတ်အားလိုင်းတွေပေါ်မှာ လျှပ်စီးကြောင်းတွေ စီးဆင်းတဲ့အခါမှာ အပူစွမ်းအင်အဖြစ် ပြောင်းလဲပြီးတော့ ဓာတ်အားပျောက်ဆုံးမှုတွေ ဖြစ်ပေါ်လာပါတယ်။

မေး။ ထရန်စဖော်မာတွေကြောင့်လည်း ဓာတ်အားပျောက်ဆုံးမှု ရှိတယ်လို့ ပြောတယ်နော်။ ဘယ်လို ပျောက်ဆုံးတယ်ဆိုတာ ရှင်းပြပါဦး။

ဖြေ။ ထရန်စဖော်မာ တစ်လုံးတည်ဆောက်တဲ့အခါမှာ သံပြား(Core ပြား)၊ ကွိုင်ကြိုး၊ Insulation၊ စက္ကူနှင့် ဆီတွေပါရှိရပါတယ်။ အဲဒီပစ္စည်းတွေရဲ့ အမျိုးအစား၊ အရည်အသွေးကောင်းမွန်မှုပေါ် မူတည်ပြီး ထရန်စဖော်မာအတွင်း ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပေါ်ပါတယ်။ ဆီအရည်အသွေးညံ့ဖျင်းမှု၊ Insulation၊ စက္ကူအမျိုးအစားညံ့ဖျင်းမှု၊ ကွိုင်ကြိုးအရည်အသွေးညံ့ဖျင်းမှု၊ သံပြား(Core ပြား) တွေရဲ့ အရည်အသွေးညံ့ဖျင်းမှုတွေကြောင့် ထရန်စဖော်မာအတွင်းမှာ ဓာတ်အားပျောက်ဆုံးမှု ဖြစ်ပေါ်ပါတယ်။ ၁၀၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံးသည် ဓာတ်အားမသုံးစွဲဘဲ (No Load Losses) ၅၀၀ ဝပ်ရှိပါတယ်။

စာမျက်နှာ ၇ သို့ » »

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ
(ဦးထွန်းလှ)-ဒေါ်ညွန့်ညွန့်ရင်တို့၏သား
ဗိုလ်ကြီးမျိုးထွန်းထွန်းလင်း
M.B.,B.S(D.S.M.A)
Final year(M.Med.Sc Paediatrics)
နှင့်
ရန်ကုန်မြို့နေ
(ဗိုလ်မှူးအောင်ညွန့်)-ဒေါ်မြမြစန်းတို့၏သမီး
မမေစုအောင်
B.Sc(Chemistry)
Master of public Policy
National Graduate Institute for Policy Studies(GRIPS), Japan
ဦးစီးအရာရှိ (အကောက်ခွန်ဦးစီးဌာန)

တို့၏ ၂၀-၁-၂၀၁၄ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးမျိုးမြင့်၊ ၂၅-၁-၂၀၁၄ ရက်တွင် အင်းတကော် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ၂-၂-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel (Grand Ballroom)၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီးသန်းညွန့်(ငြိမ်း)နှင့်ဇနီး ဒေါ်ယဉ်ယဉ်ရွှေ၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ပါမောက္ခချုပ် ဗိုလ်မှူးကြီးခင်ဇော်(ငြိမ်း)နှင့်ဇနီး၊ အမှတ်(၁)တပ်မတော် သားဖွားမီးယပ်နှင့် ကလေးဆေးရုံ (ခုတင် ၃၀၀) တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးကေသီထွန်း၊ မင်္ဂလာလက်ထပ်လက်စွပ် ချီးမြှင့်ပေးပါသော အကောက်ခွန်ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့်ဇနီး ဒေါ်ဖြူဖြူလှိုင်၊ မင်္ဂလာပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ကလေးကျန်းမာရေးဌာနမှ ပါမောက္ခ၊ ဌာနမှူး၊ ပါရဂူများ၊ အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ဂုဏ်သရေရှိညှော်သည်တော်များနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဒေါ်ရီရီသန့်၊ The Aces တေးဂီတအဖွဲ့နှင့်အဆိုတော်များ၊ မင်္ဂလာပန်းများကြဲဖြန့်ပေးပါသော ဒေါက်တာခင်သန္တာအောင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ကိုင်ဆောင်ပေးပါသော အကောက်ခွန်မှူး မသန်းသန်းစိုး၊ မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မဟေမာအောင်၊ သတို့သားအရံများအဖြစ် ကူညီပေးပါသော ဗိုလ်ကြီးလေးမောင်မောင်နှင့် ဗိုလ်ကြီးမင်းအောင်ဝင်း၊ သတို့သမီးအရံများအဖြစ် ကူညီပေးပါသော အကောက်ခွန်မှူး မအိမွန်မျိုး၊ အကောက်ခွန်မှူး ဆုဝေနှင်းတို့အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင် မေဦး၊ မင်္ဂလာဝတ်စုံနှင့် Dinner ဝတ်စုံများအား ဖန်တီးပေးပါသော ဒီဇိုင်နာကိုပြည်စိုးအောင်၊ မသန္တာ၊ Pre wedding Photo များ ရိုက်ကူးပေးပါသော Foreverနှင့်အဖွဲ့၊ မင်္ဂလာညှော်ခံပွဲနှင့် ညစာစားပွဲအခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယိုများ ရိုက်ကူးပေးပါသော ကိုပီတာနှင့်အဖွဲ့၊ ပန်းအလှဆင် လင်းလင်း၊ မေတ္တာဖြင့်ကူညီပေးပါသော ဒီဇိုင်နာ ကိုမျိုးကျော်အောင်နှင့် Three brothers မှ ကိုအောင်ကြည်အဖွဲ့၊ မမိုးဖြူ(ကုလားအုတ်ဖိနပ်)၊ Sedona Hotel မှ မန်နေဂျာ မလီလီနှင့်ဝန်ထမ်းများ၊ ၂-၂-၂၀၁၄ ရက်တွင် Yangon Sailing Club၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဌာနဆိုင်ရာများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ သူငယ်ချင်းများ၊ ကုန်းမြင့်သာစားတော်ဆက်မှ မန်နေဂျာနှင့်ဝန်ထမ်းများ လူကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ကြပါသော လူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးထွန်းထွန်းလင်း-မမေစုအောင်

ကျေးဇူးအထူးတင်ရှိခြင်း

၂၅-၁-၂၀၁၄ ရက်တွင် သန်လျင်မြို့ ငါးပါးသခင် ဒါရိုက်ဂါတော်မှ ဦးစီးကျင်းပပြုလုပ်သည့် မဟာတမန်တော်နေ့ အခမ်းအနားကြီးသို့ ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးနှင့်သာသနာရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ သန်လျင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလွင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ် မဲဆန္ဒနယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်း၊ သန်လျင်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဦးမြင့်ဦး၊ အကယ်ဒမီ အောင်ကြည်ထွန်း (ဗိုလ်မှူးကြီး-ငြိမ်း)၊ သဝန်လွှာများပေးပို့သော ဘာသာအသီးသီးမှ ဆရာတော်ကြီးများ၊ ဤအခမ်းအနားဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးပါသော ဟာဂျီဦးအောင်ထွေး (ကိုင်ရိုအပ်ချုပ်ဆိုင်)၊ ဇဖရ်ရှားဒါရ်ဂါတော်ကြီးကြပ်ရေးကော်မတီ ဟာဂျီ ဦးကျော်ခင်၊ ပဲခူးဒါရ်ဂါမှ ဟာဂျီဦးတင်စိုး၊ တရားဒေသနာဟောကြားပေးပါသော ဓမ္မကထိက အလ်ဟာဂျ် ဆရာဦးအေးလွင်၊ ခရိုင်သာသန နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးသိန်းဇော်လေး၊ သန်လျင်မြို့နယ်၊ ကြက်ခြေနီ ဒု-တပ်ရင်းမှူး ဦးနေလင်းထွန်းနှင့်အဖွဲ့ သာသနာ့အလံတင်အခမ်းအနားတွင် တရားရေအေး တိုက်ကျွေးပေးပါသော ဒေါက်တာဆောင်းလွင်အောင်၊ ဇဖရ်ရှားဒါရ်ဂါဗလီ ရှေ့ဆောင်ဆရာ အလ်ဟာဂျ် ဦးအောင်အေးကျော်၊ ဒါရ်ဂါရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကျော်စွာမိုးနှင့်အဖွဲ့၊ အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးမောင်မြင့်နှင့်အဖွဲ့၊ ဒါရ်ဂါရပ်ကွက် အရန်မီးသတ်တပ်ခွဲမှူး ဦးကျင်ထွန်းနှင့်အဖွဲ့အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ဤအခမ်းအနားကြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် K.A.F.T.G. ယရာနာဘင်ခရာအဖွဲ့အားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးကြပါသော နာယကကြီးများ၊ ဧည့်ခံကျွေးမွေးကူညီပေးကြပါသော ပုဂ္ဂိုလ်များအားလုံး၊ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ဧည့်ပရိသတ်အပေါင်းတို့နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

မဟာတမန်တော်နေ့ ကျင်းပရေးဗဟိုကော်မတီ
၂၀၁၄၊ ငါးပါးသခင်ဒါရ်ဂါတော်၊ သန်လျင်မြို့။

ဝယ်လိုသည်

ဒဂုံအရှေ့ပိုင်း၊တောင်ပိုင်း၊ ဆိပ်ကမ်းရှိ မြေကွက်များ အထူးဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၂၅၄၁၁၇၅၈၂

ပျောက်ဆုံး

ဒလမြို့နေဦးစိုးသိန်း(ဘ)ဦးကျော်တင် [၁၂/တမန(နိုင်)၀၂၂၇၇၇]၏ ပတ်စပို့ အမှတ်(MA.125717)ပျောက်ဆုံးသွားပါကြောင်း။ **ဖုန်း-၀၉-၇၃၁၈၉၇၉၉**



တိုက်ခန်းငှားရန်

ပေ(၁၂½×၅၀)၊ ဗားဂရာလမ်း၊ ကျွန်းတောလမ်းထိပ်၊ စမ်းချောင်းမြို့နယ်။

ဖုန်း-၀၉-၅၄၀၁၀၆၀

ရောင်းမည်

အသုံးပြုပြီးသော ရေပေါ်ခုံ (ရုရှား) အောဂီယာ။

ဖုန်း-၀၄၄-၂၁၂၀၄

အထူးလျှော့ဈေး

Valentine Spring Mattress မှ Spring မွေ့ရာများကို ၃၀%နှင့် အခြားပစ္စည်းများကို ၁၀% Discount ဖြင့် ၉-၂-၁၄ ရက်မှ ၂၀-၂-၁၄ ရက်ထိ အထူးလျှော့ဈေးဖြင့် ရောင်းချပေးနေပါပြီ။

လိပ်စာ-၄၉၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။	ဖုန်း-၅၅၉၇၈၀၊ ၅၄၀၀၆၁၊ ၀၉-၇၃၀၉၃၈၃၇၊ ၂၅၄၆၇၃
မန္တလေး	ဖုန်း-၀၂-၆၀၄၅၈၊ ၀၉-၂၀၁၅၈၆၅

IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | WEB DESIGN | PROGRAMMING

MOBILE PHONE Software + Hardware | LCCI I-II & MYOB | Desktop Publishing | Service Technician | GRAPHIC DESIGN

HOT LINE - 0949290778, 383893, 253293 30% OFF

Family Fun Fair Group မှ ပန်းချီဝါသနာရှင်များ ဖိတ်ခေါ်ခြင်း

၂၀၁၄ မေ ၁၁ ရက်နေ့တွင် ကျင်းပမည့် Family Fun Fair Group ၏တတိယအကြိမ်မြောက် ပန်းချီပြိုင်ပွဲကို MCC ခန်းမတွင် ပြုလုပ်ပါမည်။ ၅နှစ် မှ ၇နှစ် (ပုံဆွဲပြိုင်ပွဲ) ၇နှစ် မှ ၁၀နှစ် (ပုံဆွဲပြိုင်ပွဲ) ၁၀နှစ် မှ ၁၄နှစ် (ရေဆေးပန်းချီပြိုင်ပွဲ)။ ယှဉ်ပြိုင်မည့်ကလေးများ မိမိအသုံးပြုမည့် ရောင်စုံခဲတံ၊ ရေဆေးများ မိမိယူဆောင်လာပါရန်။ ယှဉ်ပြိုင်လိုသည့်ကလေးများ အောက်ပါအတိုင်း Phone No. များသို့ Message ပေးပို့ရမည်ဖြစ်ပါသည်။ ဥပမာ **Message ပေးပို့ရမည့်ပုံစံ– မစင်သီယာ၊ ၆နှစ်(၁၁.၅.၂၀၀၈) ILBC.** Phone No. နှင့် Message ပို့ပြီးပါက သက်ဆိုင်ရာမှ Register No. ပြန်လည်ပေးပို့ပေးပါမည်။ **Register No.ပြန်လည်ပေးပို့မည့်ပုံစံ– Cinteya, Group B,(B 001)** မိမိ၏ Register No. ဖြင့် မေလ ၁၁ ရက်နေ့တွင် ကျင်းပမည့် ပန်းချီပြိုင်ပွဲသို့တိုက်ရိုက်ဝင်ရောက်ပါဝင်နိုင်ပါသည်။ အသက်အရွယ်အလိုက် Message ပို့ရမည့် Phone No. များ– Group B အသက် ၅ နှစ် မှ ၇ နှစ်၊ Phone No. 09 421143211, 09 450034163

Group C အသက် ၇ နှစ် မှ ၁၀ နှစ်၊ Phone No. 09 420081005, 0973013513

Group D အသက် ၁၀ နှစ် မှ ၁၄ နှစ်၊ Phone No. 09 5406320, 09 440003860

ပြန်လည်ပေးပို့သည့် Register No. နှင့် အမည်မတူညီပါက ဝင်ရောက်ယှဉ်ပြိုင်၍မရပါ။ Register No. မရှိပါက ပြိုင်ပွဲဝင်ရန်အကျုံးမဝင်ပါ။ လူဦးရေကန့်သတ်ထားပါသဖြင့် မတ်လ(၁၀)ရက်နေ့ နောက်ဆုံးထားပေးစေလိုပါသည်။

Chin World အပတ်စဉ် သတင်းစာကို ချင်းသတင်းကဏ္ဍစုံလင်စွာဖြင့် ထုတ်ဝေလိုက်ပါပြီ။ ကြော်ငြာများထည့်သွင်းနိုင်ပြီး ဂျာနယ်ကို အိမ်အရောက် ဝန်ဆောင်မှုဖြင့် မှာယူဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၀၁၈၆၇၈၂၊ ၀၉-၄၃၁၁၄၇၅၇၊ ၀၉-၃၁၆၇၂၈၉၇၊ ၀၉-၃၃၄၉၇၀၃၄

ခုနှစ်စဉ်ကြယ်တာပေ

စိတြအာရ မိုးစက်ဝိုင်း

သမုဒယစံအိမ်

CCTV

ရန်ကုန်စက်မှုတက္ကသိုလ်(R.I.T)
(လျှပ်စစ်စွမ်းအားနှင့်လျှပ်စစ်ဆက်သွယ်ရေး)
အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း

၁၉၆၈-၆၉ ပညာသင်ကျောင်းဝင်နှစ် EP/EC ကျောင်းသူ၊ ကျောင်းသားများ၏ ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ဒုတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲ ပြုလုပ်ကြမည်ဖြစ်ပါ၍ အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်၍ ကန်တော့ငွေများ ထည့်ဝင်စီစဉ်နိုင်ကြပါကြောင်း အသိပေးအပ်ပါသည်။

၁။ ဦးခင်မောင်ဝင်း(၆၈) ၀၉-၇၃၁၃၈၂၂၆
၂။ ဦးမြင့်အုန်း(၆၈) ၀၉-၄၂၀၀၂၁၁၉၈
၃။ ဦးသန်းဆွေ(၆၉) ၀၉-၅၀၃၉၃၄၄
၄။ ဦးမြင့်သိန်း(၆၉) ၀၉-၅၀၁၀၈၇၅
၅။ ဒေါ်သန်းသန်းဝင်း(၆၉) ၀၉-၇၃၀၅၉၀၇၂

ကျင်းပမည့်ရက် - ၁-၃-၂၀၁၄ ရက်
ကျင်းပမည့်အချိန် - နံနက် ၉ နာရီ
ကျင်းပမည့်နေရာ - ပြူကုန်းကျောင်းတိုက် ၊မဟာသုခိတာလမ်းဆုံ၊ ကြို့ကုန်းမှတ်တိုင်၊ အရှေ့ကြို့ကုန်း။

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းရှင်များနှင့် ရောင်း/ဝယ်/ပေါင်နှံလိုသူများ လက်ကိုင်ထားရမည့်

အကျိုးရှိအောင်

အကျိုးဆောင်

ဂျာနယ်တို့ဖတ်ရှုကြပါ

City Mart များတွင်လည်း ရရှိနိုင်ပါသည်

Ph : 01-387127, 375537

ဖေဖော်ဝါရီ(၉) ရက်၊ တနင်္ဂနွေနေ့

www.ahkyosaungjournal.com

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များဝယ်လိုသည်။

09 31589922
09 31268183

ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

မ/ဒဂုံ၊၄၁ရပ်ကွက်၊(၄၀×၆၀)ပေ၊ လမ်းမကြီးပေါ်ထောင့်ကွက်၊ 1BN၊ ရေမီးစုံ၊ ဂရန်။ (ဦးဝိစာရလမ်းမနှင့်လည်း အလွန်နီး၊ နေရာကောင်း) အရှုပ်အရှင်းကင်း၊ ဦးရာလူရမည်။

ဈေးနှုန်း (သိန်း ၁၈၅၀)

ဖုန်း-၀၉-၃၁၃၀၅၇၅၀၊ ၀၉-၇၃၂၃၅၁၈၈

1	11.2.14 မှ 17.2.14	3	17.2.14 မှ 23.2.14	
2	14.2.14 မှ 20.2.14	4	20.2.14 မှ 26.2.14	

ROYAL SUN 01-212651, 09-49308462

MIC
Myanmar Imperial College

နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Diploma ၊Bachelor နှင့် MBA ရယူလိုသူများအတွက်

- Diploma in Business (HND)
- Diploma in Media & Marketing (HND)
- Bachelor of Business

STUDY UK-MBA in Myanmar

MBA

edexcel
Approved Centre No. 93679

အမှတ်(၆၂)(C) အင်းလျားလမ်း၊ကမာရွတ်၊ရန်ကုန်။ 0973210001 /537562

ဓိဘနဲ့ကလေးအကြားမှာရှိနေတဲ့
ပြဿနာတွေကို ဖြေရှင်းပေးထားတဲ့

တင့်ခိုင် ထွက်ပြီ

ကလေးနဲ့အိမ် အိမ်နဲ့ကလေး

(၈) ထပ်တိုက် တစ်ဦးတည်းငှားမည်၊

ပေ ၄၀ × ပေ ၆၀ ၊ ကြိုးဖုန်း (၃)လုံးပါ၊

(မြေညီ၊ပထပ်၊ဒုထပ်Hall)၊ စ လွှာ(Hall)၊

စီးရောင်းလမ်း၊မစီးပွားရေးလုပ်ရန်

ကောင်းသောနေရာ၊စမ်းချောင်းမြို့နယ်၊

ဆက်သွယ်ရန် - 09-5122498
09-5044191

KMD Since 1986 Computer Centre

Quality Management System ISO 9001:2008 ထောက်ခံချက်ရ

University of Greenwich(UK) ၏ ပထမနှစ်ကွန်ပျူတာ Diploma သင်တန်း

တက္ကသိုလ်ဝင်တန်း ဖြေဆို/အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး

NCC(UK) မှပေးအပ်သော Diploma ရယူနိုင်သော **အခွင့်အရေး**

First Year >>> Second Year >>> B.Sc(Hons)BIT

17-2-2014 (Mon To Fri) 11:30 a.m to 3:00 p.m

Opening Date

အမှတ်၃၃၁၊ပြည်လမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်။ဖုန်း-၅၂၇၄၃၆၊၅၃၄၃၇၀၊၅၀၂၂၃၃/ အမှတ်၉၀၊လှည်းတန်းလမ်း၊လမ်းမတော်။ဖုန်း-၂၂၀၅၅၅၊၂၃၀၃၀၀၀

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

Myanmar Microfinance Bank (မြန်မာအသေးစားငွေရေး ကြေးရေးဘဏ်)ပါရမီဘဏ်ခွဲကို ၂-၂-၂၀၁၄ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Kaytumadi Co.,Ltd
Central Cooperative Society
Citizen Business Insurance Public Co.,Ltd
New Star Gems & Jewellery
Hein Si Group of Companies
Asia Myint Co.,Ltd
Gold Fuji Co.,Ltd
EVA Co.,Ltd
Star Tek Co.,Ltd

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆-F)၊ မြေကွက်အမှတ်(၉၁-N/၂)+(၉၉-G/၅)၊ အကျယ်အဝန်း(၀. ၂၄၆)ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြားရပ်ကွက်၊ ဦးအောင်ကိန်းလမ်း၊ အမှတ်(၉၁-N/၂)ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများ၏ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးအောင်ဇော်ဝင်း[၁၂/တမန(နိုင်)၀၆၈၇၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူမည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း(စဉ်-၆၃၀၇)
တရားလွှတ်တော်ရှေ့နေ
တိုက်(၃၂)၊ အခန်း(၁၀)၊ ဒုတိယထပ်၊ (၂၃)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၆၅-ရပ်ကွက်၊ ရောဝတီလမ်း၊ Tosta အိမ်ရာစီမံကိန်း၊ တိုက်အမှတ်(ဘီ/၁)၊ အခန်းအမှတ်(၂၀၁)နှင့်စပ်လျဉ်းသည့်ကိစ္စ

အထက်ပါတိုက်ခန်း၏အမည်ပေါက် ဦးကိုကိုထွေး [၉/မရတ(နိုင်)၀၀၄၄၇၄]၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ခင်လှ[၇/ကတခ(နိုင်)၀၀၁၄၁၅]က ဒေါ်စန်းစန်းမော်[၁၃/တကန(နိုင်)၀၈၄၇၇၈]အား ၁၁-၁၀-၂၀၀၆ ရက် တိုက်ခန်းအကျိုးခံစားခွင့်လွှဲပြောင်းပေးခြင်းစာချုပ်ဖြင့် လွှဲအပ်ခဲ့၍ ပိုင်ဆိုင်မှုစာချုပ်စာတမ်းများနှင့်တကွ နေအိမ်တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်သည်ဟုအဆိုရှိသူ ဒေါ်စန်းစန်းမော်က လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ဇော်မြတ်(LL.B)	**ဒေါ်စုသန္တာဝင်း(LL.B,LL.M)**
စဉ်-၈၅၀၉	**စဉ်-၃၅၂၉၇**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**

အမှတ်(၅၅)၊ ဒုထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၅၄၁၂၇၅၂၊ ၀၉-၄၃၀၃၁၁၅၀

Ponnami Language Centre

18 Aung Zeya Road, Kyauk Kone, Yankin
Ph: 566061, 653223, 09 50 16378, 09 2541 93088

Daw Ponnami Kyaw
MA(American University)
BA(Eng)Hons.
Certificate in
TESOL (American University)
Specialist Certificate in
Language Curriculum And
Materials Development
(RELC, S'pore)

Can Enroll now

Summer Classes
&
Preparatory Classes
for
Starters, Movers
and Flyers

"Only a few seats left."

Starting Date: 6th March

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd. တွင် အသုံးပြုရန်အတွက် Prime 500 KVA Soundproof Generator Set with Synchronizing Panel (2) Set အား တင်ဒါ ခေါ်ယူလိုပါသည်။

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင်လာရောက် စုံစမ်းနိုင်ပါသည်။

Myanmar ICT Development Corp., Ltd. (MICT Park)၊
တက္ကသိုလ်များ၊ လှိုင်နယ်မြေ၊ရန်ကုန်မြို့။
ဖုန်း ၀၁-၆၅၂၂၇၂-၇၃-၇၄-၇၈-၇၉ Fax: ၀၁-၆၅၂၂၇၅

တရုတ်စာနွေရာသီသင်တန်း

ကလေးငယ်များနှင့် (၁၀)တန်းပြီးသောသူများ ရုံးဝန်ထမ်းများအတွက် တရုတ်စကား အဓိကပြောကြား၍ တရုတ်စာ(4)Skills သင်ကြားပေးသော နွေရာသီသင်တန်းအတွက် ကျောင်းသားများ လက်ခံနေပါပြီ။

ဖုန်း-၀၉-၄၅၀၀၆၂၂၄၈

ဖခင်အမည်မှန်

နမ္မတီး အထက၊ အဋ္ဌမတန်း (A)မှ မအင်သရား၏ ဖခင်အမည်မှန်မှာ ဦးဂီရီဒါရီ ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(B)မှ မောင်ငစိန်ထဘုန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးငစင်ထဒီး[၁/မကန(နိုင်)၁၆၇၃၆၄] ဖြစ်ပါသည်။

အမည်မှန်

ဦးငစင်ထဒီး၏သား မြစ်ကြီးနားမြို့၊ အထက(၃)၊ အဋ္ဌမတန်း(B)မှ မောင်ငစိန်ထဘုန်းအောင်၏အမည်မှန်မှာ မောင်ငစင်ထဘုန်းအောင် ဖြစ်ပါသည်။

ပျောက်ဆုံးကြောင်း

ကျွန်မ မစိုးစိုးအောင် [၁/ဝမန(နိုင်)၀၅၆၃၇၉]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၆၀၃၂၆**

သထုံမြို့၊ မူလမင်းကွန်း ဇေတဝန် ကမ္မဋ္ဌာန်းကျောင်းတိုက် နှစ် (၁၀၀) ပြည့် အထိမ်းအမှတ်ပူဇော်ပွဲ နိုးဆော်လွှာ

၁။ ကျေးဇူးတော်ရှင် မူလမင်းကွန်းဇေတဝန် ဆရာတော်ကြီး တည်ထောင်သာသနာပြုတော်မူခဲ့သော သထုံမြို့ ရှိ မူလမင်းကွန်း ဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီးသည် လာမည့် ၁၃၇၆- ခုနှစ်တွင် နှစ် (၁၀၀) ပြည့်မည်ဖြစ်ပါ၍ တိုက်တည်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲကြီးကို ၁၃၇၆-ခုနှစ်၊တပို့တွဲလဆန်း ၅-ရက် (၂၄-၁-၂၀၁၅) တွင် ကျင်းပ ကြပါမည်။

၂။ ၁၃၇၅ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀) ရက် (၂၅-၃-၂၀၁၄) အင်္ဂါနေ့တွင်မူလမင်းကွန်း ဇေတဝန် ဆရာတော်ကြီး၏ နိဗ္ဗာန်စံတော်မူပြီးများ ဖြစ်သော ဆဋ္ဌသင်္ဂီတိ ပုစ္ဆက မဟာစည် ဆရာတော်ကြီး၊ တောင်ပုလုဆရာတော် ကြီး၊ တောင်စွန်းရွှေဂူဆရာတော်ကြီး၊ ပထမဦးဆုံး ဝိသုဒ္ဓိနယရေ ဘွဲ့တော်ရ ရန်ကုန် နဝဒေးလမ်းဝ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ပညာသာရ၊ မူလမင်းကွန်း ဇေတဝန် ဒုတိယဆရာတော်ကြီး စသော ကမ္ဘာ့သာသနာပြု ဆရာတော်ကြီးများ သီတင်းသုံး အားထုတ်ခဲ့ရာ ဤကျောင်း တိုက်ကြီး၏ တိုက်တည်ရာပြည့် အထိမ်းအမှတ် ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းမည် ဖြစ်ပါ၍ မူလမင်းကွန်းဇေတဝန် ဆရာတော်ကြီး၏ ပြဝါဒခံ အဆက်အနွယ်တပည့် အပေါင်းတို့နေဖြင့် သင့်လျော်ရာ ကဏ္ဍမှ ပါဝင်နိုင်ကြပါရန် အသိပေး နိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- အရှင်မဏ္ဍလ-၀၅၇-၄၀၈၉၃၀၉- ၇၃၁၄၉၇၃၈၊ ဒိုလ်မှူးမြင့်အောင်-၀၉-၄၂၀၉၀၂၄၅ ဒေါက်တာမြင့်ရှိ-၀၅၇-၄၀၁၁၇၀၉- ၈၇၂၈၇၆၊ ဒေါက်တာဒေါ်ဌေးနွယ်-၀၁-၅၀၁၅၇၉၉၊ ၀၉-၅၁၀၇၄၇၆၊ ဒေါက်တာခင်သက်ဝေ-၀၁-၅၇၇၉၃၄၊ ၀၉-၅၁၆၄၆၇၄ ဒေါ်စိုးစိုးနွယ် -၀၁-၅၇၈၀၂၈၊ ၀၉-၅၁၂၂၈၇၅

ဒါယကာ၊ ဒါယိကာမများ မူလမင်းကွန်းဇေတဝန်ကမ္မဋ္ဌာန်းကျောင်းတိုက် ၊သထုံမြို့နယ်၊ မွန်ပြည်နယ်။

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး

နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ဂုဏ်ပြုဆုပေးပွဲကို ၁၆-၂-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၉း၃၀နာရီတွင် ဗဟန်းမြို့နယ်၊ အာဇာနည်လမ်း၊တိစန္ဒဝိဟာရ စင်ကာပူကျောင်းသစ်တွင် ကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် လက်ပံတန်းမြို့နယ်သူ/သားများ၊ အသက်(၇၅)နှစ်နှင့် အထက် ကန်တော့ခံပုဂ္ဂိုလ်များနှင့် ဂုဏ်ပြုခံပုဂ္ဂိုလ်များ ကြွရောက်ကြပါရန်နှင့် ၂၀၁၃ခုနှစ်မတ်လတွင် ကျင်းပသည့်တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသူ၊ ကျောင်းသားများနှင့်ပါဝင်လှူဒါန်းလိုသူများသည် ဦးအောင်သိန်း ၀၉-၄၂၁၁၁၁၆၀၂၊ ဒေါ်ခင်မျိုးသိန်း ၀၉-၃၁၂၉၂၅၀၈၊ ဒေါ်သန်းသန်းမြင့် ၀၁-၅၁၉၉၂၅နှင့် ဒေါ်ခင်နွဲ့ ၀၉-၇၃၀၉၄၂၀၃တို့ထံ ဆက်သွယ်လှူဒါန်းကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကျေးဇူးဆပ်ပါမည်

ကျွန်မ မမော်မော်သိန်း[၁၂/သဃက(နိုင်)၁၃၇၈၈၁]၏ နိုင်ငံကူးလက်မှတ် PP-667848သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပါက ကျေးဇူးဆပ်ပါမည်။ **မမော်မော်သိန်း ဖုန်း-၀၉-၃၁၄၀၁၂၀၅**

NAING Group Construction Co., Ltd. မှ

Precast Concrete Products Manufacturing Plant တည်ဆောက်ခြင်းနှင့်ပတ်သက်သည့်

လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ၈.၂.၂၀၁၄ (စနေနေ့)

Amara Hotel, Nay Pyi Taw တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့်

ရှေ့လုပ်ငန်းများလည်း ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် -

- **ဦးအိုက်ထွန်း** *(Chairman)* *Shwe Taung Development Co., Ltd.*
- **ဦးနီ** *(Managing Director)* *Shwe Mi Industrial Co., Ltd.*
- **ဦးကျော်ခိုင်** *(Chairman (CEO))* *Myanmar Ahla Construction Group*
- **ဦးအောင်သိန်း** *(Managing Director)* *Aung Thiha Co., Ltd.*
- **ဦးအေးသောင်း** *(Director)* *Comet Co., Ltd.*
- **ဦးမောင်မောင်ကြီး** *(Managing Director)* *Maung Maung Gyi Construction & Trading Co., Ltd.*
- **ဦးရွှေကြိုင်** *(Chairman)* *Wah Wah Win International Co., Ltd.*
- **ဦးတင်လတ်** *(Managing Director)* *Sein Diamond Industrial & Commercial Co., Ltd.*
- **ဦးရှိန်ဝင်း** *(Chairman)* *Tet Lann Construction Co., Ltd.*
- **ဦးမောင်မောင်ဝင်း** *(Managing Director)* *Sein Gay Har Co., Ltd.*

SPT အရောင်း

ခြံကျယ် 60'x60'အုတ်စည်းရိုးခတ် 1 BN (40'x40')Hall ရေ+မီး ပန်းဥယျာဉ်လမ်း၊ ပခုက္ကူကျောင်းတိုက်ရှေ့၊ ဘိုးဘွားမြေ အရပ်စာချုပ် (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ၈-မိုင်။(ညှိနှိုင်းဈေးနှုန်း) **ဖုန်း-၀၉-၅၁၅၅၀၀၁၊ ၀၉-၃၁၃၅၇၃၂၇**

SPT အရောင်း

ခြံကျယ် (120' x 180')ဗိုလ်မှူးဗထူးလမ်းမပေါ်၊ 1 PT ရေ+မီး (၅)ရပ်ကွက်၊ မရမ်းကုန်း။ ၈-မိုင်၊ ဘိုးဘွားမြေ၊ အရပ်စာချုပ်။ **(ညှိနှိုင်းဈေး)**

ဖုန်း-၀၉-၅၁၅၅၀၀၁၊၀၉-၃၁၃၅၇၃၂၇

SPT အရောင်း

ကျန်စစ်သားလမ်းမကြီးမေးတင် ရွှေလင်ဗန်းတန်ဖိုးနည်းအိမ်ရာနှင့် ကပ်လျက်ခြံကျယ် 120' x75' အနောက်သီးသန့်မြေပိုအကျယ် 45' x45'၊ အရှေ့ဘက်လှည့် နှစ်၆၀၀ရန် 100'x 50' ဂိုဒေါင် Steel Structure (20'x50') ၂ထပ် RC ရုံးခန်း၊ Composite ဖြင့် အလှဆင် Land Scaping အုတ်ခြံစည်းရိုးခတ် သဲသွင်းမြေဖို့ပြီး ကားကြီးဝင်ပေါက်(၂)၊ကားလေးဝင်ပေါက် (၁)၊ကျယ်ဝန်းသော Car Parking ၊ ရပ်ကွက်(၂၃)၊ရွှေလင်ပန်းမြောက်၊ လှိုင်သာယာမြို့နယ်။ **(ညှိနှိုင်းဈေး)**

ဖုန်း-၀၉-၅၁၅၅၀၀၁၊ ၀၉-၄၃၁၇၇၁၉၆

SPT အရောင်း

ရန်ကုန်-ပုသိမ် အဝေးပြေးလမ်းမကြီးမေးတင် Asia World တိုးဂိတ် အနီး၊ တူးချောင်းကျေးရွာ၊ မြေသီးသန့် $1\frac{1}{2}$ ဧက၊ ရွှေပြည်တန် ဆန်စက်နှင့် ကပ်လျက်(အောင်ဖြိုးကျော်ဆီဆိုင်ရှေ့)(ဆန်းစပါး ကြိတ်ခွဲသိုလှောင် ဖြန့်ချိရေးလုပ်ငန်း ခွင့်ပြုမိန့်ကျ)

မှတ်ချက်။(1-ဧက လည်ရောင်းပါသည်။)(မေတ္တာလှိုင်း ၄-ဂိတ်ဆုံး)

ဖုန်း-၀၉-၅၁၅၅၀၀၁၊ ၀၉-၇၃၀၅၆၇၉၃၊ ၀၉-၄၃၁၇၇၁၉၆

ယခင် ၂၈လမ်းအလယ်မှ

SIAM ထိုင်းစတိုင်

စိန်ရတနာထည်လုပ်ငန်းကို အမှတ် ၆၄/၂၈ လမ်းအောက်သို့ ပြောင်းရွှေ့ဖွင့်ထားပါသည်။

0973238176,09-5020897, 09-450043457

အများသိစေရန်

ရန်ကုန်မြို့ ၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၁/တ၁၃)၊ မြေကွက်အမှတ်(၄၅)နှင့် မြေကွက်အမှတ်(၅၀) ဦးပိုင်အမှတ်(၄၅) မြေကွက်အမှတ်(1/G)ကို ... အသိပေးကြေညာအပ်ပါသည်။

ဤ္ဓအပ်ညွှန်ကြားချက်အရ -

ဦးဇော်ဝင်းထွန်း (စဉ်-၈၅၀) ၂ဦးအောင်နိုင် (စဉ်-၉၃၀၅) ဦးမူသာ (စဉ်-၇၈၃၆)

(တရားလွှတ်တော်ရှေ့နေများ) (အထက်တန်းရှေ့နေ)

"ဝင်းထက်" ဥပဒေလမ်းညွှန်နှင့်အထွေထွေအကျိုးဆောင်လုပ်ငန်း

အမှတ်-၁၀၀၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဟဲ ကားဒ်း

မျိုးဆုံ ၃၁၊ ရန် ရှိသည်

၄၅၊ ၃၃၊ ၂၅ ယောက်စီး

AC-Express၊ Saloon၊ Hi-Ace

မြစ်ခိမ်း မြန်မာ

09-49589762
09-49589764
09-421013999
09-421014999

ယတြာဆရာမ

- ဖြစ်ချင်တာတွေမဖြစ်သေးရင်
- မဖြစ်ချင်တာတွေဘဲဖြစ်နေတယ်ဆိုရင်
- အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါတယ်။
- ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

Full Auto

PH:09 731 99 410

09420035882, 73199257

ရောင်းမည်

၁။ ကမာရွတ်(၁)ရပ်ကွက်၊ရန်ကုန်အင်းစိန်လမ်းမပေါ်၊ ဆင်ရေတွင်းကားမှတ်တိုင်အနီး၊ ပေ(၁၅×၅၀)၊ တိုက်ခန်း(ထပ်ခိုးပါ)ဒုတိယထပ် (အပေါ်ဆုံးအထပ်)

၂။ မြေကွက် ပေ(၅၃×၅၈)ပေါ်ရှိ၊ လုံးချင်းတစ်ထပ်တိုက်၊ ရေမီးစုံ၊ အသင့်နေနိုင်၊ အင်းစိန်တန်းမြင့်ကျောင်းလမ်း(တောင်သူကုန်းလမ်းတို)၊ ရှမ်းကုန်းလမ်းသတ္တမနေ့ ဥပုသ်ဘုရားရှိခိုကျောင်းအနီး။

ဖုန်း-၀၁-၅၃၈၂၅၇၊ ၀၉-၂၅၀၃၆၈၇၅၂